ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှု ပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)

၁၃၈၃ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်၊ တနင်္လာနေ့။ Monday, 6 December 2021 ၁၀၅၇၉

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။
၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။
၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။
၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။
၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်ဩဝါဒါစရိယ၊ အင်းစိန်ရွာမ ဆရာတော်ဘုရားကြီးအား သွားရောက်ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း၊ ဗုဒ္ဓဘာသာ သာသနာတော်ထွန်းကားပြန့်ပွားရေးဆိုင်ရာများ တင်ပြလျှောက်ထား



နေပြည်တော် ဒီဇင်ဘာ ၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမောင်မောင်အုန်း၊ ဦးကိုကို၊ ဒေါက်တာသက်ခိုင်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်သို့ သွားရောက်၍ အင်းစိန်ရွာမဆရာတော်ဘုရားကြီးအား ဖူးမြော်ကြည်ညိုကာ စာသင်တိုက်ကြီးတွင် သီတင်းသုံးတော်မူလျက်ရှိသည့် ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များနှင့် စာသင်သားသံဃာတော်များအတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ လှူဒါန်းသည့် ဆန်၊ ဆီ၊ ဆားနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နိုင်ငံတော်ဩဝါဒါစရိယ၊ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ✪

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နိုင်ငံတော်ဩဝါဒါစရိယ၊ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ အင်းစိန်ရွာမဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ တိလောကာဘိဝံသထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

## ယနေ့ ဖတ်စရာ



**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဟောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ကြီး(ဟောင်း) ဦးတင်ဦး၊ ဗိုလ်ချုပ်ကြီး(ဟောင်း) ဦးခင်ညွန့်နှင့် စည်သူ ဗိုလ်ကလေးတင့်အောင်တို့အား သွားရောက်တွေ့ဆုံ၍ ကျန်းမာရေးဆိုင်ရာ အခြေအနေများ မေးမြန်း အားပေးစကား ပြောကြား** စာမျက်နှာ » ၃

**ငြင်းမရနိုင်သော သက်သေများ** စာမျက်နှာ » ၈

**အမေရိကန်နိုင်ငံ၏ ပြည်နယ် ၁၂ ခု၌ အိုမီခရွန် ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်မှုများ တွေ့ရှိ** စာမျက်နှာ » ၁၂

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး (၁၆) ရက်တာလှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနား

"အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ဖို့ ယခုပင်ဆောင်ရွက်စို့"

"Orange the world: End violence against women now!"

၂၅-၁၁-၂၀၂၁ နေပြည်တော်

ကြေးမုံ

# နိုင်ငံဖွံ့ဖြိုးရေး စာပေယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင်

မြန်မာနိုင်ငံ၏ရရှိလာသော လာဘ်အမျိုးမျိုးတွင် မြတ်စွာဘုရား၏ ဒေသနာတော်ဖြစ်သော ပိဋကတ်သုံးပုံကို ရရှိခြင်းသည် အလွန်ထူးကဲသောလာဘ်ဖြစ်ပါသည်။ ပုဂံခေတ်အစောပိုင်းကပင် ပိဋကတ်သုံးပုံအစုံအလင်ရောက်ရှိနေကြောင်း ခိုင်မာသောအထောက်အထားများရှိသည်။ မြန်မာများ(တိုင်းရင်းသားလူမျိုးပေါင်းစုံ)တို့ ပိဋကတ်သုံးပုံကို အခြေခံသည့် ၅၅၀ ဇာတ်တော်ယဉ်ကျေးမှုရရှိခြင်းသည် ပထမကံကောင်းခြင်းဖြစ်သည်။

ဇာတကယဉ်ကျေးမှုကို ကျောရိုးပြုသော ပျို့လင်္ကာစာပေရရှိလာခြင်းမှာ ဒုတိယကံကောင်းခြင်းဖြစ်သည်။ ရိုးသားဖြူစင်သော ရှေးရှေးကာလက လူသားများ၏ စိတ်နေစိတ်ထား၊ ဓလေ့ထုံးစံ၊ လူနေမှုဘဝ ကောင်းသောအခြင်းအရာများကို ဇာတကဝတ္ထုများမှတစ်ဆင့် ပျို့ကဗျာစာပေတို့တွင် တွေ့ရ၍ အများပြည်သူတို့ မှတ်သားလိုက်နာကျင့်ကြံလုပ်ကိုင်လာခြင်းသည် တတိယကံကောင်းခြင်းဖြစ်သည်။ ထိုသို့ စာပေမှကံကောင်းခြင်းကိုရရှိသည့် မြန်မာနိုင်ငံသည် အစဉ်အလာကြီးမားသောယဉ်ကျေးမှုဓလေ့ထုံးစံ ကျင့်ကြံအားထုတ်မှုများဖြင့် အေးချမ်းသာယာစွာ နှစ်ပေါင်းထောင်ချီနေထိုင်လာခဲ့ကြသည်။

"စာပေသည် နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုမျက်နှာစာဖြစ်သကဲ့သို့ နိုင်ငံနှင့်လူမျိုးတိုးတက်ဖွံ့ဖြိုးရေးတွင် အရေးပါလှသည့် ယဉ်ကျေးမှုဆိုင်ရာနယ်ပယ်ကြီးတစ်ခုဖြစ်သည်ကို မြန်မာ့သမိုင်း၏ဖြစ်ပေါ်တိုးတက်မှုများတွင် အထင်အရှားတွေ့နိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာလူမျိုးနှင့် မြန်မာစာပေသည် ခေတ်အဆက်ဆက် မကင်းမကွာရှိနေခဲ့ပြီး အမျိုးသားရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိစ္စများတွင် စာပေနှင့်ပြည်သူတို့ အပြန်အလှန်အကျိုးပြုနိုင်ခဲ့သည့် သာဓကများစွာရှိပါကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၀ ပြည့်နှစ် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ချီးမြှင့်ပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။

မြန်မာနိုင်ငံတွင် မြန်မာ့ယဉ်ကျေးမှုအစဉ်အလာတစ်ခုဖြစ်သော အမျိုးသားယဉ်ကျေးမှု မြန်မာစာပေကို ထိန်းသိမ်းမြှင့်တင်စောင့်ရှောက်ပေးလျက်ရှိသည့် မြန်မာစာဆိုတော်များကို နှစ်စဉ် နတ်တော်လဆန်း ၁ ရက် စာဆိုတော်နေ့တွင် ဂုဏ်ပြုပေးလျက်ရှိသည်။ မြန်မာစာပေ မတိမ်ကော၊ မပပျောက်စေရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ကြသူများကို ဂုဏ်ပြုချီးမြှင့်ခြင်းသည် မြန်မာစာပေအရှည်တည်တံ့ခိုင်မြဲစေရန်နှင့် မြန်မာ့ယဉ်ကျေးမှုအစဉ်အလာကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြစ်သည်။ မြန်မာစာပေပညာရှင်များအား နှစ်စဉ်ဂုဏ်ပြုချီးမြှင့်လျက်ရှိရာ ၁၉၄၄ ခုနှစ် ပထမအကြိမ်စာဆိုတော်နေ့မှ ယနေ့အချိန်အထိ နှစ်ပေါင်း ၇၇ နှစ်တိုင်တိုင် အစဉ်အလာမပျက်ပြုလုပ်နိုင်ခဲ့သည်။

မြန်မာဘာသာစကားနှင့်စာပေသည် မြန်မာ့သမိုင်းရေစီးကြောင်းတွင် ခိုင်မာတည်တံ့စွာထင်လင်းခဲ့သည့် ယဉ်ကျေးမှုအမွေအနှစ်တစ်ခုဖြစ်သည်။ နိုင်ငံနှင့်လူမျိုးအတွက် အသိဉာဏ်အမြော်အမြင်နှင့် စိတ်ခွန်အားများ တိုးတက်ဖွံ့ဖြိုးလာစေရန် စေတနာဖြင့် သုတရသစာပေအဖြာဖြာကို အားထုတ်ရေးဖွဲ့ခဲ့သည့် စာပေပညာရှင်များ၊ စာဆိုတော်များ ကျေးဇူးတရားကို အလေးအမြတ်ဂုဏ်ပြုရမည်ဖြစ်သည်။ လွန်ခဲ့သောနှစ်ပေါင်းတစ်ထောင်ခန့်မှစ၍ ရဟန်းစာဆို၊ လူစာဆိုတို့၏ မှတ်သားလောက်သောရေးဖွဲ့မှုများအား ယနေ့တိုင်အောင် ထိန်းသိမ်းစောင့်ရှောက်ထားနိုင်ခြင်းသည် ထူးကဲသောကံကောင်းခြင်းဖြစ်သည်။ အဆိုပါကံကောင်းမှုများကို မပျက်စီးမဆုံးရှုံးအောင် ထိန်းသိမ်းစောင့်ရှောက်ပေးသော ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်များအား လေးစားဂုဏ်ယူရမည်ဖြစ်သည်။ မြန်မာတို့၏ စာပေ၊ ယဉ်ကျေးမှုသည် နှစ်ပေါင်းရှည်ကြာ တည်တံ့ခိုင်မြဲထွန်းကားလာခဲ့သော်လည်း မျက်မှောက်ကာလတွင် ခေတ်ရေစီးကြောင်းပြောင်းလဲလာမှုကြောင့် မြန်မာစာပေအပေါ်တွင် အများပြည်သူတို့၏စိတ်ဝင်စားမှုမှာ လျော့နည်းကျဆင်းလာသည်ကို တွေ့ရသည်။

မြန်မာစာပေကို မည်မျှထိန်းသိမ်းစောင့်ရှောက်ပါသော်လည်း စာပေအမွေဆက်ခံသူ၊ စာပေမြတ်နိုးသူတို့ နည်းပါးလာပါက မြန်မာ့ယဉ်ကျေးမှုစာပေအစဉ်အလာများ တိမ်ကောလာမည်မှာအမှန်ဖြစ်သည်။ ထို့ကြောင့် ယနေ့ကာလတွင် မြန်မာစာပေဖွံ့ဖြိုးရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် စာပေမြတ်နိုးသူများက ဆက်လက်ထိန်းသိမ်းစောင့်ရှောက်နေမှုများကို ကျေးဇူးတင်မိသည်။ ခေတ်မီတိုးတက်မှုများကို မကျော်လွှားနိုင်သော်လည်း မြန်မာစာပေ မတိမ်ကော မပပျောက်စေရေးအတွက် စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး၊ စာကောင်းပေမွန်များ ပေါ်ထွက်ရေးနှင့် သင့်တင့်လျောက်ပတ်သောအဖိုးနှုန်းထားများဖြင့် ပြည်သူတို့လက်ဝယ်သို့ ရောက်ရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ကမ္ဘာပေါ်တွင် မည်သည့်နိုင်ငံ၊ မည်သည့်လူမျိုးမဆို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိတွေ့ဆက်ဆံမှုများတွင် စာပေ၏ ပြောင်မြောက်သောစွမ်းဆောင်မှုများသည် အရေးပါသည့်အချက်များဖြစ်ရာ နိုင်ငံနှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစဉ်အလာကြီးမားခဲ့သော မြန်မာစာပေဖွံ့ဖြိုးတိုးတက်တည်တံ့ခိုင်မာရေးကို ဝိုင်းဝန်းထိန်းသိမ်းမြှင့်တင်ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၅**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းနှင့် မြဝတီကုန်သွယ်ရေးဇုန်တို့မှ ကုမ္ပဏီ လေးခု၊ ယာဉ်စီးရေ ၁၁ စီးဖြင့် အောက်ဆီဂျင် အရည် Bowser ယာဉ်နှစ်စီး၊ တန် ၃၀ နှင့် နှာခေါင်းစည်း (Mask) ၃၃ တန်တို့ကို တင်သွင်းခဲ့ပြီး အောက်ဆီဂျင်(အရည်) Bowser ယာဉ်နှစ်စီးမှာ မြဝတီကုန်သွယ်ရေးဇုန်မှ ရန်ကုန်မြို့သို့ ဖြစ်ကြောင်း သိရသည်။

ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့် ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများတင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်



# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ် စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၅**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများကို နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ် လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် နယ်စပ်(မြဝတီ၊ ချင်းရွှေဟော်)၌ ကုမ္ပဏီလေးခုတို့မှ Sodium Chloride Injection ၁၀၇၁၆၀၊ နှာခေါင်းစည်း ၃၃၄၈၃ ကီလိုဂရမ်၊ အောက်ဆီဂျင်(အရည်) ၁၅၃၈၅ ကုဗမီတာ တို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ |
| စာတည်းမှူး | - ဦးဝင်းနိုင် | သတင်းထောက်များ | ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| | | သုတေသန | - ဒေါ်အိအိမွန် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးကျော်စွာလင်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစည်သူလွင်နှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❂ ရှေ့ဖုံးမှ

သြဝါဒါစရိယ အင်းစိန်ရွာမဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသအား ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က အင်းစိန်ရွာမဆရာတော်ဘုရားကြီးထံ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် "မာရဝိဇယ" ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းဆိုင်ရာများကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၏ သြဝါဒများ၊ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ ထုဆစ်ပူဇော်လျက်ရှိသည့်အခြေအနေ၊ ထို့ပြင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဘုရားဖူးလာ မိဘပြည်သူများဖူးမြော်ရာ၌ ပိဋကတ်သုံးပုံပါဠိတော် အဋ္ဌကထာဋီကာကျမ်းစာမြတ်ကိုပါ တစ်ပါတည်း ဖူးမြော်ကြည်ညိုပူဇော်နိုင်ရေး၊ ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေး၊ ခေတ်အဆက်ဆက် မှတ်တမ်းကျန်ရှိစေရေးတို့အတွက် ပိဋကတ်သုံးပုံ ပါဠိတော် အဋ္ဌကထာဋီကာကျမ်းစာများကို စကျင်ကျောက်တော်များ၌ ထွင်းထုပူဇော်၍ ဗုဒ္ဓဥယျာဉ်တော်အတွင်း၌ စိုက်ထူနိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ အဆိုပါ ပိဋကတ်သုံးပုံပါဠိတော် အဋ္ဌကထာဋီကာကျမ်းစာများကို ဗုဒ္ဓသာသနာတော်ထွန်းကားပြန့်ပွားစေရန်ရည်ရွယ်ကာ ပါဠိဘာသာနှင့် Romanize Language ယှဉ်တွဲ၍ စာအုပ်ရိုက်နှိပ်ထုတ်ဝေပြီး နိုင်ငံတကာရှိ ဗုဒ္ဓတက္ကသိုလ်များ၊ စာသင်တိုက်များ၊ ကျောင်းတော်ကြီးများသို့ အခမဲ့ဖြန့်ချိပေးသွားမည့် အခြေအနေ၊ ပြည်တွင်း၌သာမက ပြည်ပနိုင်ငံများတွင်လည်း ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေးဆိုင်ရာများကို ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ဦးစွာတင်ပြလျှောက်ထားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ နိုင်ငံတော်သြဝါဒါစရိယ၊ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ သြဝါဒါစရိယ အင်းစိန်ရွာမဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။

**မေးမြန်းလျှောက်ထား**

ဆက်လက်၍ ဆရာတော်ဘုရားကြီး၏ ကျန်းမာရေးဆိုင်ရာများနှင့် ပတ်သက်၍ မေးမြန်းလျှောက်ထားပြီး ဆေးစစ်မှုများနှင့် ကြိုတင်ကာကွယ်စစ်ဆေးခြင်းများကို ဆောင်ရွက်နိုင်မည့် အခြေအနေ၊ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများကို အစိုးရအဖွဲ့တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပြည်သူလူထုတို့ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်မှုများကြောင့် ကူးစက်မှုရာခိုင်နှုန်းကို အတိုင်းအတာတစ်ခုအထိ လျှော့ချနိုင်ခဲ့သည့် အခြေအနေနှင့် ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများကို ယခုနှစ်အပြီးတွင် ဆေးထိုးနှံရန်လိုအပ်သည့် လူဦးရေ၏၅၀ ရာခိုင်နှုန်းကျော်အထိ ထိုးနှံပြီးစီးနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ပတ်သက်၍ တင်ပြလျှောက်ထားသည်။

တင်ပြလျှောက်ထားမှုများအပေါ် ဆရာတော်ဘုရားကြီးက တိုင်းပြည်နှင့် လူမျိုးဖွံ့ဖြိုးတိုးတက်ရေး၊ ဘာသာသာသနာတော် ထွန်းကားပြန့်ပွားရေးများကို လုပ်ဆောင်နေခြင်းဖြစ်သည့်အတွက် ဝမ်းမြောက်မိကြောင်း၊ အမျိုး၊ ဘာသာ၊ သာသနာတော်ကို ယခုထက်ပိုမိုထိန်းသိမ်း စောင့်ရှောက်နိုင်ပါစေကြောင်းနှင့် အခြားလိုအပ်သည်များကို ပြန်လည်မြွက်ကြားသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်သည် အင်းစိန်ရွာမဆရာတော်ဘုရားကြီးထံသို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသည့် ပရိက္ခရာရှစ်ပါးစုံ လှူဖွယ်ပစ္စည်းများ၊ နဝကမ္မအလှူငွေများ၊ ဆွမ်းဆန်တော် အိတ် ၁၀၀၊ ဆီ ပိဿာ ၁၀၀၊ ဆား တစ်အိတ်၊ အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ဆေးပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးများက ဆရာတော်ဘုရားကြီးထံသို့ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အင်းစိန်ရွာမဆရာတော်ဘုရားကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး အနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဟောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ကြီး(ဟောင်း) ဦးတင်ဦး၊ ဗိုလ်ချုပ်ကြီး (ဟောင်း) ဦးခင်ညွန့်နှင့် စည်သူဗိုလ်ကလေးတင့်အောင်တို့အား သွားရောက်တွေ့ဆုံ၍ ကျန်းမာရေးဆိုင်ရာအခြေအနေများ မေးမြန်းအားပေးစကားပြောကြား

**နေပြည်တော် ဒီဇင်ဘာ ၅**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမောင်မောင်အုန်း၊ ဒေါက်တာသက်ခိုင်ဝင်း၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်(ဟောင်း)၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက ဗိုလ်ချုပ်ကြီး (ဟောင်း) ဦးတင်ဦး၊ ဗိုလ်ချုပ်ကြီး (ဟောင်း) ဦးခင်ညွန့်နှင့် စည်သူဗိုလ်ကလေးတင့်အောင် တို့ကို သွားရောက်တွေ့ဆုံ၍ ကျန်းမာရေးဆိုင်ရာ အခြေအနေများအား ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ဦးစွာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဗဟန်းမြို့နယ် သံလွင်လမ်းရှိတပ်မတော်ကာကွယ်ရေးဦးစီးချုပ်(ဟောင်း) နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ကြီး(ဟောင်း) ဦးတင်ဦး၏နေအိမ်သို့သွားရောက်၍ ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ကျန်းမာရေးအခြေအနေများအား မေးမြန်းအားပေးစကားပြောကြားသည်။

ယင်းနောက် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် ကောင်စီအဖွဲ့ဝင်၊ တွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စု ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် မိတ်ဆက်ပေးပြီး ဦးတင်ဦး၏ ကျန်းမာရေးအခြေအနေများနှင့် ပတ်သက်၍ လိုအပ်ချက်များရှိပါက အချိန်တိုအတွင်း ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး၊ တပ်မတော်ဆေးရုံများတွင် လိုအပ်သည့် ဆေးကုသမှုများခံယူနိုင်ရေးတို့အတွက် တာဝန်ရှိသူများနှင့် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ အားဖြည့်ငှက်သိုက်များနှင့် တပ်မတော်စက်ရုံထုတ်စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်သည် မရမ်းကုန်းမြို့နယ်ရှိနိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဝန်ကြီးချုပ်(ဟောင်း)၊ ဗိုလ်ချုပ်ကြီး (ဟောင်း) ဦးခင်ညွန့်၏ နေအိမ်သို့ သွားရောက်တွေ့ဆုံ၍ ကျန်းမာရေးအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားသည်။

စာမျက်နှာ ၅ သို့ ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဟောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဗိုလ်ချုပ်ကြီး(ဟောင်း) ဦးတင်ဦး အား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ကျန်းမာရေးအခြေအနေများ မေးမြန်းအားပေးစကားပြောကြားစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံနှုတ်ဆက်စကားပြောကြားစဉ်။

# ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှုန်းများ ကျဆင်းသွားသည့်အတွက် နိုင်ငံတော်၏ တုံ့ဆိုင်းသွားသည့်ယန္တရားများ ပြန်လည်လည်ပတ်နိုင်ရန် ဘာသာပေါင်းစုံအဖွဲ့ကြီးအနေဖြင့် အရေးပါသည့်ကဏ္ဍတွင်ပါဝင်၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကမောင်းနှင်အားတစ်ခုအဖြစ် ဆောင်ရွက်

## မိမိတို့အားလုံးသည် နိုင်ငံအတွင်း ကာလရှည်ကြာစွာ အတူတကွ နေထိုင်လျက်ရှိသူများဖြစ်သဖြင့် နိုင်ငံတော်အတွက် တူညီသည့်စိတ်ဖြင့် အတူတကွ ဆောင်ရွက်ကြရန်လို

**နေပြည်တော် ဒီဇင်ဘာ ၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)ဥက္ကဋ္ဌ ဦးစိန်သန်းနှင့် အလုပ်အမှုဆောင်များအား ရန်ကုန်တိုင်းစစ်ဌာနချုပ် ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန်၌ ရင်းရင်းနှီးနှီး တွေ့ဆုံပြီး စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်သည်။

**တက်ရောက်**

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ မြို့တော်ဝန် ဦးဗိုလ်ငွေးနှင့် တာဝန်ရှိသူများ၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)ဥက္ကဋ္ဌ ဦးစိန်သန်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဗုဒ္ဓဘာသာအသင်းမှ ဦးဆန်းထွန်း၊ ဟိန္ဒူဘာသာအသင်းမှ ဦးဇော်ဇော်နိုင်၊ ခရစ်ယာန်ဘာသာအသင်းမှ ဦးမိုးဇင်၊ အစ္စလာမ်ဘာသာအသင်းမှ ဦးအောင်ဇော်ဝင်းတို့နှင့် အလုပ်အမှုဆောင်များ၊ တရုတ်ဘုံကျောင်းများမှ ကိုယ်စားလှယ် ဦးအောင်ချိုနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**မိတ်ဆက်ပေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က တွေ့ဆုံနှုတ်ဆက်စကား ပြောကြားရာတွင် ရန်ကုန်မြို့သို့ရောက်ရှိနေစဉ်အတွင်း အခါအခွင့်သင့်သဖြင့် ဘာသာပေါင်းစုံအဖွဲ့အစည်းများမှ တင်ပြလိုသည့် ကိစ္စရပ်များအား သိရှိနိုင်ရန်နှင့် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် ကိစ္စရပ်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များကို ယခုကဲ့သို့ တွေ့ဆုံရခြင်းဖြစ်ကြောင်း ဦးစွာပြောကြားပြီး တက်ရောက်လာကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် မိတ်ဆက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က မိမိတို့အနေဖြင့် နိုင်ငံ၏ဖြစ်ပေါ်လာသည့်အခြေအနေများအရ နိုင်ငံတော်တာဝန်များကို ခေတ္တဝင်ရောက်တာဝန်ထမ်းဆောင်နေခြင်းဖြစ်ကြောင်း၊ **နိုင်ငံတော်အနေဖြင့် စစ်မှန်သည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်ကိုအခြေခံသည့် ပြည်ထောင်စုကို လျှောက်လှမ်းနေခြင်းဖြစ်ပြီး ပြည်သူများ ရွေးချယ်ထားသည့် လမ်းကြောင်းဖြစ်သဖြင့် လုံးဝသွေဖည်သွားမည် မဟုတ်ကြောင်း၊** နိုင်ငံရေးတာဝန်အား ဝင်ရောက်တာဝန်ထမ်းဆောင်ခဲ့ရခြင်းသည် မိမိတို့က ဖန်တီးဆောင်ရွက်ခဲ့ခြင်း မဟုတ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲမတိုင်မီကာလအတွင်း လွတ်လပ်၍ မျှတသည့် ရွေးကောက်ပွဲဖြစ်စေရေး၊ နိုင်ငံရေးတွင် ရိုးသားမှုရှိစေရေးနှင့် နိုင်ငံရေးအရ လက်စားချေခြင်းများ မပြုလုပ်စေရေးအတွက် မိမိအနေဖြင့် အမြဲမပြတ် တိုက်တွန်းပြောကြား ဆောင်ရွက်ခဲ့ကြောင်း၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲတွင် အနိုင်ရပါတီမှ ရွေးကောက်ခံ ကိုယ်စားလှယ်များက သမ္မတရွေးချယ်ခြင်း၊ အစိုးရအဖွဲ့ဖွဲ့စည်းခြင်းများကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ သမ္မတမှတစ်ဆင့် တရားသူကြီးများ ခန့်အပ်ခြင်းများကို ဆောင်ရွက်ရခြင်းဖြစ်သဖြင့် အထွေထွေရွေးကောက်ပွဲတွင် မျှတမှုရှိစေရေးသည် နိုင်ငံအတွက် လွန်စွာအရေးကြီးခြင်းပင်ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲပြုလုပ်ချိန်တွင် မသမာမှုများဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ယခုကဲ့သို့ နိုင်ငံတော်တာဝန်များကို ဝင်ရောက်ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း။

**အားလုံးပူးပေါင်း၍ ဆောင်ရွက်**

မည်ကဲ့သို့ပင်ဖြစ်စေ မိမိတို့အနေဖြင့် ပြည်သူများရွေးချယ်ထားသည့် ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းရမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရာတွင် ယခုတက်ရောက်လာကြသည့် ဘာသာပေါင်းစုံအဖွဲ့၏ ကူညီဆောင်ရွက်မှုများလည်း လိုအပ်ကြောင်း၊ နိုင်ငံ့အရေးကိစ္စများ ဆောင်ရွက်ရာတွင် အားလုံးပါဝင်သော စုပေါင်းအားဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ **ဒီမိုကရေစီစနစ်တွင် နိုင်ငံရေးအရ အချင်းချင်းသဘောထားကွဲလွဲမှုများရှိနိုင်သော်လည်း အများစု၏ဆန္ဒသဘောထားကို လက်ခံဆောင်ရွက်ရန် လိုသကဲ့သို့ အနည်းစု၏ဆန္ဒသဘောထားကိုလည်း ထည့်သွင်းစဉ်းစား၍ ဆင်ခြင်ဆောင်ရွက်ရန် လိုကြောင်း၊ နိုင်ငံတော်၏ နိုင်ငံရေးလျှောက်လှမ်းမှုတွင် အဆင်ပြေချောမွေ့စေရန်အတွက် မိမိတို့က ဝိုင်းဝန်းဆောင်ရွက်နေခြင်းပင်ဖြစ်**ကြောင်း၊ ထိုသို့ ဆောင်ရွက်ချိန်တွင်လည်း အားလုံးပူးပေါင်း၍ ဆောင်ရွက်မည်ဆိုပါက အကောင်းဆုံးအခြေအနေဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ဗုဒ္ဓဘာသာအများဆုံး ကိုးကွယ်ကြသော်လည်း ဟိန္ဒူဘာသာဝင်များ၊ အစ္စလာမ်ဘာသာဝင်များ၊ ခရစ်ယာန်ဘာသာဝင်များနှင့် အခြားဘာသာဝင်များလည်းရှိပြီး ရှေးယခင်ကတည်းကပင် အတူတကွ စုစည်းနေထိုင်ခဲ့ကြပြီး ဘာသာတရားအလိုက် ကိုးကွယ်နေကြသည့် ဓလေ့ထုံးတမ်းစဉ်လာများပင်ဖြစ်ကြောင်း၊ မိမိအနေဖြင့် ဘာသာရေးနှင့်ပတ်သက်၍ အစွန်းရောက်မှုများ မရှိအောင် အမြဲတိုက်တွန်းပြောကြားလျက်ရှိကြောင်း၊ မိမိတို့အားလုံးသည် နိုင်ငံအတွင်း ကာလရှည်ကြာစွာ အတူတကွ နေထိုင်လျက်ရှိသူများဖြစ်သဖြင့် အားလုံးက နိုင်ငံတော်အတွက် တူညီသည့်စိတ်ဖြင့် အတူတကွ ဆောင်ရွက်ကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)ဥက္ကဋ္ဌ ဦးစိန်သန်း၊ ဟိန္ဒူဘာသာအသင်းမှ ဦးဇော်ဇော်နိုင်၊ အစ္စလာမ်ဘာသာအသင်းမှ ဦးအောင်ဇော်ဝင်း၊ ခရစ်ယာန်ဘာသာအသင်းမှ ဦးမိုးဇင်၊ တရုတ်ဘုံကျောင်းများမှ ကိုယ်စားလှယ် ဦးအောင်ချိုတို့က ဆွေးနွေးတင်ပြကြရာတွင် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ကို ယခုနှစ် စက်တင်ဘာလတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ခွင့်ပြုချက်နှင့်အညီ အသစ်ပြန်လည်ဖွဲ့စည်းဆောင်ရွက်ခဲ့သည့် အခြေအနေနှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ဘာသာအလိုက် ပြုလုပ်သည့် ဘာသာရေးပွဲတော်များ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများတွင် ကူညီထောက်ပံ့မှုများ၊ နိုင်ငံတကာနှင့် ဆက်သွယ်ဆက်ဆံမှုများ စသည့် ကဏ္ဍများတွင် ဘာသာပေါင်းစုံ စုပေါင်း၍ နိုင်ငံသားကောင်းပီသစွာဖြင့် တတ်စွမ်းသည့်ဘက်မှ ပူးပေါင်းကူညီဆောင်ရွက်နိုင်ခဲ့သည့် အခြေအနေ၊ နိုင်ငံတော်မှ ပေးအပ်လာသည့် ဘာသာရေးနှင့် လူမှုရေးဆိုင်ရာတာဝန်များကို ကျေပွန်အောင် ထမ်းဆောင်သွားမည့် အခြေအနေ၊ ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းဖြစ်ပေါ်ခဲ့သည့် ကာလအတွင်း နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်နှင့်အညီ ဘာသာရေးဆိုင်ရာ ပွဲတော်များကို စည်းကမ်းစနစ်တကျဖြင့် အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည့် အခြေအနေ၊ နိုင်ငံအတွင်း မည်သည့်ဘာသာတရားကို ကိုးကွယ်သည်ဖြစ်စေ ဘာသာရေးအရ လုံခြုံမှု၊ ရိုသေမှုများကို ဖော်ဆောင်ပေးနိုင်ရေး ကောင်းမွန်သည့် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည့်အတွက် အဖွဲ့ကြီး၏ ရည်ရွယ်ချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားကြသည်။

စာမျက်နှာ ၅ သို့ ❁

**မိမိတို့အနေဖြင့် ပြည်သူများရွေးချယ်ထားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းရမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်ကိုအခြေခံသည့်ပြည်ထောင်စုကို တည်ဆောက်ရာတွင် ယခုတက်ရောက်လာကြသည့် ဘာသာပေါင်းစုံအဖွဲ့၏ ကူညီဆောင်ရွက်မှုများလည်း လိုအပ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဝန်ကြီးချုပ်(ဟောင်း) ဗိုလ်ချုပ်ကြီး(ဟောင်း) ဦးခင်ညွန့်အား တွေ့ဆုံ၍ ကျန်းမာရေးအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်း အားပေးစကား ပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဇဗ္ဗူသီရိမြို့နယ် ရွှေကုံတိုင်ရှိ SSC အထူးကုဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသည့် စည်သူဗိုလ်ကလေးတင့်အောင်အား သွားရောက်ကြည့်ရှုစဉ်။

❖ စာမျက်နှာ ၃ မှ

ထို့နောက် အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသူများနှင့် တစ်ဦးချင်း မိတ်ဆက်ပေးပြီး ကျန်းမာရေးအခြေအနေများနှင့် ပတ်သက်၍ လိုအပ်ချက်များအား အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး၊ တပ်မတော်ဆေးရုံများတွင် ဆေးကုသမှုများ ခံယူနိုင်ရေးတို့အတွက် တာဝန်ရှိသူများနှင့် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးကာ အားဖြည့် ငှက်သိုက်များနှင့် တပ်မတော် စက်ရုံထုတ် စားသောက်ဖွယ်ရာ ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် မြန်မာနိုင်ငံ၏ နိုင်ငံရေး ဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများ၊ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်တော်တွင် တည်ထားပူဇော်မည့် “မာရဝိဇယ” ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်ရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍တင်ပြခဲ့ပြီးကျန်းမာရေးဆိုင်ရာများနှင့် ပတ်သက်၍ ရင်းနှီးနွေးထွေးစွာ အားပေးစကားပြောကြားခဲ့သည်။

**သွားရောက်ကြည့်ရှု**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ ဇဗ္ဗူသီရိမြို့နယ် ရွှေကုံတိုင်ရှိ SSC အထူးကုဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသည့် စည်သူဗိုလ်ကလေး တင့်အောင်အား သွားရောက်ကြည့်ရှုပြီး ကျန်းမာရေးအခြေအနေများနှင့် ပတ်သက်၍ မိသားစုများကို မေးမြန်းကာ ကျန်းမာရေး ကုသမှုအတွက် ထောက်ပံ့ငွေများ၊ အားဖြည့် ငှက်သိုက်များနှင့် တပ်မတော် စက်ရုံထုတ် စားသောက်ဖွယ်ရာ ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

■

❁ စာမျက်နှာ ၄ မှ

ထို့နောက်သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ဆွေးနွေးပြောကြားရာတွင် မိမိတို့နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) တွင် ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူဘာသာနှင့် အခြား နတ်ကိုးကွယ်မှုများကိုလည်း ကိုးကွယ်ရာဘာသာဟူ၍ အသိအမှတ်ပြုသည်ဟု ပါရှိပါကြောင်း၊ ထို့ကြောင့် ဘာသာပေါင်းစုံတို့၏ လိုအပ်ချက်များကို တတ်စွမ်းသရွေ့ ဖြည့်ဆည်းဆောင်ရွက်ပေးရန် မိမိတို့ဝန်ကြီးဌာန၌ တာဝန်ရှိပါကြောင်းပြောကြားပြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့အား ပြန်လည်ဖွဲ့စည်းဆောင်ရွက်ခဲ့ရာတွင် လိုအပ်သည်များ ဆောင်ရွက်ပေးခဲ့မှုနှင့် လိုအပ်ချက်များ တင်ပြထားရှိမှုကိုလည်း ကဏ္ဍများအလိုက် ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

**စားသောက်ဖွယ်ရာပစ္စည်းများ ပေးအပ်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)ဥက္ကဋ္ဌ ဦးစိန်သန်း၊ ဟိန္ဒူဘာသာအသင်းမှ ဦးဇော်ဇော်နိုင်၊ အစ္စလာမ်ဘာသာအသင်းမှ ဦးအောင်ဇော်ဝင်း၊ ခရစ်ယာန်ဘာသာအသင်းမှ ဦးမိုးဇင်၊ တရုတ်ဘုံကျောင်းများမှ ကိုယ်စားလှယ် ဦးအောင်ချိုတို့က လက်ခံရယူကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးပြောကြားမှုများနှင့် ပတ်သက်၍ တိုင်းပြည်၏အားသည် ပြည်တွင်းမှာသာရှိပြီး ပြည်တွင်း၏



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

စည်းလုံးညီညွတ်မှုအားသည် အခိုင်အမာဆုံးဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ပြည်တွင်းစီးပွားရေးကို အားပေးပြီး ပြည်သူများ၏ လူမှုဘဝတိုးတက်ရေးအတွက် အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ဘာသာအားလုံး၏ ရည်ရွယ်ချက်သည် ငြိမ်းချမ်းခြင်း၊ သာယာဝပြောခြင်းနှင့် စည်းလုံးညီညွတ်ခြင်းတို့ပင်ဖြစ်ကြောင်း၊ စည်းလုံးညီညွတ်မှု မရှိပါက အခက်အခဲများနှင့် ရင်ဆိုင်ကြရမည်ဖြစ်ကြောင်း၊ သာယာဝပြောခြင်းမှာ ပြည်သူများ၏ လူမှုဘဝတိုးတက်မှုရှိရန်ပင်ဖြစ်ပြီး ငြိမ်းချမ်းမှုရှိသည့် နိုင်ငံအားလုံးသည် ဖွံ့ဖြိုးတိုးတက်မှုရှိပြီး အဆိုပါနိုင်ငံများအားလုံးတွင် ပြည်သူများသည် လူမှုစီးပွားဘဝတိုးတက်အောင် ဆောင်ရွက်နိုင်ကြသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ပြည်တွင်းငြိမ်းချမ်းရေး ရရှိရေးအတွက် မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် အားလုံးတူညီသည့် စိတ်ဆန္ဒများဖြင့် ဆောင်ရွက်ကြရန် လိုကြောင်း။

ကိုဗစ်-၁၉ စတင်ဖြစ်ပွားမှုနှင့် ပတ်သက်၍ ပထမလှိုင်းနှင့် ဒုတိယလှိုင်းတို့တွင် ထိခိုက်မှုနည်းပါးခဲ့သော်လည်း တတိယလှိုင်း ဖြစ်ပေါ်ခဲ့ချိန်တွင် ရောဂါကူးစက်မှုနှုန်းမြန်ဆန်၍ ဖြစ်ပွားမှုမြင့်တက်ခဲ့သဖြင့် ထိခိုက်ဆုံးရှုံးခဲ့မှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ထိုသို့ရောဂါကူးစက်မှုနှုန်းများ မြင့်တက်ခဲ့ချိန်၌ “**ပြည်တွင်း၏အားသည် ပြည်တွင်းမှာသာရှိသည်**” ဆိုသည့်အတိုင်း ဘာသာရေးဆိုင်ရာအဖွဲ့အစည်းများနှင့် လူမှုရေးဆိုင်ရာအဖွဲ့အစည်းများက မိမိတို့ဆောင်ရွက်နိုင်သည့် လမ်းကြောင်းများမှ ရရာနည်းလမ်းများဖြင့် ပြည်သူများ၏ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ခဲ့မှုများ၊ မှန်ကန်သည့် ဦးဆောင်မှုများဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုများကြောင့် အခက်အခဲများကြားမှ ကိုဗစ် -၁၉ ရောဂါကူးစက်မှုသည် ယခုအချိန်တွင် များစွာလျော့နည်းလာခဲ့ပြီဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံသူ နိုင်ငံသားများ၏ ပူးပေါင်းဆောင်ရွက်မှု၊ အဖွဲ့အစည်းအသီးသီး၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် ယခုကဲ့သို့ရောဂါကူးစက်မှုနှုန်းများ ကျဆင်းလာခြင်းဖြစ်သည့်အတွက် အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ ရောဂါကူးစက်မှုကြောင့် ကမ္ဘာပေါ်ရှိနိုင်ငံများအားလုံး စီးပွားရေးဆိုင်ရာ ထိခိုက်မှုများဖြစ်ပေါ်ခဲ့ပြီး နိုင်ငံ၏ယန္တရားများ တုံ့ဆိုင်းသွားခဲ့ရကြောင်း၊ အလားတူ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည့် ဆေးဝါးပစ္စည်းများ ဝယ်ယူရေးအတွက်လည်း နိုင်ငံတော်၏ဘဏ္ဍာငွေများ များစွာသုံးစွဲရကြောင်း၊ ပြည်သူများ၏ အသက် ထိခိုက်ဆုံးရှုံးမှုများ နည်းပါးစေရေးအတွက် လိုအပ်သည့်ဘဏ္ဍာငွေများအား ခွင့်ပြုပေးလျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့ကြကြောင်း။

**အဓိကမောင်းနှင်အား တစ်ခုအဖြစ်**

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနှုန်းများ ကျဆင်းသွားသည့်အတွက် နိုင်ငံတော်၏ တုံ့ဆိုင်းသွားသည့် ယန္တရားများပြန်လည် လည်ပတ်နိုင်ရန်လိုကြောင်း၊ ယခုဘာသာပေါင်းစုံအဖွဲ့ကြီးအနေဖြင့် အရေးပါသည့် ကဏ္ဍတွင်ပါဝင်၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အတွက် အဓိကမောင်းနှင်အားတစ်ခု အဖြစ် ဆောင်ရွက်သွားနိုင်ပါကြောင်း၊ အားလုံး ညီညီညွတ်ညွတ်ဖြင့် သက်ဆိုင်ရာ

**စာမျက်နှာ ၆ သို့** ◆

◆ စာမျက်နှာ ၅ မှ
နယ်ပယ်အလိုက် ဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတိုးတက်ရေးအတွက် အလုပ်လုပ်ရန်လိုအပ်ပြီး နိုင်ငံ၏ အဓိက စီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့်ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးရမည်ဖြစ်ကြောင်း၊ အဆိုပါ ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်ရာတွင် အသိပညာ၊ အတတ်ပညာများဖြင့် ဆောင်ရွက်မည်ဆိုပါက လုပ်ငန်းများ ပိုမိုအောင်မြင်လာနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ပတ်ဝန်းကျင်ရှိ လုပ်ငန်းဆောင်ရွက်နေသူများအား တိုက်တွန်းအားပေး ဆောင်ရွက်ကြရန်လိုကြောင်း၊ လူငယ်များ စီးပွားရေးတိုးတက်အောင် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်သည့် အတတ်ပညာများရရှိအောင် သင်ကြားပေးရမည်ဖြစ်ကြောင်း၊ အခြေခံပညာဖြစ်သည့် အတန်းပညာများကိုလည်း တတ်ကျွမ်းအောင် သင်ကြားပေးရမည်ဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိ တိုးတက်ကြီးပွားလျက်ရှိသည့် နိုင်ငံများသည် စာပေပညာ တတ်ကျွမ်းမှုရှိသည့် နိုင်ငံများပင်ဖြစ်ကြောင်း။

**နိုင်ငံတော်အပေါ်သစ္စာရှိရန်လို**

နိုင်ငံကောင်းအောင်ဆောင်ရွက်ရာတွင် နိုင်ငံတော်အပေါ် သစ္စာရှိရန်လိုကြောင်း၊ နိုင်ငံသူ နိုင်ငံသားအားလုံး နိုင်ငံကောင်းအောင် စေတနာထား၍ ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း၊ ထို့ကြောင့် ဘာသာပေါင်းစုံ အဖွဲ့အစည်းများအနေဖြင့်လည်း မိမိတို့ပတ်ဝန်းကျင်ရှိ အင်အားစုများကို စွမ်းအားပြည့်ဆောင်ရွက်နိုင်ရေး၊ အသိပညာ၊ အတတ်ပညာများကို ရှာဖွေဆောင်ရွက်နိုင်ရေး လှုံ့ဆော်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာ၊အတတ်ပညာနှင့် ပြည့်စုံသည့် အနာဂတ်မျိုးဆက်သစ်များ ပေါ်ထွက်လာရန် များစွာလိုအပ်ပါကြောင်း၊ တိုင်းပြည်နှင့် လူမျိုးအကျိုးစီးပွားအတွက် မိမိတို့လုပ်ဆောင်နေရသည့် ကဏ္ဍများတွင် စေတနာ အပြည့်ဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ မိမိတို့နိုင်ငံ လွတ်လပ်ရေးရရှိခဲ့သည်မှာ ၂၀၂၃ ခုနှစ်တွင် (၇၅)နှစ် စိန်ရတုနှစ်သို့ပင် ရောက်ရှိတော့မည်ဖြစ်ကြောင်း၊ ဖြတ်သန်းလာသည့် ကာလများတွင် ကြုံတွေ့ခဲ့ရသည့် သင်ခန်းစာများကို အသုံးချ၍ နိုင်ငံ့ကောင်းရာကောင်းကျိုးတို့ကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ဘာသာရေးအဖွဲ့အစည်းများ ဖြစ်သော်လည်း ဘာသာရေးကို အခြေမခံဘဲ နိုင်ငံ့အရေးနှင့် အမျိုးသားရေးကို အခြေခံ၍ တိုင်းပြည်အကျိုးစီးပွား တိုးတက်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြမည်ဆိုပါက ပိုမိုကောင်းမွန်နိုင်မည်ဖြစ်ပြီး တိုင်းပြည်ကောင်းအောင် ဘယ်လိုလုပ်မလဲဆိုသည့် စိတ်ဆန္ဒသည် အဓိကဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) ဒုတိယဥက္ကဋ္ဌ ဟိန္ဒူဘာသာအသင်းမှ ဦးဇော်ဇော်နိုင်က ဟိန္ဒူရိုးရာ ဂုဏ်ပြုမင်္ဂလာပဝါနှင့် မင်္ဂလာပန်းကုံးတို့ကို ဂုဏ်ပြုဝတ်ဆင်ပေးသည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် ဘာသာပေါင်းစုံအသင်းမှ အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ကျဆုံးလေပြီးသော သူရဲကောင်းစစ်သည်များအတွက် အဌမအကြိမ်မြောက် အောက်မေ့ဖွယ် ဂါရဝပြုဆုတောင်းပွဲနှင့် အလေးပြုခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၅**

နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း အသက်ပေးကျဆုံးသွားခဲ့သည့် ခေတ်အဆက်ဆက်မှ ကျဆုံးစစ်သည်များအား အောက်မေ့ဖွယ် ဂါရဝပြုဆုတောင်းပွဲနှင့် အလေးပြုခြင်း အခမ်းအနားကို အဌမအကြိမ်မြောက်အဖြစ် ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ သူရဲကောင်းဗိမာန် (နေပြည်တော်)၌ ကျင်းပသည်။

**တက်ရောက်**

အဆိုပါ ဂါရဝပြုဆုတောင်းပွဲတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသန်းထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီးမျိုးဇော်သိန်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း ဗဟိုအမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း(အငြိမ်းစား)နှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ ပါတီခေါင်းဆောင်များ၊ ရောင်နီဦးနှင့် မိတ်ဆွေများပရဟိတအဖွဲ့၊ ရွှေပြည်တော်သို့ဆုံမှတ်ပရဟိတအဖွဲ့နှင့် တပ်မတော် ချစ်မြတ်နိုးသူများ တက်ရောက်ကြသည်။

ဦးစွာ အောက်မေ့ဖွယ် ဂါရဝပြုဆုတောင်းပွဲနှင့် အလေးပြုခြင်းအခမ်းအနားကို တက်ရောက်လာကြသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး နိုင်ငံတော်သီချင်းအားသီဆိုခြင်း၊ နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ခေတ်အဆက်ဆက်က တိုင်းပြည်အတွက် အသက်ပေးလှူသွားကြသည့် သူရဲကောင်းစစ်သည်များအား အလေးပြုခြင်း၊ သစ္စာအဓိဋ္ဌာန်လေးချက် ရွတ်ဆိုခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

**ဝမ်းနည်းခြင်းအထိမ်းအမှတ် ၂ မိနစ်ငြိမ်သက်**

ထို့နောက် တိုင်းပြည်အတွက် အသက်ပေးလှူသွားခဲ့ကြသည့် သူရဲကောင်းစစ်သည်များအား ရည်စူး၍ ဝမ်းနည်းခြင်းအထိမ်းအမှတ် ၂ မိနစ်ငြိမ်သက်ခြင်း၊ သူရဲကောင်းစစ်သည်များ မြင့်မြတ်သောကောင်းမွန်ရာဘုံဘဝရောက်ရှိစေရန် မိုးပျံပူဖောင်းများ လွှတ်တင်ခြင်း၊ ထာဝရငြိမ်းချမ်းရေးရရှိစေရန် ရည်မှန်း၍ အထိမ်းအမှတ်ချိုးဖြူငှက်များ လွှတ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက ကျဆုံးစစ်သည်များအတွက် လွမ်းသူ့ပန်းခွေနှင့် ပန်းခြင်းများဖြင့် ဂါရဝပြုခြင်းကို အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ထို့ပြင် ယနေ့နံနက်ပိုင်းတွင်လည်း ကျဆုံးစစ်သည်များအား ရည်စူး၍ ပုဗ္ဗသီရိမြို့နယ် အေးမြင့်သာယာအုပ်စု ပေါက်တောကျေးရွာ သဒ္ဒါရုံကျောင်းတိုက်၌ သံဃာတော်များအား အရဏ်ဆွမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်း၍ ရေစက်သွန်းချ အမျှပေးဝေခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

အဆိုပါအခမ်းအနားကို ရောင်နီဦးနှင့် မိတ်ဆွေများ ပရဟိတအဖွဲ့က ဦးဆောင်၍ ၂၀၁၄ ခုနှစ်မှစတင်ကာ ဒီဇင်ဘာလ၏ ပထမပတ် တနင်္ဂနွေနေ့တိုင်းတွင် နှစ်စဉ် ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ယခင်နှစ်များက ရန်ကုန်မြို့ရှိ သူရဲကောင်းစစ်သည်ဗိမာန်တွင် ကျင်းပပြုလုပ်ခဲ့ရာမှ ယခုနှစ်တွင် သူရဲကောင်းဗိမာန် (နေပြည်တော်)တွင် ပထမဆုံးအကြိမ်အဖြစ် စတင် ကျင်းပခဲ့ခြင်းဖြစ်သည်။

**သတင်းစဉ်**

# ဂုဏ်ပြုထိုက်သူများသို့

(၁)

☆ လေနီကြမ်းကြမ်း၊ တိုက်ခတ်ရမ်းလည်း
ဖြတ်သန်းခရီးနှင်၊ မှန်တိုင်းဆင်၍
ငြိုပြင်မာန်တင်း၊ မိုးသက်ပြင်းလည်း
စိတ်တင်းထားကာ၊ လျှောက်ခဲ့ပါသည်
ခုခါနှစ်များ ကြာခဲ့ပြီ။

(၂)

☆ နေပူရှိန်ပြင်း၊ လောင်မြိုက်ခြင်းကြောင့်
ကိုယ်တွင်းချွေးပေါက်၊ ဆားပွင့်ရောက်လည်း
တောက်လျှောက်ချီတက်၊ ခရီးဆက်၍
တောင်တက်တောင်ဆင်း၊ ဖြတ်သန်းကွင်းအား
ချင်းနင်းဝင်ရောက် ခရီးပေါက်။

(၃)

☆ မြူမှုန် မြူနှင်း၊ မိုးပေါက်ကြွင်းနှင့်
ဆီးနှင်းရောကာ၊ ချမ်းတုန်ပါလည်း
ဆွဲကာသေနတ်၊ ကျည်ခါးပတ်နှင့်
စောင်ထပ်ခြုံရင်း၊ အန်တုရင်းလျှင်
မငြင်းကြံ့ခိုင် ဇွဲနှင့်ပြိုင်။

(၄)

☆ ဪ...
ရာသီချိန်နှောင်း၊ ဘယ်လိုပြောင်းလည်း
မဟောင်းအစဉ်၊ သစ်မြဲပင်တည့်၊
ရင်ဝယ်သားကောင်း၊ သွေးသစ်လောင်းဖို့
နှစ်ဟောင်းကုန်ကာ၊ ဒီဇင်ဘာ၏
ထင်လာမမေ့၊ ငါးရက်နေ့၌
ထိတွေ့ကြကာ၊ ဆုမေတ္တာနှင့်
စွန့်ကာသူရဲကောင်း၊ စစ်သည်ပေါင်းအား
ဟောင်းကာရိုးဆွေး၊ မမေ့သေးဘဲ
ဟစ်ကြွေးသံပြိုင်၊ မြဲမြံခိုင်လျက်
ခုတိုင်ဂုဏ်ပြု၊ နှိုင်းဆတု၍
စုစည်းကာပေး၊ ငြိမ်းချမ်းရေးအတွက်
အလေးပြုကာ၊ ဦးညွတ်ပါရင်း
ဇာနည်ဂုဏ်ပုဒ်၊ ဘွဲ့မည်ထုတ်လျက်
ကျွန်ုပ်သည်လည်း ဂုဏ်ပြုဆဲ...။
မမေ့ရင်ထဲ လေးမြတ်ဆဲ...။
တုနှိုင်းဖွယ်မဲ့ ဂုဏ်ဒြပ်ပဲ။ ။

**ရဲမင်းစိုး**

(၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့တွင် နေပြည်တော်၌ ကျင်းပပြုလုပ်သော တုနှိုင်းဖွယ်ရာမရှိသော ဂုဏ်ဒြပ်များသို့ ဂုဏ်ပြုရေးဖွဲ့ပါသည်။)



သပြေဝ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်းကို တွေ့ရစဉ်။

❐ ကျောဖုံးမှ

Clean Power Energy (CPE) Co.,Ltd. မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦး၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်နှင့် Clean Power Energy (CPE) Co.,Ltd. မှ တာဝန်ရှိသူများက မဂ္ဂါဝပ် ၃၀ သပြေဝ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ စီမံကိန်း ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးက ဓာတ်အားပေးစက်ရုံကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးက မဂ္ဂါဝပ် ၃၀ သပြေဝ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်း ဖွင့်ပွဲအထိမ်းအမှတ် ဂုဏ်ပြုအမှာစကားပြောကြားရာတွင် သပြေဝ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်းသည် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် သပြေဝကျေးရွာအနီးတွင် Clean Power Energy (CPE) Co.,Ltd. မှ BOO (Build Operate Own) စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ရေအား၊ နေအား၊ လေအား အစရှိသည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အရင်းအမြစ်များ ပေါကြွယ်ဝသည့် နိုင်ငံဖြစ်သဖြင့် သဘာဝက ပေးထားသည့် အားသာချက်ကို ကောင်းစွာအသုံးချပြီး နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများကို အကောင်အထည်ဖော် တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့တည်ဆောက်ရာတွင် မြေဧကများစွာ လိုအပ်သည့်အတွက် နိုင်ငံအတွင်းရှိ စိုက်ပျိုးရေး ဆောင်ရွက်ရန် ခက်ခဲသည့် မြေများနှင့် အပူပိုင်းဒေသ လွင်တီးခေါင်ပြင်မြေများတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်အရ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ထပ်မံ၍ မြေပေါ်အခြားမြေပြင်၌ တည်ဆောက်မည့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်စီမံကိန်းများနှင့် ရေပေါ်နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံများ (Floating Solar Plants)ကိုလည်း အကောင်အထည်ဖော်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခု သပြေဝ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်း၏ စက်တပ်ဆင်အင်အားမှာ မဂ္ဂါဝပ် ၃၀ ဖြစ်ကာ မြန်မာနိုင်ငံတွင် ဒုတိယမြောက် အကောင်အထည်ဖော် တည်ဆောက်ပြီးစီးခဲ့သည့် စီမံကိန်းတစ်ခု ဖြစ်ပါကြောင်း၊ အဆိုပါစီမံကိန်းမှ တစ်ရက်လျှင် လျှပ်စစ်ယူနစ်ကီလိုဝပ် နာရီနှစ်သိန်းကျော်ခန့် ထုတ်လုပ်နိုင်ပြီး တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အားကီလိုဝပ် နာရီ သန်းပေါင်း ၇၀ ဒသမ ၅၉၉ ထုတ်လုပ်ပေးနိုင်မည် ဖြစ်ကာ ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားများကို သပြေဝ ပင်မဓာတ်အားခွဲရုံမှတစ်ဆင့် နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်ပို့လွှတ် ဖြန့်ဖြူးသွားမည်ဖြစ်ပါကြောင်း။

လက်ရှိအချိန်တွင် နိုင်ငံအတွင်း အိမ်ထောင်စုပေါင်း ၁၀ ဒသမ ၉ သန်းကျော်ရှိသည့်အနက် အိမ်ထောင်စု ၆ ဒသမ ၆ သန်းခန့်ကို နိုင်ငံတော် ဓာတ်အားစနစ်မှ မီးပေးနိုင်ပြီးဖြစ်၍ အိမ်ထောင်စုစုပေါင်း၏ ၆၁ ရာခိုင်နှုန်းကို ဓာတ်အား ဖြန့်ဖြူးပေးနိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် လျှပ်စစ်မီးရရှိသုံးစွဲပြီးသူများအား တည်ငြိမ်သော လျှပ်စစ်ဓာတ်အား ရရှိအောင် ဆောင်ရွက်ပေးနေသကဲ့သို့ လျှပ်စစ်မီးသုံးစွဲခွင့်မရသေးသူများအတွက်လည်း သုံးစွဲခွင့်ရရှိအောင် ဆောင်ရွက်ပေးလျက်ရှိပြီး ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံး ရာခိုင်နှုန်းပြည့် လျှပ်စစ်မီးသုံးစွဲနိုင်အောင် စီမံဆောင်ရွက်လျက်ရှိကြောင်း။

**ချွေတာသုံးစွဲ**

ပြည်သူများအနေဖြင့် လျှပ်စစ်ဓာတ်အားကို အကျိုးရှိစွာသုံးစွဲခြင်း၊ လိုအပ်သလောက်ကိုသာ ချွေတာသုံးစွဲခြင်းနှင့် မိမိတို့သုံးစွဲခဲ့သော ကျသင့်သည့် ဓာတ်အားခများကို သတ်မှတ်ရက်များအတိုင်း အချိန်မီပေးသွင်းကြခြင်းဖြင့် နိုင်ငံအတွင်းရှိ လျှပ်စစ်မီးသုံးစွဲရန် ကျန်ရှိနေသူပြည်သူများ သုံးစွဲနိုင်ရေး၊ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ ထုတ်လုပ်နိုင်ရေး၊ လက်ရှိဓာတ်အားသုံးစွဲနေသော စက်ရုံ၊ အလုပ်ရုံများအပြင် ခေတ်မီစက်ရုံ၊ အလုပ်ရုံများ၏ ဓာတ်အားလိုအပ်ချက်ကို စဉ်ဆက်မပြတ် တိုးတက်ဖြန့်ဖြူးပေး နိုင်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်သွားမည့် ဝန်ကြီးဌာန၏ ဆောင်ရွက်မှုများကို နားလည်သဘောပေါက်ပြီး အကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းများအပေါ် ပြည်သူများကလည်း ဝိုင်းဝန်းပူးပေါင်း ကူညီစောင့်ရှောက်ပေးစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦးက မဂ္ဂါဝပ် ၃၀ သပြေဝ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ စီမံကိန်း တည်ဆောက်ရခြင်း၏ အကျိုးကျေးဇူးများကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုက စက်ရုံ တည်ဆောက်ရသည့် အကျိုးကျေးဇူးကိုလည်းကောင်း၊ Clean Power Energy (CPE) Co.,Ltd. မှ တာဝန်ရှိသူက ဓာတ်အားပေးစက်ရုံ စီမံကိန်းတည်ဆောက်ခဲ့မှု အခြေအနေကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီး ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဓာတ်အားပေးစက်ရုံ တည်ဆောက်ခဲ့မှုမှတ်တမ်းဗီဒီယိုကိုကြည့်ရှုပြီး နေရောင်ခြည်စွမ်းအင်မှ လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ပြီး နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်၍ ပို့လွှတ်ဖြန့်ဖြူးပေးနေမှု အခြေအနေကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် ခေတ်အဆက်ဆက်က တိုင်းပြည်အတွက် အသက်ပေးခဲ့ရတဲ့ စစ်သည်တွေကို မေ့လို့မရဘူး၊ ကျွန်တော်တို့ အမြဲတမ်းဂုဏ်ပြုနေရမယ်

**ဦးမောင်မောင်အောင်**

**နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း အသက်ပေးကျဆုံးသွားခဲ့သည့် ခေတ်အဆက်ဆက်မှ ကျဆုံးစစ်သည်များအား အောက်မေ့ဖွယ် ဂါရဝပြုဆုတောင်းပွဲနှင့် အလေးပြုခြင်းအခမ်းအနားကို အဌမအကြိမ်မြောက်အဖြစ် ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ သူရဲကောင်းဗိမာန်(နေပြည်တော်)၌ ကျင်းပရာ အခမ်းအနားသို့ တက်ရောက်လာကြသူများ၏ စကားသံများကို ဖော်ပြလိုက်ရပါသည်-**



ဦးမောင်မောင်အောင်



ဒေါ်မြမြဝင်း



ဒေါ်ခင်ထိုက်စံ

**ဦးမောင်မောင်အောင်**

သူရဲကောင်းစစ်သည်ဗိမာန်မှာ ဂုဏ်ပြုပွဲကျင်းပခဲ့တာဆိုရင် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့က ပထမဆုံးအကြိမ် စတင်ပြီးတော့ သတ္တမအကြိမ်မြောက်အထိကို ရန်ကုန်မြို့မှာရှိတဲ့ သူရဲကောင်းစစ်သည်ဗိမာန်မှာ အောင်မြင်စွာကျင်းပခဲ့ပါတယ်။ နေပြည်တော်မှာရှိတဲ့ သူရဲကောင်းဗိမာန်ကြီးဖွင့်ပြီးတဲ့အချိန်ကတည်းကစပြီး ဒီမှာကျင်းပဖို့ ဆန္ဒအလွန်ရှိခဲ့ပါတယ်။ ကျွန်တော်တို့ ဒီနေ့ အဌမအကြိမ်မြောက်မှာတော့ ဒီသူရဲကောင်းဗိမာန်မှာ ပထမဆုံးအကြိမ်ကျင်းပနိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ဒီပွဲကျင်းပရခြင်းရဲ့ ရည်ရွယ်ချက်ကတော့ တပ်မတော်ဆိုတာ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို ကာကွယ်ဖို့အတွက် နိုင်ငံတိုင်းမှာရှိတဲ့ အဖွဲ့အစည်းတစ်ခု ဖြစ်ပါတယ်။ ကျွန်တော်တို့တိုင်းပြည်ရဲ့ တပ်မတော်က အခြားတပ်မတော်တွေနဲ့မတူ တစ်မူထူးခြားတာကတော့ ကျွန်တော်တို့ရဲ့တပ်မတော်က လွတ်လပ်ရေးမရမီအချိန်ကာလကစပြီး လွတ်လပ်ရေးရတဲ့အထိ တိုက်ပွဲတွေဝင်ပြီးတော့ ခေတ်အဆက်ဆက်က စစ်သည်တွေကျဆုံးခဲ့ရတယ်။ အလားတူ လွတ်လပ်ရေးရပြီးတဲ့အချိန်မှာလည်း ပြည်တွင်းသောင်းကျန်းသူတွေကို နှိမ်နင်းရင်းနဲ့ ယခုမှာဆိုလည်း ပြည်တွင်းတည်ငြိမ်မှုရရှိရေးကို ဆောင်ရွက်နေရင်းနဲ့ ခေတ်အဆက်ဆက်က အသက်စွန့်လွှတ်ခဲ့တဲ့ ရဲဘော်တွေ၊ စစ်သည်တွေရှိပါတယ်။ ဒါကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ခေတ်အဆက်ဆက်က တိုင်းပြည်အတွက် အသက်ပေးခဲ့ရတဲ့စစ်သည်တွေကို မေ့လို့မရဘူး၊ ကျွန်တော်တို့ အမြဲတမ်းဂုဏ်ပြုနေရမယ်။ ကျွန်တော်တို့ မရှိတော့ရင်လည်း ကျွန်တော်တို့ နောင်လာနောက်သားတွေ ခေတ်ဆက်ဆက်က အမွန်မြတ်ဆုံးသော စွန့်လွှတ်ခြင်းရဲ့ဂုဏ်ဒြပ်နဲ့ တိုင်းပြည်အတွက် အသက်ပေးလှူသွားတဲ့ သူတွေကို ကျွန်တော်တို့ ဆက်လက်ဂုဏ်ပြုနေမှာပါ။

**ဒေါ်မြမြဝင်း၊ ဗက-ထက်ညီဟိန်း(ကျဆုံး) (သူရဲကောင်းမှတ်တမ်းဝင်)၏ မိခင်**

၁၉၉၀ ပြည့်နှစ်မှာ သားလေးကို မွေးခဲ့တာပါ။ ခမရ(၄၁၅)မှာ ခြောက်နှစ် တာဝန်ထမ်းဆောင်ခဲ့ရပါတယ်။ ၂၀၁၂ ခုနှစ်က တိုင်းပြည်အတွက် သွားခြောက်ချောင်းကို ပေးဆပ်ခဲ့ရပါတယ်။ အဲဒီနှစ်မှာပဲ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရဲ့ ဂုဏ်ထူးဆောင်လက်မှတ်ကို တစ်ကြိမ်ရရှိခဲ့ပါတယ်။ နောက်ပြီး ၂၀၁၅ ခုနှစ် လွတ်လပ်ရေးနေ့မှာလည်း သူရဲကောင်းမှတ်တမ်းဝင်ဘွဲ့တံဆိပ်ကို ထပ်မံရရှိခဲ့ပါတယ်။ ၂၄-၃-၂၀၁၅ ရက်နေ့မှာ တိုင်းပြည်တာဝန် ထမ်းဆောင်ရင်း ကချင်ပြည်နယ်က ရှေ့တန်းစစ်မြေပြင် တစ်နေရာမှာ သားလေးကျဆုံးသွားခဲ့ပါတယ်။ သားလေးအတွက် တကယ်ဂုဏ်ယူပါတယ်။ မိဘဖြစ်စေချင်တဲ့လမ်းပေါ်မှာ သူလျှောက်ခဲ့တာပါ။ သူကိုယ်တိုင်ကလည်း တိုင်းပြည်အတွက် စွမ်းစွမ်းတမံဆောင်ရွက်ချင်ခဲ့တဲ့သူပါ။ အဲဒီလို ဆောင်ရွက်နိုင်အောင်လည်း အန်တီက ပြုစုပျိုးထောင်ပေးခဲ့ပါတယ်။ သားလေးနဲ့ အတူအသက်ပေးဆပ်ခဲ့ရတဲ့သူရဲကောင်းတွေအားလုံးလည်း ကောင်းရာမွန်ရာကိုရောက်ပါစေလို့ အန်တီဆုတောင်းပေးပါတယ်။ ကျဆုံးသွားတဲ့ သူရဲကောင်းတွေရဲ့ မိခင်တွေကိုယ်စားပြောရမယ်ဆိုရင် အန်တီတို့လို မိခင်တွေအတွက်ကတော့ ကိုယ့်ရဲ့နှလုံးသားကို ဖဲ့ပေးလိုက်ရသလိုပါပဲ။ ဒါပေမဲ့ အချိန်လေးနဲ့ ကုစားရင်း၊ အခုလို ဂုဏ်ယူရင်းနဲ့ပဲ အသက်ကို ဆက်လက်ရှင်သန်ကြပါလို့ တိုက်တွန်းချင်ပါတယ်။

**ဒေါ်ခင်ထိုက်စံ**

အန်တီတို့က ဒီပွဲကို စပြီးလုပ်တဲ့အချိန်ကတည်းက ရန်ကုန်မှာကတည်းက နှစ်စဉ်နှစ်တိုင်းတက်ခဲ့တာပါ။ ဒီနှစ်က ရန်ကုန်မှာမလုပ်ဘူး နေပြည်တော်မှာလုပ်မယ်ဆိုတော့ နေပြည်တော်ကို ရောက်အောင်သွားမယ်ဆိုပြီး အန်တီတို့တွေ လာခဲ့ကြတယ်။ အညတရ သူရဲကောင်းစစ်သည်တွေက ခေတ်ဆက်ဆက်က အမေ့ခံတွေပါ။ နိုင်ငံတော်အတွက်၊ တိုင်းပြည်အတွက် သူတို့ရဲ့အသက်ကို စတေးပြီး တိုက်ပွဲဝင်ကာကွယ်ခဲ့ကြတာ။ အညတရ သူရဲကောင်းစစ်သည်များအားလုံး ကျဆုံးခဲ့တဲ့ စစ်သည်များအားလုံး အန်တီတို့ရင်ထဲကနေ လှိုက်လှိုက်လဲလှဲလှဲ ကိုယ့်မိသားစု၊ ကိုယ့်မောင်လေး၊ ကိုယ့်အစ်ကို၊ ကိုယ့်တူသားလေးတွေကို ချစ်တဲ့အတိုင်း မေတ္တာရှိတဲ့အတိုင်း အန်တီတို့ရင်ထဲမှာ အမြဲတမ်းရှိပါတယ်။ ရင်ထဲမှာ အမြဲတမ်းလေးစားခဲ့တယ်။ သူတို့ရဲ့ ကျန်ရစ်ခဲ့တဲ့ မိသားစုတွေကိုလည်း ဒီနေရာကနေ အားပေးပါတယ်။

**သတင်းစဉ်**

# ငြင်းမရနိုင်သော သက်သေများ

မင်းခန့်

**ခေါင်းစဉ်ကိုဖတ်မိတာနဲ့ ဘာတွေကိုငြင်းနေသလဲဆိုတာကို သိချင်ကြမယ်ထင်ပါတယ်။ ငြင်းမရနိုင်တဲ့သက်သေများလို့ဆိုတဲ့အတွက် ဒီဆောင်းပါးမှာတင်ပြမယ့်အကြောင်းအရာများသည် ထင်မြင်ချက်တွေ၊ စွပ်စွဲချက်တွေမဟုတ်ကြောင်း လက်တွေ့ဖြစ်စဉ်တွေနဲ့တကွ ရှင်းပြသွားမှာဖြစ်ပါတယ်။ ရှင်းပြချက်တွေကို နိုင်ငံရေးအရောင်အသွေးမပါဘဲ ကြားနေပြည်သူတစ်ဦးအနေနဲ့ ပကတိအရှိတရားအတိုင်း မှန်မှန်ကန်ကန် ရှုမြင်ကြည့်ရင်တော့ ငြင်းလို့မရနိုင်တဲ့ သက်သေတွေရဲ့အဖြေက ပိုမိုရှင်းလင်းမှာဖြစ်ပါတယ်။**

ငြင်းနေတဲ့အကြောင်းအရာကတော့ NUGအဖွဲ့ဟာအကြမ်းဖက်အဖွဲ့အစည်းဟုတ်/ မဟုတ်ဆိုတဲ့အချက်ပဲ ဖြစ်ပါတယ်။ အထူးသဖြင့် အချို့သံတမန်အသိုင်းအဝိုင်းကြားမှာ NUG အဖွဲ့ကို မြန်မာပြည်သူလူထု အများစုက ထောက်ခံနေတဲ့အတွက် အကြမ်းဖက်အဖွဲ့အဖြစ်သတ်မှတ်ဖို့ ခက်ခဲတယ်ဆိုတဲ့ လွဲမှားတဲ့အကြောင်းပြချက်မျိုးကိုလည်း အံ့သြဖွယ်ရာ ကြားသိနေရပါတယ်။ လက်တွေ့မြန်မာပြည်သူတွေအကြားမှာတော့ NUG ကို ထောက်ခံနေသူတွေ၊ ပါဝင်လှုပ်ရှားသူတွေဘက်က သူတို့လုပ်ရပ်ဟာ အကြမ်းဖက်လုပ်ရပ်မဟုတ်ကြောင်း ငြင်းဆိုနေကြသလို တစ်ဖက်မှာလည်း NUG အဖွဲ့ရဲ့လုပ်ရပ်တွေကြောင့် ထိခိုက်ခံစားနေရတဲ့ပြည်သူအများစုကတော့ ရက်စက်ကြမ်းကြုတ်လွန်းတဲ့ အကြမ်းဖက်လုပ်ရပ်တွေဖြစ်တယ်လို့ မြင်နေကြပါတယ်။ ဒါကြောင့်လည်း NUG အဖွဲ့သည် အကြမ်းဖက်အဖွဲ့အစည်း ဟုတ်၊ မဟုတ်ဆိုတဲ့အချက်ကို ဓမ္မဓိဋ္ဌာန်ကျကျ ဆန်းစစ်ကြည့်ဖို့လိုလာပါတယ်။

**မဲပေးပိုင်ခွင့်ရှိသူပေါင်း ၃၈ သန်းကျော်**

NUG/PDF အကြမ်းဖက်အဖွဲ့တွေကို ပြည်သူအများစုက ထောက်ခံနေတယ်ဆိုတဲ့ နိုင်ငံတချို့ရဲ့ ထင်မြင်ချက်က NLD ကို မြန်မာနိုင်ငံက လူအများစုထောက်ခံနေတယ်ဆိုတဲ့ ထင်မြင်ချက်ကနေ ဆင်းသက်လာတာဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲမှာ NLD ပါတီအနေနဲ့ First–past–the–post(FPTP) ရွေးကောက်ပွဲစနစ်ကြောင့် သောင်ပြိုကမ်းပြိုနိုင်ခဲ့တယ်လို့ ဆိုကြပေမယ့် လက်တွေ့မှာ မဲပေးပိုင်ခွင့်ရှိသူပေါင်း ၃၈၀၂၂၉၇ ဦး (၃၈ သန်းကျော်) မှာ ၂၆၃၆၈၂၀၇ ဦး (၂၆ သန်းကျော်) မဲလာပေးခဲ့ပြီး NLD ပါတီက ရရှိခဲ့တဲ့ ထောက်ခံမဲပေါင်း ၁၂ သန်းသာ ရရှိခဲ့တာဖြစ်ပါတယ်။ ဒီအချက်အလက်တွေကိုကြည့်ရင် မဲလာပေးခဲ့တဲ့ပြည်သူထဲမှာတောင် NLD ကို မထောက်ခံသူက ၁၄ သန်းကျော်ရှိခဲ့ပါတယ်။ ဒါကြောင့် NLD ကို မြန်မာပြည်သူအားလုံးက ထောက်ခံနေကြတယ်လို့ ပြည်တွင်း/ပြည်ပမှာ ပျံ့နှံ့နေတဲ့ ယူဆချက်က ချဲ့ကားပုံဖော်မှုခံခဲ့ရခြင်းသာ ဖြစ်ပါတယ်လို့ ဆိုရခြင်းဖြစ်ပါတယ်။

၂၀၁၅ ရွေးကောက်ပွဲနောက်ပိုင်း NLD အစိုးရရဲ့သက်တမ်း ငါးနှစ်တာကာလအတွင်းမှာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ငြိမ်းချမ်းရေး အဘက်ဘက်မှာ မအောင်မြင်ခဲ့တဲ့အပြင် တိုင်းရင်းသားတွေနဲ့ အဆင်မပြေဖြစ်ခဲ့ရခြင်းကြောင့် ပြည်သူလူထုရဲ့ထောက်ခံမှု ထပ်မံကျဆင်းလာခဲ့တာအားလုံးသိတဲ့ကိစ္စဖြစ်ပါတယ်။ ဒီလိုပြောလို့ NLD ပါတီကို ဆန့်ကျင်စိတ်နဲ့ တစ်ဖက်သတ်စွပ်စွဲတယ်လို့ မထင်စေချင်ပါဘူး။ NLD အစိုးရ ငါးနှစ်တာကာလ စွမ်းဆောင်ရည်ညံ့ဖျင်းခဲ့မှုတွေကတော့ အများသတိထားမိတဲ့ကိစ္စဖြစ်ပြီး NLD ပါတီကို ထောက်ခံသူတွေကိုယ်တိုင် ကြုံတွေ့ခဲ့ရတဲ့၊ အားမလိုအားမရ ဖြစ်ခဲ့ရတဲ့ ဖြစ်ရပ်မှန်တွေဖြစ်ပါတယ်။ NLD ပါတီက တာဝန်ရှိသူတွေကိုယ်တိုင် ဝန်ခံထုတ်ဖော်ပြောကြားထားတဲ့ အထောက်အထားတွေလည်းရှိပါတယ်။

တပ်မတော်က နိုင်ငံတော်တာဝန်ကို အခြေခံဥပဒေအရ ထိန်းသိမ်းလိုက်ရပြီးနောက်ပိုင်းမှာ ငြိမ်းချမ်းစွာဆန္ဒပြမှုတွေဖြစ်ပေါ်ခဲ့ပါတယ်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၂၂ရက်က လူဦးရေအများဆုံးဆန္ဒပြခဲ့ကြတဲ့နေ့မှာတောင် လူဦးရေ ငါးသန်းကျော်ခန့်(မြန်မာနိုင်ငံလူဦးရေရဲ့ ၉ ဒသမ ၅၂ ရာခိုင်နှုန်း)သာ ဆန္ဒဖော်ထုတ်ခဲ့ကြတာဖြစ်ပါတယ်။ သို့ပေမယ့်လည်း နိုင်ငံတကာက မွေးမြူထားတဲ့ ပြည်တွင်း/ပြည်ပ မီဒီယာတွေ၊ တက်ကြွလှုပ်ရှားသူ (Activitists) တွေနဲ့ လူမှုရေးအရ သြဇာလွှမ်းမိုးနိုင်သူ (social influencers) တွေပေါင်းပြီး တစ်နိုင်ငံလုံး ဆန္ဒပြနေကြသယောင် ရည်ရွယ်ချက်ရှိရှိ ကမ္ဘာကို ပုံဖော်ပြခဲ့ကြပါတယ်။ ယခုအချိန်ထိလည်း ဒီလိုပုံဖော်ပြနေကြဆဲဖြစ်ပါတယ်။

**မြန်မာကျပ်ငွေသန်းပေါင်း ခြောက်ထောင်**

NLD ပါတီအနေနဲ့ ၎င်းတို့အာဏာရှိခဲ့စဉ်က Facebook လို ဆိုရှယ်မီဒီယာကို မြန်မာကျပ်ငွေသန်းပေါင်း ခြောက်ထောင်ကျော် သုံးစွဲပြီး ထိန်းချုပ်ခဲ့ပါတယ်။ NLD ပါတီနဲ့ အစိုးရကို မထောက်ခံသူတွေရဲ့ ဆန္ဒနဲ့ အသံတွေကို ဆိုရှယ်မီဒီယာပေါ်မှာ ထိန်းချုပ်ထားပြီး NLD ပါတီကို ထောက်ခံသူများရဲ့ အသံတွေသာ လွှမ်းမိုးအောင် ငွေကြေးအကူအညီ၊ နည်းပညာအကူအညီနဲ့ ဆောင်ရွက်ခဲ့ကြပါတယ်။ အချို့နိုင်ငံတွေရဲ့ ထောက်ပံ့မှုနဲ့ Activitists တွေ၊ Journalists တွေ၊ Social Influencers တွေ မွေးမြူခြင်းကို ဇာတ်တိုက် ဆောင်ရွက်ခဲ့ကြပါတယ်။ ဒါကြောင့် ဆိုရှယ်မီဒီယာပေါ်မှာ မြင်တွေ့နေရတဲ့ ချဲ့ကားထားတဲ့ ဆန္ဒပြမှုတွေနဲ့ NLD ထောက်ခံမှုတွေဆိုတာ ရည်ရွယ်ချက်ရှိရှိ ဖန်တီးထားတဲ့ အတုအယောင် (illusions) တွေသာ ဖြစ်ပါတယ်။ ဒီလိုဆိုရှယ်မီဒီယာကို အသုံးချပြီး ပြည်သူလူထုအားလုံးက ထောက်ခံမှုရှိသယောင် ပုံဖော်တာ၊ ထောက်ခံမှုရအောင် မလိမ့်တပတ်ဆောင်ရွက်တာတွေက NLD ကနေ ပေါက်ဖွားလာတဲ့ NUG အကြမ်းဖက်အဖွဲ့အပေါ်မှာလည်း သက်ရောက်မှုရှိခဲ့ပါတယ်။


နောက်တစ်ချက်က ပြည်သူတချို့ ဆန္ဒပြပွဲတွေမှာ ပါဝင်ခဲ့တယ်ဆိုတာ မှန်ပေမယ့် NLD အစွန်းရောက်ထောက်ခံသူတွေအနေနဲ့ အကြမ်းဖက်မှုတွေကို ပြောင်းလဲလာတဲ့အချိန်မှာ ပြည်သူအများစု မထောက်ခံကြတော့ပါဘူး။ ဒီလို မထောက်ခံကြတော့တဲ့အတွက် NLD အစွန်းရောက်တွေက ၎င်းတို့ကို မထောက်ခံသူ၊ နိုင်ငံရေးလှုပ်ရှားမှုတွေမှာ ဝင်မပါဘဲ ငြိမ်းချမ်းစွာနေလိုတဲ့ သာမန်အပြစ်မဲ့ ပြည်သူတွေကို လူမှုရေးအရ အပြစ်ပေးခြင်း (Social Punishment) အမည်ခံပြီး လူမှုရေးအရ အနိုင်ကျင့်ခြင်း (Social Bullying) တွေကို စတင်ဆောင်ရွက်ခဲ့ကြပါတယ်။ ဆိုရှယ်မီဒီယာပေါ်မှာကော ပြင်ပမှာပါ ဆောင်ရွက်ခဲ့ကြတာ ဖြစ်ပါတယ်။ အထောက်အထားများစွာရှိပါတယ်။ ပါတီတစ်ခုရဲ့လုပ်ရပ်ကို မထောက်ခံလို့ လူမှုရေးအရ အနိုင်ကျင့်တာကို နိုင်ငံတကာမှာ လက်ခံကြပါသလား၊ ဒီမိုကရေစီကျင့်စဉ်တွေ တန်ဖိုးတွေနဲ့ ကိုက်ညီပါသလားဆိုတာကို မေးခွန်းထုတ်ကြည့်သင့်ပါတယ်။

**အရပ်သား သာမန်ပြည်သူတွေ**

နိုင်ငံတကာကို ယခုလက်ရှိအခြေအနေတွေအရ အထူးသတိပြုသိစေချင်တာက NUG/PDF တွေရဲ့ စစ်ဘက်မဟုတ်တဲ့ အရပ်ဘက်ပစ်မှတ်တွေကို တိုက်ခိုက်နေမှုနဲ့ လက်နက်မဲ့ပြည်သူတွေကို အကြမ်းဖက်သတ်ဖြတ်နေကြတဲ့ကိစ္စရပ်တွေဖြစ်ပါတယ်။ NLD အမတ်တွေနဲ့ အစွန်းရောက်ထောက်ခံသူတွေကနေ CRPH/ NUG/ PDF အဖွဲ့တွေကို ဖွဲ့စည်းခဲ့ကြပြီး ၎င်းတို့ကို မထောက်ခံသူတွေ၊ အယူအဆမတူတဲ့ အပြစ်မဲ့ပြည်သူတွေ၊ တိုက်ခိုက်ရေးစစ်သည်မဟုတ်တဲ့ အရပ်သား သာမန်ပြည်သူတွေကို ပစ်မှတ်အဖြစ် ဒလန်လို့စွပ်စွဲပြီး ရက်ရက်စက်စက်သတ်ဖြတ်နေကြခြင်းဖြစ်ပါတယ်။ NUG အဖွဲ့က ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၇ ရက်နေ့မှစပြီး D–Day အမည်ခံကာ အကြမ်းဖက်လုပ်ရပ်တွေ အရှိန်မြှင့်တင်ဖို့ လှုံ့ဆော်ခဲ့ကြတာ ကမ္ဘာသိဖြစ်ပါတယ်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့မှ နိုဝင်ဘာလ ၂၇ ရက်နေ့အထိ NUG/PDF အကြမ်းဖက်သမားတွေရဲ့ တိုက်ခိုက်မှုနဲ့ ဒလန်လို့စွပ်စွဲပြီး အကြမ်းဖက် သတ်ဖြတ်မှုကြောင့် လက်နက်မရှိတဲ့အပြစ်မဲ့ပြည်သူ ၁၀၃၁ ဦး သေဆုံးခဲ့ကာ ၁၀၇၆ ဦး ဒဏ်ရာရရှိခဲ့ပါတယ်။ ရဟန်း၊ သံဃာတော် ၁၃ ပါး ပျံလွန်တော်မူခဲ့ရပြီး ငါးပါးကို နှိပ်စက်ညှဉ်းပန်းခဲ့ပါတယ်။ အစိုးရဝန်ထမ်းတွေသေဆုံး ၃၈ ဦး၊ ဒဏ်ရာရ ၈၁ ဦး ရှိပါတယ်။

**စာမျက်နှာ ၉ သို့** ✸




**အကြမ်းဖက်ဝါဒဆိုတာကို အမေရိကန်နိုင်ငံရဲ့အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ "အကြမ်းဖက်ဝါဒဆိုတာ နိုင်ငံတစ်ခုထက် အဆင့်နိမ့်တဲ့အဖွဲ့တွေ သို့မဟုတ် လျှို့ဝှက်ပြီး ဖွဲ့စည်းထားတဲ့အဖွဲ့တွေကနေ တိုက်ပွဲဝင်စစ်သည်မဟုတ်တဲ့ ပစ်မှတ်တွေကို ကြိုတင်ကြံရွယ်ပြီး နိုင်ငံရေးအရ အရင်းခံတဲ့ အကြမ်းဖက်မှုများဖြစ်တယ်"** "terrorism" as "premeditated, politically motivated violence perpetrated against noncombatant targets by subnational groups or clandestine agents" **လို့ အဓိပ္ပာယ်ဖွင့်ဆိုပါတယ်။ အကြမ်းဖက်မှုဆောင်ရွက်ချက်အဖြစ် သတ်မှတ်ချက်တွေမှာ ပေါက်ကွဲစေနိုင်တဲ့ လက်နက်တွေနဲ့ အန္တရာယ်ရှိစေတဲ့ပစ္စည်းတွေကို တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်အသုံးပြုမှုတွေနဲ့ မည်သည့်ခြိမ်းခြောက်မှု၊ လျှို့ဝှက်ကြံစည်မှုနဲ့ ကြိုးစားမှုတွေမဆို အကျုံးဝင်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာ ဖြစ်ပွားနေတဲ့** NUG／PDF **တွေရဲ့ အကြမ်းဖက်လုပ်ရပ်တွေဟာ မြန်မာ့စံနှုန်းနဲ့သာမက ဒီမိုကရေစီသက်တမ်းနှစ်ပေါင်း ၂၀၀ ကျော်နေပြီဖြစ်တဲ့ အမေရိကန်နိုင်ငံက သတ်မှတ်ထားတဲ့အကြမ်းဖက်မှုသတ်မှတ်ချက်တွေနဲ့ ချိန်ထိုးကြည့်ရင်လည်း အကျုံးဝင်နေတာကို တွေ့ရမှာဖြစ်**

✷ စာမျက်နှာ ၈ မှ

အုပ်ချုပ်ရေးမှူးတွေ၊ ရာအိမ်မှူးတွေနဲ့ သက်ဆိုင်ရာဝန်ထမ်းတွေ သေဆုံး ၂၀၇ ဦး၊ ဒဏ်ရာရ ၁၅၅ ဦး ရှိခဲ့ပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေ သေဆုံး သုံးဦး၊ ဒဏ်ရာရ ရှစ်ဦးရှိပါတယ်။ ဆရာ ဆရာမတွေအပါအဝင် ပညာရေး ဝန်ထမ်းတွေ သေဆုံး ၁၂ ဦး၊ ဒဏ်ရာရ ၁၅ ဦးနဲ့ ပျက်စီး/ဆုံးရှုံးခဲ့ရတဲ့ စာသင်ကျောင်းနဲ့ ပညာရေးအဆောက်အအုံ ပေါင်း ၄၄၅ ခုရှိပါတယ်။ ကိုဗစ်-၁၉ စင်တာတွေကို အကြမ်းဖက်တိုက်ခိုက်ခဲ့တဲ့ဖြစ်စဉ် ၃၃ ခုမှာ သေဆုံး ၁၃ ဦး၊ ဒဏ်ရာရ ၂၇ ဦးရှိပြီး ဆေးရုံ/ ဆေးခန်းတွေကို တိုက်ခိုက်ခံရမှု ၂၅ ကြိမ်ရှိပြီ ဖြစ်ပါတယ်။ အများပြည်သူသုံး လမ်းတံတားတွေကို ၃၉၇ ကြိမ် ဖျက်ဆီးခံခဲ့ရပါတယ်။ ဒီလိုနေ့စဉ်နဲ့အမျှ အများပြည်သူနဲ့ သက်ဆိုင်တဲ့နေရာတွေကို အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်စဉ်ပေါင်း ၄၂၂၆ ကြိမ် ရှိခဲ့ပြီဖြစ်ပါတယ်။

### ငြင်းလို့မရတဲ့သက်သေတွေ

ဒီလိုစစ်ဘက်နဲ့ မသက်ဆိုင်တဲ့ အရပ်ဘက်ပစ်မှတ်တွေကို နေ့စဉ်နီးပါး အကြမ်းဖက် တိုက်ခိုက်နေကြတာကို အစိုးရမီဒီယာတွေက အချိန်နဲ့တစ်ပြေးညီ ထုတ်ပြန်ပေးနေသလို ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာသံရုံးတွေနဲ့ အကြမ်းဖက်မှုတိုက်ဖျက်ရေးအဖွဲ့အစည်းတွေကိုလည်း သက်သေအထောက်အထားတွေနဲ့တကွ အစဉ်မပြတ်အသိပေးနေတယ်လို့ သိရပါတယ်။ ဒီလိုခိုင်မာတဲ့အထောက်အထားတွေ ရှိပါလျက်နဲ့ NUG/PDF နဲ့ အစွန်းရောက် NLD အဖွဲ့တွေရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို လျစ်လျူရှုပြီး ပြည်သူအများစုက ထောက်ခံနေတယ်လို့ လွဲမှားစွာထင်မြင်ယူဆနေတာကတော့ လုံးဝမဖြစ်သင့်ဘူးလို့ထင်ပါတယ်။ ဒီအဖွဲ့တွေရဲ့လုပ်ဆောင်ချက်တွေကို ဒီမိုကရေစီစံနှုန်းအရပဲဖြစ်ဖြစ်၊ လူ့အခွင့်အရေးရှုထောင့်ကနေပဲကြည့်ကြည့်၊ လူသားချင်းစာနာတဲ့စိတ်နဲ့ပဲ စဉ်းစားစဉ်းစား၊ ဂျနီဗာကွန်ဗင်းရှင်းလို နိုင်ငံတကာစံနှုန်းတွေနဲ့ပဲ ချိန်ထိုးချိန်ထိုး ဘယ်လိုရှုထောင့်ကနေပဲ ကြည့်သည်ဖြစ်စေ အကြမ်းဖက်လုပ်ရပ်တွေသာ ဖြစ်တယ်ဆိုတာ ထင်ရှားပေါ်လွင်ပြီး ငြင်းလို့မရတဲ့သက်သေတွေပဲ ဖြစ်ပါတယ်။

ဒီထက်ပိုပြီး ခိုင်မာတဲ့သက်သေအထောက်အထားတွေကတော့ မကြာသေးမီကမှ ဖမ်းဆီးရမိတဲ့ NLD ပါတီက ဖြိုးဇေယျာသော်ရဲ့ ထွက်ဆိုချက်တွေနဲ့ သိမ်းဆည်းရမိတဲ့ သက်သေခံပစ္စည်းတွေအရ မြန်မာနိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ လုပ်ကြံသတ်ဖြတ်မှုတွေနဲ့ အကြမ်းဖက်တိုက်ခိုက်မှုတွေကို NUG က ဦးဆောင်ညွှန်ကြားနေတယ်ဆိုတာ ဘယ်လိုမှ ငြင်းလို့မရတဲ့သက်သေတွေဖြစ်ပါတယ်။ ကိုဗစ်-၁၉ ကာလမှာ ဖြစ်ပေါ်ခဲ့တဲ့ အောက်ဆီဂျင်အခက်အခဲကို အခွင့်ကောင်းယူပြီး အကြမ်းဖက်မှုတွေ ဆောင်ရွက်ဖို့ လက်နက်ခဲယမ်းတွေကို အောက်ဆီဂျင်အိုးတွေထဲ ထည့်ပြီး တင်ပို့ခဲ့ကြပါတယ်။ EAOs တချို့က ကူညီခဲ့ကြပါတယ်။ NUG ရဲ့ "Hit List" ဆိုတာ အမှန်တကယ်ရှိကြောင်း ၎င်းရဲ့ မှတ်စုစာအုပ်က မှတ်တမ်းတွေက သက်သေခံနေပါတယ်။

ဒီလို ဘာသာရေးနဲ့ဆိုင်တဲ့ပုဂ္ဂိုလ်တွေ၊ ဆရာ ဆရာမတွေနဲ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ဆောင်ရွက်နေတဲ့ နေရာတွေအပါအဝင် လက်နက်ကိုင်တပ်ဖွဲ့မဟုတ်တဲ့ အရပ်ဘက်ပစ်မှတ်တွေကို NUG ရဲ့ စီစဉ်စေခိုင်းချက်အရ တိုက်ခိုက် သတ်ဖြတ်နေကြတာက အကြမ်းဖက်ဝါဒ (terrorism) မဟုတ်ဘူးလားလို့ မေးခွန်းထုတ်ချင်ပါတယ်။ နေ့စဉ်ဖြစ်ပေါ်နေတဲ့ NUG/PDF နဲ့ အစွန်းရောက် NLD ထောက်ခံသူတွေရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို မသိတာလား၊ မသိချင်ယောင်ဆောင်နေတာလား ဆိုတာကိုလည်း မေးခွန်းထုတ်ရမလို ဖြစ်နေပါတယ်။ ဒါကြောင့် အစဉ်အလာကြီးမားတဲ့ ဒီမိုကရေစီနိုင်ငံတွေနဲ့ လူ့အခွင့်အရေးကို အလေးထားပါတယ်ဆိုတဲ့ နိုင်ငံကြီးသားဆိုသူတွေက အကြမ်းဖက်ဝါဒနဲ့ အကြမ်းဖက်မှုတွေကို အားပေးနေကြသလားလို့တောင် ထင်မြင်ယူဆနေသူတွေ ရှိနေပြီဖြစ်ပါတယ်။

**မြန်မာနိုင်ငံမှာဖြစ်ခဲ့တဲ့ ငြိမ်းချမ်းစွာဆန္ဒပြမှုအဆင့်တုန်းက လုံခြုံရေးတပ်ဖွဲ့ဝင်တွေအနေနဲ့ ပစ်ခတ်နှိမ်နင်းတာ မတွေ့ရဘဲ အကြမ်းဖက်ဆန္ဒပြမှုတွေအဖြစ် ပြောင်းလဲလာချိန်မှသာ ဥပဒေနဲ့အညီ အနည်းဆုံးအင်အား၊ အနိမ့်ဆုံးအဆင့်နဲ့ ထိန်းသိမ်းဆောင်ရွက်ခဲ့တာကို တွေ့ရပါတယ်။ နိုင်ငံတကာမှာလည်း အလားတူဆောင်ရွက်နေကြပါတယ်။ ဒီမိုကရေစီဘိုးအေနိုင်ငံကြီးတွေမှာတောင် ဆူပူဆန္ဒပြမှုတွေက အကြမ်းဖက်လုပ်ရပ်တွေနဲ့ ယှဉ်တွဲလာရင် လုံခြုံရေးတပ်ဖွဲ့ဝင်တွေအနေနဲ့ လိုအပ်သလို အင်အားသုံးပြီး ထိန်းသိမ်းနေကြတာကို မြင်တွေ့ရမှာဖြစ်**

### အဖွဲ့အစည်းပေါင်း ၇၂ ဖွဲ့

သီအိုရီတွေအရ ထပ်မံထောက်ပြရရင် ကမ္ဘာပေါ်မှာ အကြမ်းဖက်ဝါဒ (Terrorism) နဲ့ ပတ်သက်ပြီး အားလုံး သဘောတူလက်ခံထားတဲ့ တိကျတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက် မရှိသေးပါဘူး။ သို့ပေမယ့် ဥပမာတစ်ခုအနေနဲ့ အမေရိကန်နိုင်ငံရဲ့ အကြမ်းဖက်ဝါဒနဲ့ အကြမ်းဖက်အဖွဲ့အစည်းဆိုင်ရာ ပြဋ္ဌာန်းချက်တချို့ကို ဖော်ပြပေးချင်ပါတယ်။ အမေရိကန်နိုင်ငံမှာ ယခုလက်ရှိအကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ထားတဲ့ ကမ္ဘာ့နိုင်ငံအသီးသီးက အဖွဲ့အစည်းပေါင်း ၇၂ ဖွဲ့ရှိပါတယ်။ အကြမ်းဖက်အဖွဲ့အဖြစ်ကနေ ပယ်ဖျက်ပေးခဲ့တဲ့ အဖွဲ့အစည်းပေါင်း ၁၄ ဖွဲ့ရှိပါတယ်။ အမေရိကန်နိုင်ငံအနေနဲ့ ဒီလို အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ရာမှာ Foreign Relations Authorization Act, Fiscal Years 1988 and 1989 က အကြမ်းဖက်ဝါဒရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက် (Terrorism Definition) ကို အသုံးပြုပြီး Immigration and Nationality Act Section 212 ရဲ့ အကြမ်းဖက်မှုဆောင်ရွက်ချက် (Terrorist Activity) တွေနဲ့ ချိန်ထိုးဆုံးဖြတ်ပါတယ်။

**အကြမ်းဖက်ဝါဒဆိုတာကို အမေရိကန်နိုင်ငံရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာ "အကြမ်းဖက်ဝါဒဆိုတာ နိုင်ငံတစ်ခုထက် အဆင့်နိမ့်တဲ့အဖွဲ့တွေ သို့မဟုတ် လျှို့ဝှက်ပြီး ဖွဲ့စည်းထားတဲ့အဖွဲ့တွေကနေ တိုက်ပွဲဝင်စစ်သည်မဟုတ်တဲ့ ပစ်မှတ်တွေကို ကြိုတင်ကြံရွယ်ပြီး နိုင်ငံရေးအရ အရင်းခံတဲ့ အကြမ်းဖက်မှုများဖြစ်တယ်" "terrorism" as "premeditated, politically motivated violence perpetrated against noncombatant targets by subnational groups or clandestine agents" လို့ အဓိပ္ပာယ်ဖွင့်ဆို**ပါတယ်။ အကြမ်းဖက်မှု ဆောင်ရွက်ချက်အဖြစ် သတ်မှတ်ချက်တွေမှာ ပေါက်ကွဲစေနိုင်တဲ့ လက်နက်တွေနဲ့ အန္တရာယ်ရှိစေတဲ့ ပစ္စည်းတွေကို တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်အသုံးပြုမှုတွေနဲ့ မည်သည့် ခြိမ်းခြောက်မှု၊ လျှို့ဝှက်ကြံစည်မှုနဲ့ ကြိုးစားမှုတွေမဆို အကျုံးဝင်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံမှာ ဖြစ်ပွားနေတဲ့ NUG/PDF တွေရဲ့ အကြမ်းဖက်လုပ်ရပ်တွေဟာ မြန်မာ့စံနှုန်းနဲ့သာမက ဒီမိုကရေစီသက်တမ်းနှစ်ပေါင်း ၂၀၀ ကျော်နေပြီဖြစ်တဲ့ အမေရိကန်နိုင်ငံက သတ်မှတ်ထားတဲ့အကြမ်းဖက်မှု သတ်မှတ်ချက်တွေနဲ့ ချိန်ထိုးကြည့်ရင်လည်း အကျုံးဝင်နေတာကို တွေ့ရမှာဖြစ်ပါတယ်။

ဒီလို မြန်မာပြည်သူလူထုကို အကြမ်းဖက်ပြီး အကြောက်တရားလွှမ်းမိုးအောင်လုပ်နေတဲ့ NUG အဖွဲ့ရဲ့ ရည်ရွယ်ချက်က ၎င်းတို့နဲ့ ဆန့်ကျင်ဘက်အသံတွေ ထွက်ပေါ်မလာအောင် ဆောင်ရွက်နေကြတာ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် သူတို့ကို မထောက်ခံသူတွေကို အကြောက်တရားနဲ့ ထိန်းချုပ်ပြီး ထောက်ခံလာအောင် လုပ်နေသလို မထောက်ခံသူတွေ မရှိသယောင် ပုံဖော်ခြင်းလည်းဖြစ်ပါတယ်။ သူတို့ကို ကြောက်လို့ အသံမထွက်ရဲတာကို ပြည်သူအများ ထောက်ခံနေတယ်လို့ ထင်မြင်ယူဆလာအောင် ဆိုရှယ်မီဒီယာတွေကနေတစ်ဆင့် လုပ်ဆောင်နေကြတာဖြစ်ပါတယ်။

### လက်နက်ကိုင်ပဋိပက္ခဥပဒေ

အီတလီနိုင်ငံက နိုင်ငံတကာဥပဒေပညာရှင် ပါမောက္ခ Antonio Cassese ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်မှာတော့ လူထုကို အန္တရာယ်ဖြစ်စေဖို့ လူထုကြားထဲမှာ အကြောက်တရားပျံ့နှံ့အောင် လုပ်ဆောင်တဲ့ရည်ရွယ်ချက် (the intent to spread fear among the population which would generally entail the creation of public danger) ကိုတောင် အကြမ်းဖက်ဝါဒရဲ့ အစိတ်အပိုင်းတစ်ခုအဖြစ် မှတ်ယူတာဖြစ်ပါတယ်။ နိုင်ငံတကာမှာလည်း လက်နက်ကိုင်ပဋိပက္ခဥပဒေ "The Law of Armed Conflict" ဆိုတာ ရှိပါတယ်။ ဒီဥပဒေအရ မည်သည့်ပဋိပက္ခအတွင်းမှာမဆို စစ်ဘက်မဟုတ်တဲ့ အရပ်ဘက်ပစ်မှတ်တွေကို ရန်ပြုသတ်ဖြတ်တာတွေကို တားမြစ်ထားပါတယ်။ ဒီလို တိုက်ခိုက်ရေးပစ်မှတ်မဟုတ်တဲ့ အရပ်ဘက်ပစ်မှတ်တွေကို အကြမ်းဖက်နေတဲ့ အစွန်းရောက်အဖွဲ့တွေရဲ့ ရာဇဝတ်မှုတွေကို ကာကွယ်နေရတဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေရဲ့ ဆောင်ရွက်ချက်ဟာ မည်သည့် နိုင်ငံတကာဥပဒေ၊ ပြည်တွင်းဥပဒေနဲ့ပဲ ကြည့်ကြည့် တရားဝင်ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာဖြစ်ခဲ့တဲ့ ငြိမ်းချမ်းစွာ ဆန္ဒပြမှုအဆင့်တုန်းက လုံခြုံရေးတပ်ဖွဲ့ဝင်တွေအနေနဲ့ ပစ်ခတ်နှိမ်နင်းတာ မတွေ့ရဘဲ အကြမ်းဖက်ဆန္ဒပြမှုတွေအဖြစ် ပြောင်းလဲလာချိန်မှသာ ဥပဒေနဲ့အညီ အနည်းဆုံးအင်အား၊ အနိမ့်ဆုံးအဆင့်နဲ့ ထိန်းသိမ်းဆောင်ရွက်ခဲ့တာကို တွေ့ရပါတယ်။ နိုင်ငံတကာမှာလည်း အလားတူ ဆောင်ရွက်နေကြပါတယ်။ ဒီမိုကရေစီဘိုးအေနိုင်ငံကြီးတွေမှာတောင် ဆူပူဆန္ဒပြမှုတွေက အကြမ်းဖက်လုပ်ရပ်တွေနဲ့ ယှဉ်တွဲလာရင် လုံခြုံရေးတပ်ဖွဲ့ဝင်တွေ **အနေနဲ့ လိုအပ်သလို အင်အားသုံးပြီး ထိန်းသိမ်းနေကြတာကို မြင်တွေ့ရမှာဖြစ်ပါတယ်။** မြန်မာနိုင်ငံမှာဖြစ်ပေါ်နေတဲ့ NUG/PDF အဖွဲ့တွေရဲ့ အစွန်းရောက်အကြမ်းဖက်မှုလမ်းစဉ်နဲ့ လက်တွေ့အကြမ်းဖက်မှု ကျူးလွန်နေကြတာတွေကို သိပါလျက်နဲ့ ထိတွေ့ဆက်ဆံနေကြတဲ့ နိုင်ငံတချို့နဲ့ နိုင်ငံတကာအဖွဲ့အစည်းတချို့ရှိပါတယ်။ ဒီအဖွဲ့တွေအနေနဲ့ NUG နဲ့ ထိတွေ့ဆက်ဆံနေကြတာက အကြမ်းဖက်ဝါဒနဲ့ အကြမ်းဖက်မှုတွေကို အားပေးအားမြှောက်ပြုရာရောက်နေပြီး အကြမ်းဖက်ဝါဒ ပိုမိုတိုးပွားလာအောင် ဆောင်ရွက်နေကြသလို ဖြစ်နေတယ်ဆိုတာကို သတိပြုမိကြစေချင်ပါတယ်။

လူသားချင်း စာနာထောက်ထားမှုကို အလေးထားပါတယ်ဆိုတဲ့ ဒီမိုကရေစီဘိုးအေနိုင်ငံကြီးတွေအနေနဲ့ ဒီလောက်ဆိုးရွားရက်စက်ကြမ်းကြုတ်တဲ့ NUG အဖွဲ့ရဲ့လုပ်ရပ်တွေကို အကောင်းမြင်စိတ်နဲ့ကြည့်နေရင်တော့ အကြမ်းဖက်အဖွဲ့အနေနဲ့ အသိအမှတ်ပြုဖို့ ခက်ခဲနေလိမ့်မယ်ထင်ပါတယ်။ လက်တွေ့အရှိတရားကို ယထာဘူတကျကျ ရှုမြင်မယ်ဆိုရင်တော့ အကြမ်းဖက်အဖွဲ့အစည်းဖြစ်တယ်ဆိုတာကို လက်ခံရပါလိမ့်မယ်။ ဥပမာ အာဖဂန်နစ္စတန်နိုင်ငံကို ကြည့်မယ်ဆိုရင် တစ်ချိန်က ကမ္ဘာ့အဆိုးရွားဆုံး အကြမ်းဖက်အဖွဲ့တွေ လက်ခံထားတဲ့ နိုင်ငံအဖြစ် ရှုမြင်ပြီး စစ်ပွဲကြီးတွေ ဆင်နွှဲခဲ့ကြပါတယ်။ ယခုအချိန်မှာတော့ နိုင်ငံတကာက ထိတွေ့ဆက်ဆံမှုတွေ၊ ထောက်ပံ့မှုတွေ ဆောင်ရွက်ပေးနေတာကို မြင်တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့် ကြည့်ရှုသူရဲ့ ရှုထောင့်ပေါ်မှာ မူတည်ပြီးသာ အမြင်တွေအမျိုးမျိုး ပြောင်းလဲနေတာ ဖြစ်ပါတယ်။ အကြမ်းဖက်သမား NUG/PDF အဖွဲ့တွေကတော့ သူတို့ရဲ့ နိုင်ငံရေးရည်မှန်းချက်ကို အကြောင်းပြပြီး သူတို့ကိုမထောက်ခံသူတွေကို အကြမ်းဖက်သတ်ဖြတ်မှုတွေ ဆက်လက်လုပ်ဆောင်နေကြဆဲဖြစ်ပါတယ်။

### ပြည်သူလူထုရဲ့အမြင်တွေ ပြောင်းလဲ

နိဂုံးချုပ်ရရင်တော့ နိုင်ငံတကာက NUG/PDF ရဲ့ အကြမ်းဖက်လုပ်ရပ်တွေကို သိသည်ဖြစ်စေ၊ မသိချင်ယောင်ဆောင်နေသည်ဖြစ်စေ ၎င်းအဖွဲ့တွေရဲ့ ပကတိလုပ်ရပ်တွေအရ အချုပ်အခြာအာဏာပိုင်တဲ့ မြန်မာနိုင်ငံရဲ့ အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ အကြမ်းဖက် အဖွဲ့အစည်းတွေအဖြစ် သတ်မှတ်ထားပြီးဖြစ်ပါတယ်။ NLD ကို မြန်မာပြည်သူအများစု ထောက်ခံနေတယ်ဆိုတဲ့ ယူဆချက်က အတိတ်မှာ ကျန်ခဲ့ပြီဖြစ်ပါတယ်။ NLD ပါတီရဲ့ အရည်အချင်းမပြည့်ဝမှုနဲ့ NUG/PDF ရဲ့ အကြမ်းဖက်လုပ်ရပ်တွေကြောင့် မြန်မာပြည်သူလူထုရဲ့ အမြင်တွေ ပြောင်းလဲသွားခဲ့ပြီဖြစ်သလို NLD က ပေါက်ဖွားလာတဲ့ NUG၊ NUG က မွေးဖွားခဲ့တဲ့ PDF တွေကြောင့် NLD ရဲ့ပုံရိပ်ဟာ သမိုင်းမှာ အမည်းစက် ထင်ခဲ့ပြီဖြစ်ပါတယ်။ စိတ်ခံစားချက် ပြင်းထန်တဲ့ NLD ပါတီဝင်အချို့နဲ့ အစွန်းရောက်ထောက်ခံသူ အင်အားစုတွေ ရှိနိုင်သော်လည်း အေးချမ်းတည်ငြိမ်စွာနေထိုင်လိုတဲ့ ပြည်သူလူထု အများစုကတော့ NLD၊ NUG၊ PDF အဖွဲ့တွေကို မလိုလားဘဲ ဆန့်ကျင်နေကြပြီဖြစ်ပါတယ်။ အထူးသဖြင့် ဒီလို အစွန်းရောက်အဖွဲ့တွေကြောင့် ပျက်စီးခဲ့ရတဲ့ မိသားစုဘဝပေါင်းများစွာကို စာနာသနားတတ်တဲ့ မြန်မာပြည်သူအများစုက ရွံရှာကြောက်ရွံ့ မုန်းတီးနေကြပြီဖြစ်ပါတယ်။

ဒါကြောင့် NUG ကို ပြည်သူအများစု လက်ခံထောက်ခံနေတယ်လို့ လွဲမှားစွာ ထင်မြင်ယူဆနေတဲ့ အချို့နိုင်ငံတွေအနေနဲ့ ဆိုရှယ်မီဒီယာပေါ်က သတင်းအမှားတွေနဲ့ မြန်မာနိုင်ငံအကျိုးစီးပွားကို ပျက်ပြားစေလိုတဲ့ ပြည်တွင်း/ ပြည်ပ မီဒီယာတချို့ရဲ့ ဖော်ပြချက်တွေမှာပဲ လမ်းဆုံးမနေကြဘဲ မြန်မာနိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ လက်တွေ့အရှိတရားတွေကို မြင်အောင်ကြည့်နိုင်ကြဖို့ လိုပါကြောင်း တိုက်တွန်းလိုက်ရပါတယ်။ ။

**ရည်ညွှန်းချက်**

**United States' Foreign Terrorist Organizations, Definitions of Terrorism and Terrorist Activity**

- https://www.state.gov/foreign-terrorist-organizations/
- https://2001-2009.state.gov/s/ ct/ rls/fs/08/103399.htm
- https://2001-2009.state.gov/s/ct/rls/fs/08/103401.htm

# ဩစတြေးလျနိုင်ငံ၌ အသက်ငါးနှစ်မှ ၁၁ နှစ်အရွယ်ကလေးငယ်များအတွက် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအသုံးပြုရန် အတည်ပြု

**မဲလ်ဘုန်း ဒီဇင်ဘာ ၅**

ဩစတြေးလျကျန်းမာရေး အာဏာပိုင်များသည် အသက်ငါးနှစ်မှ ၁၁ နှစ်အရွယ် ကလေးငယ်များအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးရာတွင် Pfizer ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အသုံးပြုရန်အတည်ပြုခဲ့ကြောင်းနှင့် အဆိုပါကာကွယ်ဆေးထိုးနှံမှုကို လာမည့်နှစ် ဇန်နဝါရီ ၁၀ ရက်တွင်စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း ဩစတြေးလျကျန်းမာရေးဝန်ကြီး ဂရက်ဟွန့်က ပြောကြားသည်။

ဩစတြေးလျနိုင်ငံသည် ကမ္ဘာ့ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပြီးစီးမှု အများဆုံးနိုင်ငံများအနက်မှ တစ်နိုင်ငံဖြစ်ပြီး လက်ရှိတွင် အသက် ၁၆ နှစ်အထက် အသက်အရွယ်ရှိသူအားလုံး၏ ၈၈ ရာခိုင်နှုန်းနီးပါးသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

ဩစတြေးလျနိုင်ငံ၌ အသက်ငါးနှစ်မှ ၁၁ နှစ်အရွယ်ကလေးငယ်များအတွက် Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အသုံးပြုရန်ဩစတြေးလျကျန်းမာရေးအာဏာပိုင်များက အတည်ပြုခဲ့ပြီးဖြစ်သော်လည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုဆိုင်ရာ နည်းပညာအကြံပေးအဖွဲ့၏ အတည်ပြုချက်ရရှိရန် လိုအပ်နေဆဲဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ဩစတြေးလျနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၂၁၅၀၀ ရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၂၀၄၂ ဦးရှိကြောင်း သိရသည်။

**ကိုးကား-စီအင်န်အေ**
**ဘာသာပြန်-အလင်းသစ်**



# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၂ ဒသမ ၆၅ သန်းကျော်ရှိလာ

**ကွာလာလမ်ပူ ဒီဇင်ဘာ ၅**



မလေးရှားနိုင်ငံ၌ ဒီဇင်ဘာ ၄ ရက်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၈၉၆ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ကူးစက်ခံရသူပေါင်း ၂၆၅၄၄၇၄ ဦး ရှိလာကြောင်း မလေးရှားနိုင်ငံကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။

**ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်**

အဆိုပါတစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၈၉၆ ဦးအနက် ၄၈၇၆ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် ၁၈ ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရသူများဖြစ်ကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနဝက်ဘ်ဆိုက်မှ ထုတ်ပြန်သည့်အချက်အလက်များအရ သိရသည်။

မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၆ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၃၀၅၇၄ ဦး ရှိလာကြောင်း သိရသည်။ ထို့ပြင် မလေးရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၄၆၇၈ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၂၅၆၁၂၃၂ ဦးရှိလာကြောင်း သိရသည်။

**ဆေးဝါးကုသမှုခံယူလျက်ရှိ**

လက်ရှိတွင် မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာပေါင်း ၆၂၆၆၈ ဦးရှိပြီး ယင်းတို့အနက် ၄၉၀ မှာ အထူးကြပ်မတ်ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူလျက်ရှိရာ ၂၆၉ ဦးမှာ အသက်ရှူအထောက်အကူပြုကိရိယာများ လိုအပ်လျက်ရှိကြောင်း သိရသည်။

မလေးရှားနိုင်ငံ၌ ဒီဇင်ဘာ ၄ ရက်တစ်ရက်တည်းမှာပင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၆၇၇၀၁ လုံးအသုံးပြုခဲ့ပြီး နိုင်ငံလူဦးရေ၏ ၇၉ ဒသမ ၂ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်းနှင့် ၇၇ ဒသမ ၉ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံမှု ခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# အီတလီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၆၆၃၂ ဦးနှင့် သေဆုံးသူ ၇၅ ဦးထပ်မံတွေ့ရှိ

**မီလန် ဒီဇင်ဘာ ၅**

အီတလီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၆၆၃၂ ဦးနှင့် ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၇၅ ဦး ထပ်မံတွေ့ရှိကြောင်း အီတလီကျန်းမာရေးဝန်ကြီးဌာနက ယနေ့တွင် ပြောကြားသည်။

အီတလီကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ လွန်ခဲ့သည့်နှစ် ဖေဖော်ဝါရီလမှစတင်ကာ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၁၃၄၁၅၂ ဦးရှိလာကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ငါးသန်းကျော် ရှိလာကြောင်း သိရသည်။

ထို့ပြင် အီတလီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ဆေးရုံတက်ရောက်ကုသမှုခံယူသူ ၅၄၂၈ ဦးရှိကြောင်းနှင့် အထူးကြပ်မတ်ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူလျက်ရှိသူ ၇၃၂ ဦးရှိကြောင်း သိရသည်။

အီတလီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း လူပေါင်း ၆၃၆၅၉၂ ဦးအား ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှု ရှိ၊ မရှိ စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်းလည်း အီတလီကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား-စီအင်န်အေ**
**ဘာသာပြန်-အလင်းသစ်**




# ကင်ညာနိုင်ငံ ဘတ်စ်ကားမတော်တဆမှု၌ သေဆုံးသူ ၂၄ ဦးရှိလာ

**အန်ဝင်ဂီ ဒီဇင်ဘာ ၅**

ကင်ညာနိုင်ငံအရှေ့ပိုင်း ကီတူခရိုင် အန်ဇူမြစ်အတွင်းသို့ ယမန်နေ့က ဘတ်စ်ကားတစ်စီး ထိုးကျသွားခဲ့ရာ အဆိုပါဖြစ်စဉ်ကြောင့် လက်ရှိအချိန်အထိ သေဆုံးသူ ၂၄ ဦး ရှိကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်အတွင်း သေဆုံးခဲ့သူများ၏ မိသားစုများထံသို့ ကင်ညာသမ္မတ အူရူကင်ယက်တာက ဝမ်းနည်းကြောင်း အကြောင်းကြားစာများပေးပို့ခဲ့သည်။ အဆိုပါဖြစ်စဉ်အတွင်း ဘတ်စ်ကားပေါ်တွင် လိုက်ပါစီးနင်းသူများမှာ ခရစ်ယာန်ဘာသာဝင်များဖြစ်ကြပြီး နူးနယ်မြေ အန်ဝင်ဂီမြို့၌ ကျင်းပသော လက်ထပ်ပွဲအခမ်းအနားသို့သွားရောက်ရန် ထွက်ခွာလာခြင်းဖြစ်သည်။

အဆိုပါဘတ်စ်ကားမှ ယာဉ်မောင်းသည် ကီတူခရိုင်ရှိ ရေလွှမ်းမိုးနေသော တံတားတစ်စင်းကို ဖြတ်ကျော်မောင်းနှင်ရန် ကြိုးစားစဉ် ရုတ်တရက်ရေတိုက်စားခံရပြီး ကားမှာ အန်ဇူမြစ်အတွင်းသို့ ထိုးကျသွားခဲ့ကြောင်း အန်ဝင်ဂီခရိုင်ခွဲမှ တပ်မှူး ဂျိုးဇက်ယန်ကန်က ပြောကြားသည်။ လက်ရှိအချိန်အထိ အဆိုပါဖြစ်စဉ်၌ သေဆုံးခဲ့သူ ၂၄ ဦး၏ အလောင်းကိုပြန်လည်ရရှိခဲ့ကြောင်းနှင့် ကလေးငယ်လေးဦးအပါအဝင် အသက်ရှင်ကျန်ရစ်သူ ၁၂ ဦးရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# အီရန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၆ ဒသမ ၁၃ သန်းကျော်ရှိလာ

**တီဟီရန် ဒီဇင်ဘာ ၅**

အီရန်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၁၅၇ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ကူးစက်ခံရသူပေါင်း ၆၁၃၁၃၅၆ ဦးရှိလာကြောင်း အီရန်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အီရန်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်သည့်အချက်အလက်များအရ အီရန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၅၈ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၁၃၀၁၂၄ ဦးရှိလာကြောင်း သိရသည်။

ထို့ပြင် အီရန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၅၉၁၆၁၉၉ ဦးရှိကြောင်းနှင့် အထူးကြပ်မတ်ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူလျက်ရှိသူ ၃၂၇၈ ဦးရှိကြောင်း သိရသည်။ အီရန်နိုင်ငံ၌ ဒီဇင်ဘာ ၄ ရက်အထိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တစ်ကြိမ်ထိုးနှံမှုခံယူပြီးသူပေါင်း ၅၇၉၉၃၅၄၇ ဦးရှိကြောင်း၊ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံမှုခံယူပြီးသူပေါင်း ၄၇၉၂၉၁၇၁ ဦးရှိကြောင်းနှင့် တတိယအကြိမ်အပိုဆောင်း ထိုးနှံပြီးသူပေါင်း ၁၂၂၀၄၃၉ ဦးရှိကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

## အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားပြည်နယ်ရှိ ဆီမီယူမီးတောင် ပေါက်ကွဲ



**ဂျကာတာ ဒီဇင်ဘာ ၅**

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားပြည်နယ်ရှိ ဆီမီယူမီးတောင် ပေါက်ကွဲခဲ့ရာ အနည်းဆုံး ၁၃ ဦး သေဆုံးပြီး ၉၈ ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အင်ဒိုနီးရှားနိုင်ငံ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးအေဂျင်စီက ယမန်နေ့တွင် ပြောကြားသည်။

အဆိုပါဆီမီယူမီးတောင်သည် ဒီဇင်ဘာ ၄ ရက် မွန်းလွဲပိုင်းတွင် စတင်ပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် အဆိုပါမီးတောင်ပေါက်ကွဲမှုအတွင်း သေဆုံးခဲ့သူနှစ်ဦးကို မည်သူမည်ဝါဖြစ်ကြောင်း အတည်ပြုနိုင်ခဲ့ပြီး ကျန်သေဆုံးသူများကို ဆက်လက်အတည်ပြုနိုင်ရန် လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ အဗ္ဗဒူ မူဟာရီက ပြောကြားသည်။ ထို့ပြင် ကိုယ်ဝန်ဆောင်အမျိုးသမီးနှစ်ဦးအပါအဝင် အဆိုပါဖြစ်စဉ်အတွင်း ထိခိုက်ဒဏ်ရာရရှိခဲ့သူများကို နီးစပ်ရာဆေးရုံများ၌ ဆေးကုသမှုခံယူရန် တာဝန်ရှိသူများက ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ဒေသခံ ၉၀၂ ဦးအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း သိရသည်။

၎င်းမီးတောင်ပေါက်ကွဲမှုမှ ထွက်ပေါ်လာသောပြာမှုန်များသည် ဒေသအတွင်းရှိ လူနေအိမ်များ၊ လမ်းများနှင့် တံတားတစ်ခုအပေါ်သို့ ဖုံးလွှမ်းသွားခဲ့ကြောင်း သိရသည်။ ဒေသဆိုင်ရာတာဝန်ရှိသူများသည် စက်ယန္တရားကြီးများအသုံးပြုကာ လမ်းများပေါ်တွင် ဖုံးလွှမ်းနေသော ပြာမှုန်များကိုဖယ်ရှားပြီး မီးတောင်ပေါက်ကွဲမှုဖြစ်စဉ်အတွင်း ပျောက်ဆုံးလျက်ရှိသူများအား ဆက်လက်ရှာဖွေလျက်ရှိကြောင်း သိရသည်။

မီးတောင်မှချော်ရည်များမှာ အနီးအနားရှိမြစ်များထဲသို့ စီးဆင်းသွားနိုင်သဖြင့် အဆိုပါမြစ်ချောင်းများအနီးသို့ သွားရောက်ခြင်းမပြုရန် ဒေသခံများအား တာဝန်ရှိသူများက ညွှန်ကြားခဲ့သည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–စိုးသူရ**



## ပြင်သစ်နိုင်ငံ၌ လူဦးရေ ၁၀ သန်းအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တတိယအကြိမ် အပိုဆောင်း ထိုးနှံပေးပြီးဖြစ်

**ပါရီ ဒီဇင်ဘာ ၅**

ပြင်သစ်နိုင်ငံ၌ နိုင်ငံလူဦးရေ၏ ၁၀ သန်းအား ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး တတိယအကြိမ် အပိုဆောင်း ထိုးနှံပေးပြီးဖြစ်ကြောင်း ပြင်သစ်ကျန်းမာရေးဝန်ကြီး အိုလီဗီယာဗီရန်က ဒီဇင်ဘာ ၅ ရက်တွင် ကြေညာခဲ့သည်။

ပြင်သစ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ ပြောကြားချက်အရ နိုင်ငံအတွင်း၌ လူဦးရေ ၅၂၀၈၃၂၂၈ ဦးသည် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး တစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

ပြင်သစ်နိုင်ငံ၏ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံမှုအစီအစဉ်တွင် Pfizer၊ Moderna၊ Johnson & Johnson နှင့် AstraZeneca ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးတို့ကို အရေးပေါ်အသုံးပြုရန် အတည်ပြုထားကြောင်း သိရသည်။

ပြင်သစ်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၅၁၆၂၄ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၇၈၇၅၀၁၂ ဦးရှိလာကြောင်း ပြင်သစ်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

လက်ရှိတွင် ပြင်သစ်နိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၁၁၉၅၀၆ ဦးရှိကြောင်း သိရသည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–အလင်းသစ်**




## အမေရိကန်နိုင်ငံ၏ ပြည်နယ် ၁၂ ခု၌ အိုမီခရွန် ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်မှုများတွေ့ရှိ

**ဝါရှင်တန် ဒီဇင်ဘာ ၅**

အမေရိကန်နိုင်ငံ၏ ပြည်နယ် ၁၂ ခု၌ အိုမီခရွန် ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုများ တွေ့ရှိခဲ့ကြောင်းနှင့် အမေရိကန်ကျန်းမာရေးအာဏာပိုင်များကပြည်သူများအား ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူကြရန် တောင်းဆိုထားကြောင်း ယနေ့သတင်းများအရ သိရသည်။

**အစုလိုက်အပြုံလိုက်ဖြစ်ပွား**

နယူးယောက်၊ ကယ်လီဖိုးနီးယား၊ နီဘရာစကာ၊ လူဝီစီးယားနားနှင့် အခြားသော အမေရိကန်နိုင်ငံ၏ ပြည်နယ်ရှစ်ခုတွင် အဆိုပါ အိုမီခရွန် ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုများ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်းနှင့် ယင်းပြည်နယ်များတွင် အိုမီခရွန် ဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်မှု အစုလိုက် အပြုံလိုက်ဖြစ်ပွားခြင်းဖြစ်ကြောင်း အိမ်ဖြူတော်ကျန်းမာရေးဆိုင်ရာ အကြံပေးအကြီးအကဲ အန်ထော်နီဖောက်ချီက ရုပ်မြင်သံကြား တွေ့ဆုံမေးမြန်းခန်းတစ်ရပ်တွင် ပြောကြားသည်။

ထို့ပြင် ယင်းပြည်နယ်များမှ ကျန်းမာရေးအာဏာပိုင်များကလည်း ဒေသခံများအား ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုခံယူရန် သို့မဟုတ် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး တတိယအကြိမ် အပိုဆောင်း ထိုးနှံမှုခံယူကြရန် တိုက်တွန်းထားသည်။

အဆိုပါ အိုမီခရွန် ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်သည် ကမ္ဘာ့နိုင်ငံပေါင်း ၄၀ ကျော်တွင် ကူးစက်ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

**ကိုးကား–အင်န်အိတ်ချ်ကေ
ဘာသာပြန်–အလင်းသစ်**



## ဗီယက်နမ်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၄၃၁၄ ဦးရှိ

**ဟနွိုင်း ဒီဇင်ဘာ ၅**

ဗီယက်နမ်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါကူးစက်ခံရသူ ၁၄၃၁၄ ဦး ထပ်မံတွေ့ရှိကြောင်း၊ ယင်းလူဦးရေအနက် ၁၄၃၁၂ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် နှစ်ဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရခြင်းဖြစ်ကြောင်း ဗီယက်နမ်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ကိုဗစ်–၁၉ရောဂါအစုလိုက်အပြုံလိုက် ကူးစက်ခံရမှုအများစုမှာ ဗီယက်နမ်နိုင်ငံတောင်ပိုင်းမှဖြစ်ကြောင်းနှင့် ဟိုချီမင်းစီးတီး၌ ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၁၄၉၁ ဦး၊ ကန်သိုပြည်နယ်၌ ၁၁၃၂ ဦးနှင့် တေနင်ပြည်နယ်၌ ၇၉၂ ဦး ရှိကြောင်း သိရသည်။

**သေဆုံးသူပေါင်း ၂၆၂၆၀ ရှိ**

လက်ရှိတွင် ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်–၁၉ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၁၃၀၉၀၉၂ ဦးရှိကြောင်းနှင့် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၂၆၂၆၀ ရှိကြောင်း ဗီယက်နမ်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။ ထို့ပြင် ဗီယက်နမ်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၁၇၁၁ ဦးရှိခြင်းကြောင့် အဆိုပါရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၁၀၀၉၂၇၇ ဦးရှိလာကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ၌ နိုင်ငံတစ်ဝန်း ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု အစီအစဉ်အောက်တွင် ကာကွယ်ဆေးအလုံးရေ ၁၂၇ သန်းကျော် အသုံးပြုပြီးဖြစ်ကြောင်းနှင့် ယင်းတို့အနက် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၅၄ သန်းကျော်အား ဒုတိယအကြိမ်ထိုးနှံရာတွင် အသုံးပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုးကား–ဆင်ဟွာ
ဘာသာပြန်–အလင်းသစ်**

# အိန္ဒိယနိုင်ငံ၌ နေ့စဉ် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စံချိန်တင်မြင့်တက်

**နယူးဒေလီ ဒီဇင်ဘာ ၅**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူ ၂၇၉၆ ဦးရှိခဲ့ကာ နေ့စဉ် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူ အရေအတွက်သည် စံချိန်တင်မြင့်တက်လာခဲ့ကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ယနေ့တွင် ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။



**သေဆုံးသူပေါင်း ၄၇၃၃၂၆ ဦးရှိ**

အိန္ဒိယနိုင်ငံ၌ ပြီးခဲ့သည့် ရက်ပိုင်းကမူ နေ့စဉ် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူ အရေအတွက် ၄၀၀ ဝန်းကျင်ခန့်သာ ရှိခဲ့ကြောင်း သိရသည်။ လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၄၇၃၃၂၆ ဦးရှိလာကြောင်း သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၈၈၉၅ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါ ကူးစက်ခံရသူပေါင်း ၃၄၆၃၃၂၅၅ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံး အချက်အလက်များအရ သိရသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိဆဲ လူနာပေါင်း ၉၉၁၅၅ ဦးရှိကြောင်းနှင့် လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါမှ ပြန်လည် ကျန်းမာလာသဖြင့် ဆေးရုံ အသီးသီးမှ ဆင်းခွင့်ရရှိသူ ၈၁၉၀ ရှိခြင်းကြောင့် ပြန်လည်ကျန်းမာလာသူပေါင်း ၃၄၀၆၀၇၇၄ ဦး ရှိလာကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အလင်းသစ်**

# ဗြိတိန်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၂၈၄၈ ဦးရှိ

**လန်ဒန် ဒီဇင်ဘာ ၅**

ဗြိတိန်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၄၂၈၄၈ ဦးထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း ကူးစက်ခံရသူပေါင်း ၁၀၄၂၁၁၀၄ ဦးရှိလာကြောင်း ယမန်နေ့ တွင် ထုတ်ပြန်သည့် တရားဝင်အချက်အလက်များအရ သိရသည်။

ထို့ပြင် ဗြိတိန်နိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူ ၁၂၇ ဦးထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၁၄၅၅၅၁ ဦးရှိလာကြောင်း သိရသည်။ ဗြိတိန်နိုင်ငံ၌ ၂၀၂၂ ခုနှစ် ဇန်နဝါရီလကုန်ပိုင်းတွင် အသက် ၁၈ နှစ်နှင့်အထက် အသက်အရွယ်ရှိသူ အားလုံးအား ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး တတိယအကြိမ် အပိုဆောင်းထိုးနှံပြီးစီးရန် ဗြိတိန်အစိုးရက ကတိကဝတ်ပြုထားကြောင်း သိရသည်။

ဗြိတိန်နိုင်ငံ၌ အသက် ၁၂ နှစ်နှင့်အထက် အသက်အရွယ်ရှိသူများ၏ ၈၈ ရာခိုင်နှုန်းကျော်သည် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးတစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း၊ ၈၀ ရာခိုင်နှုန်းကျော်သည် ကာကွယ်ဆေး နှစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်းနှင့် ၃၄ ရာခိုင်နှုန်းကျော်သည် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး တတိယအကြိမ်အပိုဆောင်း ထိုးနှံမှု ခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အလင်းသစ်**

# ဇမ်ဘီယာနိုင်ငံ၌ အိုမီခရွန်ဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်ခံရသူများအား စတင်တွေ့ရှိ

**လူဆာကာ ဒီဇင်ဘာ ၅**

တောင်အာဖရိကဒေသရှိ နိုင်ငံတစ်နိုင်ငံဖြစ်သော ဇမ်ဘီယာနိုင်ငံ၌ အိုမီခရွန်ဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ သုံးဦး စတင်တွေ့ရှိခဲ့ကြောင်း ယမန်နေ့သတင်းများအရ သိရသည်။

၎င်းဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ခံရသူများအနက် အမျိုးသားနှစ်ဦးသည် ပြည်ပသို့ခရီးသွားလာခဲ့သော ခရီးသွားရာဇဝင်ရှိကြောင်းနှင့် ကျန်အမျိုးသမီးတစ်ဦးမှာ လူဆာကာမြို့ရှိဆေးရုံ၌ အအေးမိတုပ်ကွေးရောဂါဖြင့် တက်ရောက်ကုသနေသူဖြစ်ကာ ပြည်ပသို့ခရီးသွားလာခဲ့ခြင်းမရှိကြောင်း ဇမ်ဘီယာကျန်းမာရေးဝန်ကြီး ဆယ်လ်ဗီရာမာဆီဘိုက ပြောကြားသည်။

နိုင်ငံသားများအား ကိုဗစ်–၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများကို လိုက်နာဆောင်ရွက်ရန် ၎င်းက တိုက်တွန်းပြောကြားသည်။ မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်–၁၉ရောဂါ ကူးစက်ပြန့်ပွားမှုထိန်းချုပ်ရေးအတွက် နိုင်ငံသားတိုင်းတွင် တာဝန်ရှိပြီး သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် နိုင်ငံအတွင်းရှိ လူမှုအသိုက်အဝန်းတစ်ရပ်လုံးကလည်း ကိုဗစ်–၁၉ ရောဂါ တိုက်ဖျက်ရေးအတွက် အားထုတ်ကြိုးပမ်းဆောင်ရွက်ရန်လိုအပ်ကြောင်း ၎င်းကပြောကြားသည်။ လက်ရှိအချိန်တွင် ကမ္ဘာ့နိုင်ငံအများအပြား၌ အိုမီခရွန်ဗီဇပြောင်းဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့လျက်ရှိကြောင်း သိရသည်။

ဇမ်ဘီယာနိုင်ငံအတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၂၁၀၂၉၄ ဦးရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူ ၃၆၆၇ ဦးရှိကာ ရောဂါမှ ပြန်လည် ကျန်းမာလာသူ ၂၀၆၄၅၄ ဦးရှိကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

## ကမ္ဘာတစ်ဝန်း ကိုဗစ်–၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၂၆၅၈၂၅၉၇၀ | ဦး |
| သေဆုံးသူ | ၅၂၆၆၆၁၂ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၂၃၉၅၃၆၄၈၄ | ဦး |

# တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တစ်ကြိမ်ထိုးနှံပြီးသူ ၅၆ သန်းကျော်ရှိသွားပြီဖြစ်

**အန်ကာရာ ဒီဇင်ဘာ ၅**

တူရကီနိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး တစ်ကြိမ်ထိုးနှံပြီးသူပေါင်း ၅၆ သန်းကျော် ရှိသွားပြီဖြစ်ကြောင်း တူရကီ ကျန်းမာရေး ဝန်ကြီးဌာနက ယနေ့တွင် ပြောကြားသည်။



တူရကီနိုင်ငံသည် တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို နိုင်ငံအတွင်း အရေးပေါ်အသုံးပြုရန် တူရကီ ကျန်းမာရေးအာဏာပိုင်များက အတည်ပြုပေးခဲ့ပြီးနောက် နိုင်ငံတစ်ဝန်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဇန်နဝါရီ ၁၄ ရက်တွင် စတင်ခဲ့သည်။

လက်ရှိတွင် တူရကီနိုင်ငံ၌ ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးသူပေါင်း ၅၁ သန်းကျော်ရှိကြောင်းနှင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ စုစုပေါင်း ၁၂၀ ဒသမ ၈၅ သန်းကျော် အသုံးပြုပြီးဖြစ်ကြောင်း တူရကီကျန်းမာရေး ဝန်ကြီးဌာနက ပြောကြားသည်။

တူရကီနိုင်ငံသည် ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုမြင့်တက်ခြင်းနှင့် ရင်ဆိုင်နေရပြီး လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၂၀၃၇၄ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၈၈၈၁၇၆၀ ရှိလာကြောင်း ဆက်လက်ပြောကြားသည်။

ထို့ပြင် တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူ ၂၂၈ ဦး ထပ်မံတွေ့ရှိရသဖြင့် သေဆုံးသူပေါင်း ၇၇၆၄၅ ဦးရှိလာကြောင်းနှင့် လွန်ခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်–၁၉ ရောဂါမှ ပြန်လည် ကျန်းမာလာသူ ၁၉၄၆၃ ဦးရှိကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အလင်းသစ်**

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၆၀၃ ဦး ထပ်မံတွေ့ရှိ

**မနီလာ ဒီဇင်ဘာ ၅**

ဖိလစ်ပိုင်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၆၀၃ ဦး ထပ်မံတွေ့ရှိရသဖြင့် ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၈၃၄၇၇၅ ဦးရှိလာကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက ပြောကြားသည်။



နိုင်ငံအတွင်း နေ့စဉ် ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ အရေအတွက် ၁၀၀၀ အောက် ကျဆင်းလာခဲ့သည်မှာ ၁၂ ရက်ရှိပြီဖြစ်သည်။

နိုင်ငံအတွင်းလက်ရှိအချိန်၌ ကိုဗစ်–၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၂၇၇၁၅၃၆ ဦး ရှိသည်။

ထို့ပြင် ကိုဗစ်–၁၉ ရောဂါကြောင့် ၁၅၆ ဦး ထပ်မံသေဆုံးသဖြင့် သေဆုံးသူပေါင်း ၄၉၃၈၆ ဦး ရှိလာသည်။ လူဦးရေ သန်း ၁၁၀ ခန့်ရှိသော ဖိလစ်ပိုင်နိုင်ငံ၌ ၂၂ ဒသမ ၅ သန်းကျော်မှာ ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ စစ်ဆေးပြီးဖြစ်သည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# မြို့နယ်အချို့ရှိ မြို့နယ်တရားရုံးနှင့် စာသင်ကျောင်းအား အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များက အကြောင်းမဲ့မီးရှို့ဖျက်ဆီး

**နေပြည်တော် ဒီဇင်ဘာ ၅**

မြို့နယ်အချို့ရှိ မြို့နယ်တရားရုံးနှင့် စာသင်ကျောင်းအား အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များက အကြောင်းမဲ့ မီးရှို့ဖျက်ဆီးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**မီးရှို့ဖျက်ဆီး**

ထိုသို့ အကြမ်းဖက်မီးရှို့ဖျက်ဆီးမှုများ ပြုလုပ်လျက်ရှိရာတွင် ဒီဇင်ဘာ ၄ ရက် နံနက် ၁၀ နာရီခွဲခန့်တွင် ချင်းပြည်နယ် ကန်ပက်လက်မြို့နယ် မြို့မ(၁)ရပ်ကွက်ရှိ မြို့နယ်တရားရုံးအား CDF အကြမ်းဖက်လက်နက်ကိုင်အဖွဲ့ အင်အား(စိစစ်ဆဲ)က မီးရှို့ဖျက်ဆီးခဲ့ရာ မွန်းတည့် ၁၂ နာရီခန့်တွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် ၇၀ x ၃၀ x ၁၅ ပေ သွပ်မိုး/အုတ်ကာ တစ်ထပ်အဆောက်အအုံ တစ်လုံး မီးလောင်ပျက်စီးခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါရပ်ကွက်အရောက် CDF အကြမ်းဖက်လက်နက်ကိုင်အဖွဲ့ အင်အား ၂၀ ခန့်က လက်နက်ငယ်များဖြင့် ချောင်းမြောင်းပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များ ပြန်လည်ဆုတ်ခွာသွားခဲ့ကြောင်း သိရသည်။

အလားတူ မွန်းလွဲ ၃ နာရီ မိနစ် ၂၀ တွင် မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ် ထန်းတောဦးကျေးရွာ အခြေခံပညာမူလတန်းကျောင်းဝင်းအတွင်းရှိ သွပ်မိုး/ထရံကာ/ဝါးကြမ်းခင်း စာသင်ဆောင်အား PDF အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များက မီးရှို့ဖျက်ဆီးခဲ့ရာ ညနေ ၅ နာရီခွဲတွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် အဆိုပါကျောင်းဆောင်နှင့် ကျောင်းဆောင်အတွင်းရှိ ပရိဘောဂများ၊ စာရွက်စာတမ်းများ မီးလောင်ပျက်စီးခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များမှ မြို့နယ်တရားရုံးနှင့် စာသင်ကျောင်းတို့အား အကြောင်းမဲ့မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်လက်နက်ကိုင်အဖွဲ့များအား လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေခံတပ်မတော်စစ်ကြောင်းနှင့် ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ YBS ခရီးသည်တင်ယာဉ် တစ်စီးအား အကြမ်းဖက်သူ အမျိုးသား လေးဦးက သေနတ်ဖြင့်ပစ်ခတ်၍ မီးရှို့ဖျက်ဆီး

**နေပြည်တော် ဒီဇင်ဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ YBS ခရီးသည်တင်ယာဉ်တစ်စီးအား အကြမ်းဖက်သူ အမျိုးသား လေးဦးက သေနတ်ဖြင့်ပစ်ခတ်၍ မီးရှို့ဖျက်ဆီးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ ယနေ့မွန်းလွဲ ၃ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၆၀)ရပ်ကွက် ဧရာဝဏ်လမ်း YP စက်သုံးဆီဆိုင်ရှေ့ သဘာဝဓာတ်ငွေ့ဆိုင်၌ ဂက်စ်ဖြည့်ရန် စောင့်ဆိုင်းနေသည့် YBS ခရီးသည်တင်ယာဉ် တစ်စီးအား အကြမ်းဖက်သူ အမျိုးသား လေးဦး(စိစစ်ဆဲ)က မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါနေရာတွင် လှိုင်သာယာ-ဒဂုံတောင် ပြေးဆွဲသည့် YBS -99 ယာဉ်လိုင်းမှ ဦးမောင်မောင်(၄၈)နှစ် (ဘ)ဦးအောင်သိုက် မောင်းနှင်သောယာဉ်အမှတ် 9P-1143 ယာဉ်နှင့် အခြား YBS ခရီးသည်တင်ယာဉ်များသည် ဂက်စ်ဖြည့်ရန် ဧရာဝဏ်လမ်းပေါ် တန်းစီစောင့်ဆိုင်းနေစဉ် အကြမ်းဖက်သူ အမျိုးသား လေးဦး(စိစစ်ဆဲ)က ကားအနီးသို့ ဆိုင်ကယ်ဖြင့် ရောက်ရှိလာပြီး ယာဉ်မောင်း ဦးမောင်မောင်အား သေနတ်ပြခြိမ်းခြောက်ကာ ယာဉ်တံခါးအားဖွင့်ခိုင်း၍ ယာဉ်ပေါ်သို့ တက်ရောက်လာပြီး အဆိုပါအမျိုးသား လေးဦးအနက် တစ်ဦးက ကားရှေ့ ခရီးသည်အတက် ခြေနင်းခုံအား သေနတ်ဖြင့် တစ်ချက်ပစ်ခတ်၍ တစ်ဦးမှာ ဓာတ်ဆီပါသည့် ရေသန့်ဘူးအား ယာဉ်ပေါ်လိုက်လံဖျန်း၍ မီးရှို့ဖျက်ဆီးခဲ့သည်။

ထိုသို့ အကြမ်းဖက်မီးရှို့ဖျက်ဆီးမှုကြောင့် မော်တော်ယာဉ်တွင် ယာဉ်မောင်းအနီး ဒက်ရှ်ဘုတ် အနည်းငယ်၊ ယာဉ်၏အလယ်ရှိ ထိုင်ခုံဘေး တစ်ပေခန့်၊ ယာဉ်နောက် ထိုင်ခုံအရှည် တစ်ပေခန့်နှင့် ခရီးသည်ဆင်းသည့် အပေါက်အနီး ပလတ်စတစ်ထိုင်ခုံ ခြောက်လက်မခန့် အနည်းငယ် မီးလောင်ပျက်စီးခဲ့ပြီး အခင်းဖြစ်နေရာအနီးမှ THAI ARMS 380 ကျည်ခွံတစ်ခုနှင့် ရေသန့်ဘူးခွံတစ်ခု တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်မှ ခရီးသည်တင်ယာဉ်အား သေနတ်ဖြင့် ပစ်ခတ်ခြိမ်းခြောက်ကာ မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ကြည့်မြင်တိုင်မြို့နယ်အတွင်း လက်လုပ်မိုင်းပေါက်ကွဲမှုကြောင့် အပြစ်မဲ့ပြည်သူ သုံးဦး မိုင်းစထိမှန်ဒဏ်ရာများ ရရှိ




**နေပြည်တော် ဒီဇင်ဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် မန်ကျီးတန်းတောင်အရှေ့ရပ်ကွက် ပန်းပင်ကြီးလမ်းနှင့် အထက်ကြည့်မြင်တိုင်လမ်းထောင့်၌ ယနေ့နံနက်ပိုင်းတွင် လက်လုပ်မိုင်းပေါက်ကွဲမှု ဖြစ်ပွားခဲ့သည်။

အဆိုပါ ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့်နေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အပြစ်မဲ့ပြည်သူ အမျိုးသား နှစ်ဦးနှင့် အမျိုးသမီး တစ်ဦး မိုင်းစထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အနီးရှိ YBS-89 ယာဉ်လိုင်းမှ မော်တော်ယာဉ် လေးစီး မိုင်းစထိမှန်၍ ဘေးပြတင်းမှန်အချို့ ပျက်စီးခဲ့သည်။

မိုင်းစထိမှန်ဒဏ်ရာရရှိသူများအား တပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်းနှင့် အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးခဲ့သူများ ဖမ်းဆီးရမိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၆-၁၂-၂၀၂၁ တနင်္လာနေ့

**MRTV HD**

| | |
|---|---|
| ၀၆:၀၀ | မေတ္တသုတ်၊ ရတနသုတ်၊ မောရသုတ် အန္တရာယ်ကင်းပရိတ်တရားတော် |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၃၅ | လုပစ္စာပုံဖော်ထုဆစ်ထားသလ္လာမြေမှ သဘာဝတွင်းထွက်ကျောက်အလှဆင်ပစ္စည်းများ |
| ၀၉:၃၅ | မွေးမြူရေးရာအပြာပြာ |
| ၁၀:၀၀ | သတင်းထဲကသတင်း |
| ၁၁:၃၀ | ကြွေလည်းဝေမြဲတမ်းတဆဲ |
| ၁၃:၃၀ | MRTV National News |
| ၁၅:၁၀ | Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'တတုဝေဒဘာသာရပ်' |
| ၁၆:၃၅ | မျှဝေအသိပေးကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး |
| ၁၇:၂၅ | ကျန်းမာရေးအတွက်တိုင်းရင်းဆေးပညာ |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၃၅ | သံစဉ်ဝေပြာစတီရီယိုတေးကမ္ဘာ |
| ၁၉:၁၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ဟယာမျက်နှာဖုံး' (အပိုင်း-၂၅) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | သံစဉ်ဝေပြာစတီရီယိုတေးကမ္ဘာ |
| ၂၁:၂၅ | နိုင်ငံခြားဇာတ်လမ်းတွဲ 'မတူညီသောမေတ္တာများ' (အပိုင်း-၁၉) |
| ၂၂:၃၀ | ရုပ်မြင်သံကြားဇာတ်လမ်း 'ချစ်သောဘာဘီ' |

သောကြာနေ့ ညတိုင်းတွင် ဂေးဂီတပျော်ပွဲ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပေးလျက်ရှိပါသည်

MRTV online www.mrtv.gov.mm
t.me/mrtvnews
twitter.com/mrtvwebportal
SCAN ME

**mitv**

| | |
|---|---|
| 07:01 | News |
| 07:26 | Global Partnership for Brighter Future: Seychelles Pavilion at Expo 2020 Dubai |
| 07:34 | Mosaic Painting (Precious Stones & Gems) |
| 07:49 | Beach Food Delivery |
| 08:01 | Myanmar Masterclass: Artist Zay Yar Aye |
| 08:15 | Myanmar Traditional Thatched Roofs: IN-LEAF |
| 08:32 | Myanmar Traditional Identity (EP-1) The Culture Of Pennant Pillar |
| 08:46 | Farming: Duck Breeder |
| 09:01 | Ecotourism: Bat Cave and Chatthin Wildlife Sanctuary |
| 09:13 | A Day Life Of Kayan Padaung Tribe |
| 09:43 | Ywar Thit's Monhinkhar |
| 10:01 | Myanmar Puppeteers (U Shwe Yoe & Daw Moe Dance) |
| 10:10 | Kayah |

**MRTV NRC**

**စကောကရင် (၀၆:၀၀ မှ ၀၇:၀၀)**
စကောကရင်ဒေသထွက်ကုန်များ

**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ဖျိုးမြူရွာကရေလုပ်သားကြီးဘဝ

**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
သာယာလှပသောကျူထော်ရေတံခွန်သို့ သွားလည်ကြရအောင်

**ချင်း(ဖလမ်း) (၀၉:၀၀ မှ ၁၀:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည့်အမိမြန်မာပြည်(အပိုင်း-၄)

**ချင်း(ချိုး) (၁၀:၀၀ မှ ၁၁:၀၀)**
ချင်းရိုးရာပြတိုက်

**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
မွန်တို့ရိုးရာအလှမွန်တို့ရိုးရာဝတ်စုံ

**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
မွန်ဘာသာစကားပြောကြရအောင်(အပိုင်း-၂)

**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၁၁)

**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
မောက်မယ်မြို့လေးတစ်နေရာကပန်းတမော့လက်မှုပညာ

**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
ရိုးရာရက်ကန်းနှင့်အထည်

**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
ကချင်အမျိုးသားဖက်ရှင်ရှိုး

**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
ဓလေ့အစားအစာ

**MRTV PARLIAMENT**

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၃၀ | ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို 'တနာတတ်သူတာဝန်ယူ' |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ကြေညာချက် သတင်းများ |
| ၁၀:၃၀ | ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၅) |
| ၁၁:၀၀ | ရွှေချယ်တင်မြောက်ပုံစနစ် အမျိုးမျိုးအကြောင်းသိကောင်းစရာ (အပိုင်း-၁) |
| ၁၁:၃၀ | အတွေးအမြင် (အပိုင်း-၅) |

**MRTV SPORTS**

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info |
| ၀၇:၄၅ | အားကစားလောကထဲက သူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

MRTV Farmers' Channel ကို နေ့စဉ်နံနက် (၆:၀၀)နာရီမှ ည (၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက်(၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှု ရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည် ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်း အစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”**

**“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကိုဖြေကြားပေး”**

**“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”**

## ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်၌ တရားမဝင်ခွင့်ပြုချက်မဲ့ ဆူပူဆန္ဒပြမှုအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုခွဲထိန်းသိမ်းဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် မကျည်းတန်း (တောင်/အနောက်)ရပ်ကွက် ပန်းပင်ကြီးလမ်း၌ ယနေ့နံနက်ပိုင်းက တရားမဝင်ခွင့်ပြုချက်မဲ့ လူတစ်စုမှ ဆူပူအော်ဟစ်မှုများ ပြုလုပ်နေကြောင်း ဆူပူမှုကိုမလိုလားသော ပြည်သူအချို့၏ သတင်းပေးပို့ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါနေရာသို့ သွားရောက်၍ လူစုခွဲဆောင်ရွက်ခဲ့ရသည်။

အဆိုပါခွင့်ပြုချက်မဲ့ဆန္ဒပြသူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုခွဲထိန်းသိမ်းဆောင်ရွက်ခဲ့ရာတွင် ကျား ရှစ်ဦး၊ မ သုံးဦး စုစုပေါင်း ၁၁ ဦးအား ဖမ်းဆီးရမိခဲ့ပြီး ကျား နှစ်ဦးတွင် မစိုးရိမ်ရဒဏ်ရာများနှင့် မ တစ်ဦးတွင် စိုးရိမ်ရဒဏ်ရာများရရှိခဲ့သည်။ ဖမ်းဆီးရရှိသူများအား တရားဥပဒေနှင့်အညီ အမှုဖွင့် အရေးယူရန် ဆောင်ရွက်လျက်ရှိကြောင်းနှင့် ထိခိုက်ဒဏ်ရာရရှိသူများအား နီးစပ်ရာတပ်မတော်ဆေးရုံသို့ပို့ဆောင်၍ ဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မူဆယ်၊ လားရှိုး၊ နောင်ချိုနှင့် တန့်ယန်းမြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၅**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၄ ရက် ညနေ ၄ နာရီ ၄၅ မိနစ်တွင် မူဆယ်မြို့နယ် မူဆယ်–ကွတ်ခိုင်သွားကားလမ်း မိုင်းယု(၁၀၅) မိုင်ကျေးရွာအထွက်ရှိ တိုးဂိတ်အနီးတွင် ယန်ဒေဂျုံး မောင်းနှင်ပြီး ဆွန်းကျင်ဖူ လိုက်ပါလာသည့် မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၂၀၀၀ ကို လည်းကောင်း၊ ယင်းနေ့ ညနေ ၃ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် နားဖကျေးရွာအနီး လားရှိုး–မိုင်းယော်သွားကားလမ်းတွင် စိုင်းအိုက်လူ မောင်းနှင်လာသည့် မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ ကို လည်းကောင်း။

ယင်းနေ့ ညနေ ၅ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့နယ် အိုရီယမ်တယ် တိုးဂိတ်အနီး လားရှိုး–မူဆယ်သွားကားလမ်း မိုင်တိုင်အမှတ်(၇၉/၁)တွင် စိုင်းဝင်းလတ်(ခ)အိုက်ဖိုက် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀၀ ကို လည်းကောင်း၊ ယင်းနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တန့်ယန်းမြို့ အမှတ်(၈)ရပ်ကွက်နေ မနန်းနွံ၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## မိုင်းဆတ်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

**မိုင်းဆတ် ဒီဇင်ဘာ ၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မိုင်းဆတ်မြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် နားယန်းကျေးရွာအား ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့က ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းဦးက မြစိမ်းရောင်စီမံကိန်းဆောင်ရွက်မည့် ကျေးရွာကော်မတီအဖွဲ့ဝင်များအနေဖြင့် ရန်ပုံငွေများကို လေလွင့်ဆုံးရှုံးမှု မဖြစ်ပေါ်စေရန်အတွက် လက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်းဆောင်ရွက်သွားကြရန် ပြောကြားခဲ့ပြီး တက်ရောက်လာကြသော ကျေးရွာစီမံကိန်းကော်မတီဝင်များထံသို့ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

မိုင်းဆတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၂၁–၂၀၂၂ ဘတ်ဂျက်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် နားယန်းကျေးရွာအား လုပ်ငန်းအမျိုးအစားအလိုက်ဆောင်ရွက်နိုင်ရန်အတွက် စီမံကိန်းလည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးနိုင်လင်းဦးထံမှ သိရသည်။

**ဖြိုးစု**



## မင်္ဂလာဒုံမြို့နယ်၌ သွေးလှူရှင်အသိပညာပေး ဟောပြော

**ရန်ကုန် ဒီဇင်ဘာ ၅**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ သပြေညိုစေတနာသွေးလှူရှင်များအဖွဲ့မှ သွေးလှူရှင် အသိပညာပေးဟောပြောပွဲနှင့် သွေးလှူရှင်အဖွဲ့ဝင် အဆိုပြုလွှာပေးအပ်ခြင်း အခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီတွင် အဆိုပါသပြေညိုပညာဒါနအသင်းရုံးခန်း၌ ကိုဗစ်–၁၉ စည်းကမ်းချက်နှင့်အညီ ကျင်းပခဲ့သည်။

အခမ်းအနားတွင် သပြေညို ပညာဒါနအသင်းဥက္ကဋ္ဌ ဦးတင်ညွန့်က အမှာစကားပြောကြား၍ ရန်ကုန်မြောက်ပိုင်းခရိုင် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ သွေးလှူရှင်အဖွဲ့ဝင် တာဝန်ခံ ဦးနေဆန်းက သွေးလှူရှင် အသိပညာပေး ဟောပြောပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ရန်ကုန်အနောက်ပိုင်းခရိုင် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာအောင်ခင်က သွေးလှူရှင်များနှင့်ပတ်သက်သည့် အသိပညာပေး သိကောင်းစရာများကို ဟောပြောခဲ့ကာ သပြေညို ပညာဒါနအဖွဲ့က သွေးလှူရှင်များအား သွေးအမျိုးအစားများ ခွဲခြားဆောင်ရွက်ပေးခဲ့သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ သွေးအကြိမ် ၁၀၀ အထက် လှူဒါန်းခဲ့သည့် သွေးလှူရှင် လေးဦး၊ အခြားသွေးလှူရှင် ၅၆ ဦး စုစုပေါင်း သွေးလှူရှင် ၆၀ တို့အား အမှတ်တရလက်ဆောင်ပစ္စည်းများနှင့် ဂုဏ်ပြုကတ်များကို အသင်းတာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

## ရပ်စောက်မြို့နယ် မြို့မဈေးသမဝါယမအသင်းလီမိတက်က အသင်းသားပြည်သူများအား စုဆောင်းငွေပေါ်အတိုးများ ထုတ်ပေး

**ရပ်စောက် ဒီဇင်ဘာ ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ်ရှိ မြို့မဈေးသမဝါယမအသင်းလီမိတက်မှ အသင်းသားပြည်သူများသို့ စုဆောင်းငွေပေါ်အတိုးထုတ်ပေးခြင်း အခမ်းအနားကို ဒီဇင်ဘာ ၁ ရက်က အဆိုပါအသင်းရုံးခန်း၌ ပြုလုပ်ရာ ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ် ဒုတိယခြောက်လအတွက် စုဆောင်းငွေပေါ်အတိုးကျပ် ၁၄၀ ဒသမ ၁၈ သိန်းအား အသင်းသား ၅၅၁ ဦးသို့ အသင်းဒါရိုက်တာအဖွဲ့က အသင်းသားများ လက်ဝယ်အရောက် ထုတ်ပေးခဲ့ပြီး အသင်းဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းများ စည်းလုံးမှု၊ ကြိုးစားဆောင်ရွက်မှုများနှင့် အသင်း၏ငွေစုငွေချေးလုပ်ငန်းများ တိုးတက်အောင်မြင်၍ အသင်းသားပြည်သူများ၏ အကျိုးခံစားခွင့်များရရှိကြောင်း သိရသည်။

**သတင်းစဉ်**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

# ဥပဒေပြုရေးဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲများအပေါ်လေ့လာခြင်း (ယူကရိန်းနိုင်ငံ)

(ယမန်နေ့မှအဆက်)

**လွှတ်တော်မဲဆန္ဒနယ်မြေများ သတ်မှတ်ခြင်း**

ယူကရိန်းနိုင်ငံ၏ ရွေးကောက်ပွဲများအတွက် မဲဆန္ဒနယ်မြေနယ်နိမိတ်နှင့် နံပါတ်စဉ်များကို ဗဟိုရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ၁၇၅ ရက်ထက် နောက်မကျစေဘဲ သတ်မှတ်ပေးသည်။ ယူကရိန်းနိုင်ငံတွင် မဲဆန္ဒနယ်မြေ (Constituency)ကို ရွေးကောက်ပွဲဆိုင်ရာနယ်မြေများ (Electoral Districts)ဟုလည်း သုံးနှုန်းကြသည်။ ယူကရိန်းနိုင်ငံတွင် မဲဆန္ဒနယ်မြေများကို မဲဆန္ဒရှင်ပေါ်မူတည်၍ သတ်မှတ်ပြီး မဲဆန္ဒနယ်မြေတစ်ခုသတ်မှတ်ရာတွင် တစ်နိုင်ငံလုံးရှိ မဲဆန္ဒရှင်အရေအတွက် ပျမ်းမျှ ၁၂ ရာခိုင်နှုန်းထက် မကျော်လွန်ရဟု ပြဋ္ဌာန်းထားပါသည်။ ၂၀၁၂ ခုနှစ်၌ မဲဆန္ဒနယ်မြေများ သတ်မှတ်ခဲ့စဉ်က မဲဆန္ဒနယ်မြေတစ်ခုတွင် ပျမ်းမျှမဲဆန္ဒရှင်ဦးရေ ၁၆၁၂၂၅ ဦး ရှိခဲ့သည်။ ယူကရိန်းနိုင်ငံ၏ နိုင်ငံပြင်ပမဲဆန္ဒနယ်မြေသည် နိုင်ငံပြင်ပတွင်တည်ရှိသော ရွေးကောက်ပွဲဆိုင်ရာနယ်မြေများကို စုပေါင်းထားခြင်းဖြစ်သည်။ ယင်းနယ်မြေများတွင် ယူကရိန်း ငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့များ တည်ရှိရာ နိုင်ငံပြင်ပစစ်အခြေစိုက်စခန်းများ၊ သံရုံးများနှင့် ကောင်စစ်ဝန်ရုံးများ၌ မဲရုံများဖွင့်လှစ်ထားသော နယ်မြေများပါဝင်သည်။

၂၀၁၉ ခုနှစ် လွှတ်တော်ရွေးကောက်ပွဲတွင် PR စနစ်ဖြင့် ကျင်းပမည့် (Single Nationwide Constituency)မဲဆန္ဒနယ်မြေကို နိုင်ငံပြင်ပရှိမဲဆန္ဒနယ်မြေများအပါအဝင် ယူကရိန် တစ်နိုင်ငံလုံးကို သတ်မှတ်ပြီး ရွေးကောက်ပွဲကျင်းပခဲ့သည်။ FPTP စနစ်ဖြင့်ကျင်းပမည့် (Single-member Constituencies) မဲဆန္ဒနယ်မြေပေါင်း ၂၂၅ နယ်ရှိသည့်အနက် ၁၉၉ နယ် သတ်မှတ်၍သာ ရွေးကောက်ပွဲကျင်းပခဲ့ကြောင်း တွေ့ရသည်။ အကြောင်းမှာ ၂၀၁၄ ခုနှစ်မှစ၍ ယူကရိန်းအားဆန့်ကျင်သည့် ရုရှားလက်နက်ကိုင်များကြောင့် Sevastopol မြို့တွင်ရှိသော မဲဆန္ဒနယ်မြေ နှစ်ခု၊ ခရိုင်းမီးယားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ မဲဆန္ဒနယ်မြေ ၁၀ ခု၊ Donetsk ဒေသမှ မဲဆန္ဒနယ်မြေ ကိုးခုနှင့် Luhansk ဒေသမှ မဲဆန္ဒနယ်မြေ ငါးခု စုစုပေါင်း မဲဆန္ဒနယ်မြေ ၂၆ ခုတို့တွင် ရွေးကောက်ပွဲကျင်းပနိုင်ခြင်း မရှိသောကြောင့် ဖြစ်သည်။

**လွှတ်တော်ကိုယ်စားလှယ်လောင်း အရည်အချင်းများနှင့် ဝင်ရောက်ယှဉ်ပြိုင်ခွင့်မရှိသူများ**

ယူကရိန်းနိုင်ငံ၏ဥပဒေအရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိသည် –

(က) ရွေးကောက်ပွဲ ကျင်းပသည့်နေ့တွင် အသက် (၂၁) နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ၊
(ခ) ယူကရိန်းနိုင်ငံသားဖြစ်သူ၊
(ဂ) ယူကရိန်းနိုင်ငံတွင် အနည်းဆုံး ငါးနှစ် အခြေချနေထိုင်သူ၊
(ဃ) ရာဇဝတ်မှုကျူးလွန်ထားခြင်းမရှိသူ။

အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရမည် မဟုတ်ပါ-

(က) အစိုးရဌာနဗဟိုအဖွဲ့အစည်းများ၏ ဥက္ကဋ္ဌဖြစ်သူ၊
(ခ) အစိုးရအဖွဲ့ဝင်ဖြစ်သူ၊
(ဂ) အစိုးရမဟုတ်သော အဖွဲ့အစည်းတစ်ခုအတွက် ရွေးကောက်ခံအရာရှိဖြစ်သူ၊
(ဃ) နိုင်ငံခြားတိုင်းပြည်(သို့မဟုတ်) အဖွဲ့အစည်းတစ်ခုခု၏အဖွဲ့ဝင်ဖြစ်သူ၊
(င) အစိုးရရှေ့နေဖြစ်သူ။

**နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း**

ယူကရိန်းနိုင်ငံတွင် နိုင်ငံရေးပါတီများသည် ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၃၆၅ ရက်(တစ်နှစ်)ထက် နောက်မကျစေဘဲ ပါတီမှတ်ပုံတင်ထားရမည် ဖြစ်သည်။ နိုင်ငံရေးပါတီများသည် ရွေးကောက်ပွဲတွင် အမည်စာရင်းတင်သွင်းမည့် ကိုယ်စားလှယ်လောင်းများ ရွေးချယ်ရန်အတွက် ပါတီကိုယ်စားလှယ်ဦးရေ ၂၀၀ ထက်မနည်း တက်ရောက်ပါဝင်သော ညီလာခံတစ်ခုကို ရွေးကောက်ပွဲမတိုင်မီရက်ပေါင်း ၉၀ ထက်နောက်မကျဘဲ ကျင်းပရမည်ဖြစ်သည်။ အဆိုပါ ညီလာခံကျင်းပမည့်အချိန်၊ နေ့ရက်နှင့် နေရာတို့အား ဗဟိုရွေးကောက်ပွဲကော်မရှင်သို့ ညီလာခံမကျင်းပမီ ငါးရက်ထက်နောက်မကျဘဲ ဆောလျင်စွာတင်ပြရမည်ဖြစ်သည်။ နိုင်ငံရေးပါတီများအနေဖြင့် Single Nationwide Constituency တွင် ဝင်ရောက်ယှဉ်ပြိုင်မည့်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းရာတွင် ကိုယ်စားလှယ်လောင်းဦးရေ အနည်းဆုံး ၁၈ ဦးနှင့် အများဆုံး ၄၅၀ တင်သွင်းနိုင်သည်။

**လွှတ်တော်ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်း**

ယူကရိန်းနိုင်ငံတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်စာရင်းတင်သွင်းခြင်းကို ရွေးကောက်ပွဲမကျင်းပမီ အနည်းဆုံး ၈၅ ရက်ထက်နောက်မကျဘဲ ဗဟိုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားတင်ပြရသည်။ သို့သော် ပါတီမှ အမည်စာရင်းတင်သွင်းထားသော လွှတ်တော်ကိုယ်စားလှယ်လောင်းကို ဗဟိုရွေးကောက်ပွဲကော်မရှင် (CEC)မှ မှတ်ပုံတင်ရန် ငြင်းပယ်ခဲ့ပါက ၇၅ ရက်ထက်နောက်မကျစေဘဲ တင်ပြရမည်ဖြစ်သည်။ ကိုယ်စားလှယ်လောင်းများသည် ၎င်းတို့၏ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းခြင်းအား ပြန်လည်ရုပ်သိမ်းနိုင်သော်လည်း ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ၂၃ ရက်ထက် နောက်မကျစေဘဲ ရုပ်သိမ်းနိုင်သည်။ ၂၀၁၉ ခုနှစ် လွှတ်တော်ရွေးကောက်ပွဲတွင် အမည်စာရင်းတင်သွင်းခဲ့သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းဦးရေ ၅၈၄၅ ဦး ရှိခဲ့သည့်အနက် ကိုယ်စားလှယ်လောင်း ၃၁၇၁ ဦးသည် Single-member Constituencies တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ၂၆၇၄ ဦးသည် Single Nationwide Constituency တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပါသည်။ လွှတ်တော်ရွေးကောက်ပွဲ၌ အချိုးကျကိုယ်စားပြုစနစ် PR တွင် ရွေးချယ်ခံမည့် နိုင်ငံရေးပါတီများသည် အာမခံကြေးအဖြစ် ယူကရိန်းနိုင်ငံ၏ အနည်းဆုံးလုပ်ခလစာပမာဏ၏အဆ ၁၀၀၀ ဖြစ်သော ယူကရိန်းငွေကြေး ၄၁၇၃၀၀၀ ဟီရီဗင်းညား (USD 150000) ကို ပေးသွင်းရမည်။ မဲများသူ အနိုင်ရစနစ် FPTP ဖြင့်ပြုလုပ်မည့် မဲဆန္ဒနယ်မြေများအတွက် ကိုယ်စားလှယ်လောင်းများသည် ယူကရိန်းနိုင်ငံ၏ အနည်းဆုံးလုပ်ခလစာပမာဏ၏ ၁၀ ဆ ဖြစ်သော ယူကရိန်းငွေကြေး ၄၁၇၃၀ ဟီရီဗင်းညား (USD 1500)ကို ပေးသွင်းရမည်။ ပါတီ သို့မဟုတ် ကိုယ်စားလှယ်လောင်းများသည် ရွေးကောက်ပွဲတွင် အနိုင်ရရှိပါက တင်သွင်းထားသော အာမခံကြေးငွေ ပြန်လည်ရရှိမည်ဖြစ်သည်။

**မဲဆွယ်စည်းရုံးခြင်း**

ယူကရိန်းနိုင်ငံတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းများ မဲဆွယ်စည်းရုံးသည့်ကာလကို ဗဟိုရွေးကောက်ပွဲကော်မရှင်မှ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းကြေညာသည့်နေ့မှစ၍ Silent Day မတိုင်မီနေ့အထိ သတ်မှတ်သည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းများ မဲဆွယ်စည်းရုံးရာတွင် ပြည်သူများနှင့် တွေ့ဆုံဟောပြောခြင်း၊ မဲဆန္ဒရှင်များနှင့်တွေ့ဆုံခြင်း၊ သရုပ်ပြဆောင်ရွက်ခြင်း၊ လမ်းလျှောက်ခြင်း၊ ပြည်သူများနှင့်ဆွေးနွေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို အသုံးပြုသည်။ ထို့ပြင် သရုပ်ဖော်ပုံများ၊ ဗီဒီယိုများ၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့မှတစ်ဆင့်လည်း မဲဆွယ်စည်းရုံးကြသည်။

**မဲပေးပိုင်ခွင့်ရှိသူများနှင့်မဲပေးပိုင်ခွင့်မရှိသူများ**


ယူကရိန်းနိုင်ငံတွင် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များသည်ရွေးကောက်ပွဲ၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်-

(က) အသက်(၁၈)နှစ်ပြည့်ပြီးသူ၊
(ခ) ယူကရိန်းနိုင်ငံသားဖြစ်သူ၊
(ဂ) နိုင်ငံတော်၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပရောက်ရှိနေသူ။

ယူကရိန်းနိုင်ငံတွင် စိတ်ပေါ့သွပ်နေသူဟု ဥပဒေအရ တရားဝင်ဆုံးဖြတ်ကြေညာခြင်း ခံထားရသောသူသည် ရွေးကောက်ပွဲ၌ ဆန္ဒမဲပေးပိုင်ခွင့်မရှိပါ။

**မဲဆန္ဒရှင်စာရင်းပြုစုခြင်း**

ယူကရိန်းဥပဒေအရ ရွေးကောက်ပွဲအတွက် အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်းကို ရပ်ကွက်/ကျေးရွာအုပ်စုအဆင့် ရွေးကောက်ပွဲကော်မရှင်များက အိမ်ထောင်စုနှင့် နေရပ်လိပ်စာအတိုင်း ကောက်ယူသည်။ ကောက်ယူပြီးသော အခြေခံမဲဆန္ဒရှင်များစာရင်းကို မဲဆန္ဒရှင်မှတ်ပုံတင်စာရင်းထိန်းသိမ်းရေးအဖွဲ့ (State Voter Register Maintenance Body)မှ ပြုစုသည်။ မဲဆန္ဒရှင်များသည် Online မှတစ်ဆင့် မဲဆန္ဒရှင်မှတ်ပုံတင်လျှောက်လွှာ (State Voter Register) တင်သွင်း၍လည်း လျှောက်ထားနိုင်သည်။ မဲဆန္ဒရှင်မှတ်ပုံတင်စာရင်းထိန်းသိမ်းရေးအဖွဲ့သည် ရွေးကောက်ပွဲကျင်းပသည့်နေ့မတိုင်မီ ၂၄ ရက်ထက် နောက်မကျစေဘဲ ဗဟိုရွေးကောက်ပွဲကော်မရှင်မှသတ်မှတ်ထားသည့်ပုံစံအတိုင်း ကပ်ထားကြေညာနိုင်ရန် ဆောင်ရွက်ရသည်။ မဲဆန္ဒရှင်မှတ်ပုံတင်စာရင်းထိန်းသိမ်းရေးအဖွဲ့မှဖော်ပြထားသည့် အချက်အလက်များအရ ရွေးကောက်ပွဲနေ့တွင် အသက် (၁၈) နှစ်ပြည့်ပြီးသူ သို့မဟုတ် အသက်(၁၈)နှစ်ပြည့်မည့် ယူကရိန်းနိုင်ငံသားများကို အခြေခံမဲဆန္ဒရှင်စာရင်းတွင် ထည့်သွင်းထားသည်။ အဆိုပါမဲဆန္ဒရှင်စာရင်းများသည် မဲဆန္ဒရှင်များ၏ သက်ဆိုင်ရာနေရပ်ဒေသရှိမဲရုံများ၌သာ ပါဝင်နေမည်ဖြစ်သည်။ **စာမျက်နှာ ၁၇ သို့** ❂




၂၀၁၉ ခုနှစ် ယူကရိန်းနိုင်ငံ၏ လွှတ်တော်မဲဆန္ဒနယ်မြေပုံ

**၂၀၁၄ ခုနှစ် လွှတ်တော်ရွေးကောက်ပွဲတွင် မဲပေးသည့်ရာခိုင်နှုန်း ၅၂ ဒသမ ၄၂ ဖြစ်ပြီး သမ္မတရွေးကောက်ပွဲ၏ မဲပေးသည့်ရာခိုင်နှုန်းသည် ၆၀ ဖြစ်သည်။ ၂၀၁၉ ခုနှစ်၌ နောက်ဆုံးအကြိမ် ကျင်းပပြီးစီးခဲ့သည့် လွှတ်တော်(The Verkhovna Rada) ရွေးကောက်ပွဲတွင် မဲပေးသည့်ရာခိုင်နှုန်း ၄၉ ဒသမ ၈၄ ရရှိခဲ့သည်။ ယင်းရွေးကောက်ပွဲတွင် ခရိုင်းမီးယားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ ရွေးကောက်ပွဲကျင်းပနိုင်ခဲ့ခြင်း မရှိပါ။ ဤသို့ဖြင့် ယူကရိန်းနိုင်ငံတွင် ၂၀၁၄ ခုနှစ်မှစ၍ ရွေးကောက်ပွဲကျင်းပနိုင်ခြင်းမရှိသည့် နယ်မြေများကြောင့် မဲပေးသည့်ရာခိုင်နှုန်း ကျဆင်းလာသည်ကိုတွေ့ရ**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

**အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**

**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင် အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM)လှုပ်ရှားမှုတွင် ငွေကြေးအရ ဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်**

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက် နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

❂ စာမျက်နှာ ၁၆ မှ

မဲဆန္ဒရှင်မှတ်ပုံတင်စာရင်း ထိန်းသိမ်းရေးအဖွဲ့သည် ရွေးကောက်ပွဲမကျင်းပမီ သုံးရက်အတွင်း နောက်ဆုံးမဲဆန္ဒရှင်စာရင်းများကို မဲရုံအလိုက် ပြုစုသည်။ စစ်ဆေးပြီးသော နောက်ဆုံးမဲဆန္ဒရှင်စာရင်းကို ခရိုင်အဆင့်ရွေးကောက်ပွဲကော်မရှင် (ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွေးကောက်ပွဲကော်မရှင်အပါအဝင်)နှင့် မဲရုံများသို့ ဖြန့်ဝေပေးပြီး ကပ်ထားကြေညာစေသည်။

အခြေခံမဲဆန္ဒရှင်စာရင်းတွင် မဲဆန္ဒရှင်၏ မျိုးရိုးအမည်၊ ရှေ့နာမည်စာလုံး၊ နောက်ဆုံးနာမည်စာလုံး၊ မွေးသက္ကရာဇ်နှင့် နေရပ်လိပ်စာတို့ ပါရှိသည်။ ယူကရိန်းနိုင်ငံတွင် မဲဆန္ဒရှင်စာရင်းကို အိမ်ထောင်စုနှင့် နေရပ်လိပ်စာအပေါ်အခြေခံ၍ ကောက်ယူထားသဖြင့် အခြေခံမဲဆန္ဒရှင်စာရင်းတွင် နေရပ်လိပ်စာတူညီသော မဲဆန္ဒရှင်များကို ယင်းတို့၏အိမ်လိပ်စာများအတိုင်း အစီအစဉ်တကျဖြစ်စေရန် နောက်ဆက်တွဲဖြင့် ထည့်သွင်းဖော်ပြပေးထားပါသည်။

## ကြိုတင်မဲပေးခြင်း

ယူကရိန်းနိုင်ငံတွင် သမ္မတရွေးကောက်ပွဲ၊ လွှတ်တော်ရွေးကောက်ပွဲ၊ ပြည်နယ်၊ ခရိုင်၊ မြို့နှင့် ကျေးရွာကောင်စီအဖွဲ့ဝင်များ ရွေးကောက်ခြင်းနှင့် မြို့တော်ဝန်ရွေးကောက်ပွဲတို့တွင် ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ သောကြာနေ့ည ၈ နာရီထက် နောက်မကျဘဲ Mail မှဖြစ်စေ၊ မဲရုံ၌မဲဆန္ဒရှင်ကိုယ်တိုင်ဖြစ်စေ ကြိုတင်မဲပေးနိုင်သည်။ သို့သော် ပြည်သူ့ဆန္ဒခံယူပွဲတွင် မဲဆန္ဒရှင်များသည် ဆန္ဒခံယူပွဲကျင်းပမည့်နေ့မတိုင်မီ ညနေ ၄ နာရီအထိသာ ကြိုတင်မဲပေးနိုင်သည်။ ကြိုတင်မဲပေးမည့် မဲဆန္ဒရှင်များသည် မဲပေးခြင်းလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဖြည့်သွင်းရမည့်ပုံစံများအတိုင်း ဖြည့်သွင်းလျှောက်ထားနိုင်သည်။

## ရွေးကောက်ပွဲနေ့ဆန္ဒမဲပေးခြင်းနှင့် မဲရလဒ်များ ထုတ်ပြန်ကြေညာခြင်း

ရွေးကောက်ပွဲနေ့တွင် မဲဆန္ဒရှင်များသည် နံနက် ၈ နာရီမှ ည ၈ နာရီအထိ ဆန္ဒမဲပေးနိုင်သည်။ ရွေးကောက်ပွဲတွင် မသန်စွမ်းမဲဆန္ဒရှင်များလည်း ဆန္ဒမဲပေးနိုင်သည်။ အမြင်အာရုံချို့ယွင်းနေသော မဲဆန္ဒရှင်များသည် Tactile Voting Devices ကို အသုံးပြု၍ ဆန္ဒပြုနိုင်သကဲ့သို့ အခြားသူတစ်ဦးဦးကို ဖြစ်စေ၊ မဲရုံဝန်ထမ်းတစ်ဦးဦးကိုဖြစ်စေ ကိုယ်စားဆန္ဒပြုစေခြင်းဖြင့်လည်း ဆန္ဒမဲပေးနိုင်သည်။ ထိုသို့ ကိုယ်စားဆန္ဒပြုမည့်သူသည် မသန်စွမ်းမဲဆန္ဒရှင်၏ ဆုံးဖြတ်ချက်နှင့်ရွေးချယ်မှုကိုသာ ဆန္ဒပြုပေးရမည် ဖြစ်သည်။ ထို့ပြင် မဲရုံသို့ ကိုယ်တိုင်လာရောက်မဲပေးနိုင်ခြင်းမရှိသည့် မဲဆန္ဒရှင်များသည် အီလက်ထရွန်နစ်မဲပေးခြင်းစနစ်များဖြစ်သော မိုဘိုင်းဖုန်းဖြင့်သော်လည်းကောင်း၊ Mail ဖြင့်သော်လည်းကောင်း ဆန္ဒမဲပေးနိုင်သည့်အပြင် ကြိုတင်ဆန္ဒမဲဖြင့်လည်း ဆန္ဒပြုနိုင်သည်။

သမ္မတရွေးကောက်ပွဲနှင့်လွှတ်တော်ရွေးကောက်ပွဲများ၏ မဲရလဒ်များကို မဲဆန္ဒနယ်မြေအလိုက်ထုတ်ပြန်သည်။ ဆန္ဒမဲလက်မှတ်များ ရေတွက်ပြီးနောက်တွင် ရပ်ကွက်/ကျေးရွာအုပ်စုအဆင့် ရွေးကောက်ပွဲကော်မရှင်များသည် သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအလိုက် မဲရလဒ်များထုတ်ပြန်သည်။ ထို့နောက် ခရိုင်အဆင့် ရွေးကောက်ပွဲကော်မရှင်များသည် သက်ဆိုင်ရာခရိုင်အလိုက် မဲရုံများအားလုံးမှ စုစည်းရရှိသော မဲရလဒ်များကို စုပေါင်းပြီးနောက် မဲရလဒ်ထုတ်ပြန်သည်။ ဗဟိုရွေးကောက်ပွဲကော်မရှင်သည် ပြည်တွင်းမဲဆန္ဒနယ်မြေများ၏ မဲရလဒ်များနှင့် ပြည်ပမဲရလဒ်များကို စုပေါင်းပြီး နောက်ဆုံးမဲရလဒ် (Final Result) ကို ထုတ်ပြန်ကြေညာသည်။

## မဲပေးသည့်ရာခိုင်နှုန်းများလျော့လာခြင်း

ယူကရိန်းနိုင်ငံတွင် သမ္မတရွေးကောက်ပွဲ၏ မဲပေးသည့်ရာခိုင်နှုန်းသည် လွှတ်တော် (The Verkhovna Rada) ရွေးကောက်ပွဲထက် ရာခိုင်နှုန်းပိုမိုမြင့်မားကြောင်း တွေ့ရှိရသည်။ ယူကရိန်းနိုင်ငံတွင် ၁၉၉၄ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ လွှတ်တော်ရွေးကောက်ပွဲ (The Verkhovna Rada) များ၏ ပျမ်းမျှမဲပေးသည့်ရာခိုင်နှုန်းသည် ၆၈ ဒသမ ၁၃ ရှိခဲ့သည်။ ၂၀၁၂ ခုနှစ် လွှတ်တော်ရွေးကောက်ပွဲတွင် မဲပေးသည့်ရာခိုင်နှုန်းစုစုပေါင်းသည် ၅၇ ဒသမ ၉၉ ဖြစ်ခဲ့ပြီး ခရိုင်းမီးယားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ မဲပေးသည့်ရာခိုင်နှုန်းမှာ ၄၉ ဒသမ ၄၆ သာ ရရှိခဲ့သည်။ ၂၀၁၄ ခုနှစ် လွှတ်တော်ရွေးကောက်ပွဲတွင် မဲပေးသည့် ရာခိုင်နှုန်း ၅၂ ဒသမ ၄၂ ဖြစ်ပြီး သမ္မတရွေးကောက်ပွဲ၏ မဲပေးသည့်ရာခိုင်နှုန်းသည် ၆၀ ဖြစ်သည်။ ၂၀၁၉ ခုနှစ်၌ နောက်ဆုံးအကြိမ် ကျင်းပပြီးစီးခဲ့သည့် လွှတ်တော်(The Verkhovna Rada) ရွေးကောက်ပွဲတွင် မဲပေးသည့်ရာခိုင်နှုန်း ၄၉ ဒသမ ၈၄ ရရှိခဲ့သည်။ ယင်းရွေးကောက်ပွဲတွင် ခရိုင်းမီးယား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ ရွေးကောက်ပွဲကျင်းပနိုင်ခဲ့ခြင်း မရှိပါ။ ဤသို့ဖြင့် ယူကရိန်းနိုင်ငံတွင် ၂၀၁၄ ခုနှစ်မှစ၍ ရွေးကောက်ပွဲကျင်းပနိုင်ခြင်းမရှိသည့် နယ်မြေများကြောင့် မဲပေးသည့်ရာခိုင်နှုန်း ကျဆင်းလာသည်ကို တွေ့ရပါသည်။

## နိဂုံး

ယူကရိန်းနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် တွင်းထွက်သယံဇာတပေါများသော စက်မှုလုပ်ငန်း ထွန်းကားပြီး ဒီမိုကရေစီစနစ် ခိုင်မာသောနိုင်ငံဖြစ်သည်။ ယူကရိန်းနိုင်ငံသည် အုပ်ချုပ်ရေး အာဏာ၊ ဥပဒေပြုရေးအာဏာနှင့် တရားစီရင်ရေးအာဏာစသည့် ကောင်းမွန်သောစနစ်တို့ဖြင့် ယူကရိန်းနိုင်ငံသားတို့အပေါ် အုပ်ချုပ်လျက်ရှိသည်။ ယူကရိန်းနိုင်ငံ၏နိုင်ငံရေးသမိုင်းတွင် ၂၀၁၄ ခုနှစ် နောက်ပိုင်း၌ ခရိုင်းမီးယားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နယ်မြေပဋိပက္ခများကြောင့် ၎င်းဒေသများ၌ ရွေးကောက်ပွဲကျင်းပနိုင်ခဲ့ခြင်းမရှိသော်လည်း ၁၉၁၈ ခုနှစ်မှစ၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လွှတ်တော်ရွေးကောက်ပွဲများကျင်းပပြီး ဒီမိုကရေစီစနစ် ကျင့်သုံးလျက်ရှိကြောင်း တွေ့ရပါသည်။ သို့ဖြစ်ပါ၍ ယူကရိန်းနိုင်ငံသည် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများကျင်းပခြင်းဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ လျှောက်လှမ်းနေသောနိုင်ငံဖြစ်ပါကြောင်း လေ့လာသုံးသပ်တင်ပြအပ်ပါသည်။ ။


**ကိုးကားချက်**

- https://en.wikipedia.org/wiki/Ukraine
- https://www.ifes.org/sites/default/files/ifes-faqs-elections-in-ukraine-2020-local- elections-october-2020.pdf
- https://en.wikipedia.org/wiki/Elections-in-Ukraine
- https://en.wikipedia.org/wiki/Next-Ukrainian-parliamentary-election#Electoral- System From Wikipedia, the free encyclopedia
- https://cedem.org.ua/en/analytics/election-deposit-during-the-national-elections-ukrainian-and-international-experience/
- https://en.wikipedia.org/wiki/Electoral-districts-of-Ukraine
- https://en.wikipedia.org/wiki/2019-Ukrainian-parliamentary-election
- https://www.ifes.org/sites/default/files/ukraine-napd-disability-access-reportpdf
- https://en.wikipedia.org/wiki/Central-Election-Commission-(Ukraine)
- https://ukrainetrek.com/about-ukraine-overview/ukrainian-political-system
- https://en.wikipedia.org/wiki/President-of-Ukraine
- https://www.legislationline.org/download/id/3380/file/Ukraine-Regulation-of-political-parties-2010-en.pdf
- https://www.legislationline.org/download/id/4195/file/Ukraine-Parliamentary-Election-Law-2011-English.pdf
- https://www.justice.gov/sites/default/files/eoir/legacy/2013/11/08/constitution - 14.pdf

## မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားစေရေးကို နိုင်ငံတော်က အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူ

**မော်လမြိုင် ဒီဇင်ဘာ ၅**
မွန်ပြည်နယ်တွင် ဒီဇင်ဘာလူထု အားကစားလှုပ်ရှားမှုအဖြစ် စုပေါင်းကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းဆောင်ရွက်ခြင်းကို ယနေ့နံနက် ၆ နာရီက မော်လမြိုင်မြို့ စစ်ကဲကုန်းရပ် ကမ်းနားလမ်းရေပေါ်ညဈေးနေရာတွင် ကျင်းပသည်။

စုပေါင်းကိုယ်လက်လှုပ်ရှားမှုကို အားကစားနှင့်ကာယပညာသိပ္ပံ (မော်လမြိုင်)မှ သင်တန်းနည်းပြများက သင်တန်းသူများ၊ ဌာနဆိုင်ရာများအတွက် ကျန်းမာရေးအထောက်အကူပြုစေရန်နှင့် ကစားနည်းကို စိတ်ပါဝင်စားစွာ လိုက်ပါကစားနိုင်စေရန် သရုပ်ပြပေးရာတွင် ပါဝင်ကစားသူများသည် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့်ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး နည်းလမ်းများနှင့်အညီ စုပေါင်းလှုပ်ရှားကစားကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းက မြန်မာ့အားကစား အဆင့်အတန်း တိုးတက်မြင့်မားစေရေးသည် နိုင်ငံတော်က အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ ပြည်သူများကိုယ်ကာယကြံ့ခိုင်မှုရှိမှသာ ကျန်းမာပျော်ရွှင်သောဘဝ ပိုင်ဆိုင်နိုင်မည်ဖြစ်ကြောင်းနှင့် ပြည်နယ်အစိုးရအနေဖြင့် အားကစားနည်းများအလိုက် လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့အတူ မော်လမြိုင်ကမ်းနားလမ်းတစ်လျှောက်တွင်လည်း အများပြည်သူကိုယ်လက်ကျန်းမာကြံ့ခိုင်မှုရှိစေရေး အားကစားလှုပ်ရှားမှုများဆောင်ရွက်နိုင်ရန်နှင့် လေကောင်း၊ လေသန့်ရရှိပြီး စိတ်လက်အပန်းဖြေစရာနေရာ စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

ဇာဖြူဝင်း(ပြန်/ဆက်)





## ကချင်ပြည်နယ်တွင် တစ်နှစ်တာအတွင်း ဦးဆုံးရရှိသည့် ကောက်ဦးစပါးဖြင့် ရိုးရာကောက်သစ်စားပွဲတော် ကျင်းပ

**မြစ်ကြီးနား ဒီဇင်ဘာ ၅**
ကချင်ပြည်နယ် အစိုးရအဖွဲ့နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ တောင်သူလယ်သမားများ စုပေါင်း၍ တစ်နှစ်တာအတွင်း ဦးဆုံးရရှိသည့် ကောက်ဦးစပါးဖြင့် ရိုးရာကောက်သစ်စားပွဲတော်ကို ယနေ့နံနက် ၁၀ နာရီတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက်ရှိ မိုးစပါးစံပြစိုက်ကွက်အတွင်း ကျင်းပသည်။

**ဝမ်းမြောက်ဂုဏ်ယူ**

ရိုးရာကောက်သစ်စားပွဲတော်တွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က တောင်သူတို့၏လယ်မှ တစ်နှစ်တာအတွင်း ပထမဆုံး ထွက်ရှိသည့် စပါးကို ကြိတ်ခွဲကာ ဦးစွာရရှိသည့်ဆန်ဖြင့် ကျွေးမွေးစားသောက်ခြင်းဖြင့် ကောက်သစ်စားပွဲအဖြစ် ဆောင်ရွက်ခြင်းကို နှစ်စဉ်ရိုးရာမပျက် ကျင်းပခဲ့ပါကြောင်း၊ ယခုနှစ်ကောက်သစ်စားပွဲတော်ကို မိမိ နိုင်ငံ၊ မိမိတို့ပြည်နယ်အတွက် အလေးထားစံပြုရသည့်တောင်သူဦးကြီးများနှင့်အတူ ယခုလို ရိုးရာကောက်သစ်စားပွဲတော် အတူတကွကျင်းပခွင့်၊ ကောက်ဦးကောက်သစ်ကို အတူတကွစားသုံးခွင့်ရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူမိကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် အောင်မျိုးဦး၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် စံပြစိုက်ကွက်အတွင်း စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်နေကြသည့် တောင်သူများနှင့်အတူ တစ်နှစ်တာအတွင်း ဦးစွာရရှိသည့် စပါးကို ကြိတ်ခွဲထားသည့် ဆန်အား ချက်ပြုတ်ထားသည့် ကောက်ဦးထမင်းကိုအတူတကွ သုံးဆောင်ခဲ့ကြသည်။

ပြည်နယ်(ပြန်/ဆက်)

## မုံရွာမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**မုံရွာ ဒီဇင်ဘာ ၅**
စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် ယမန်နေ့နံနက်ပိုင်းတွင် မုံရွာမြို့ စစ်ကိုင်းတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနရုံး၌ မီးဘေးအန္တရာယ်၊ သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါက ကြိုတင်ပြင်ဆင်ထားရှိမှုလုပ်ငန်းများ၊ အရေးပေါ်ရှာဖွေကယ်ဆယ်ရေးပစ္စည်းများ စုဆောင်းထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မီးသတ်တပ်ဖွဲ့ဝင်များ၏ စွမ်းရည်သရုပ်ပြသခြင်းနှင့် Luf 60 အဝေးထိန်းစနစ်သုံးမီးငြိမ်းသတ်စက်များဖြင့် မီးငြိမ်းသတ်နေမှု သရုပ်ပြသခြင်း၊ Truntable Ladder လှေကားတင်မီးငြိမ်းသတ်ယာဉ်နှင့် မီးငြိမ်းသတ်မှု သရုပ်ပြသမှုများကို ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်၍ မုံရွာမြို့ မြို့သစ်ရပ်ကွက် စိန်ပန်းဝါလမ်း၊ ပြည်ထောင်စုလမ်းမှ ဗိုလ်ချုပ်လမ်းအထိ အရှည်ပေ ၂၅၆၀၊ အကျယ် ၁၈ ပေ၊ သုံးလက်မဒု နိုင်လွန်ကတ္တရာခင်းကျင်းပြီးစီးမှုနှင့် မြို့သစ်ရပ်ကွက် အောင်မြေလမ်း ပြည်ထောင်စုလမ်းမှ ဗိုလ်ချုပ်လမ်းအထိအရှည်ပေ ၂၅၀၀၊ အကျယ် ၁၈ ပေ၊ သုံးလက်မဒု နိုင်လွန်ကတ္တရာခင်းကျင်းနေမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့ အလုံမင်းထောင့် ကိုဗစ်-၁၉ ရောဂါ စစ်ဆေးရေးဂိတ်တွင် ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ မုံရွာမြို့အနီးအနားဝန်းကျင်နှင့် ယင်းမာပင်ခရိုင်အတွင်းရှိ ကျေးရွာများမှ မုံရွာမြို့သို့လာရောက်သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး မထိုးနှံရသေးသည့် ခရီးသွားပြည်သူများအား ကာကွယ်ဆေးများ ထိုးနှံပေးနေမှုကို ကြည့်ရှုအားပေးပြီး ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)





## ဓနုဖြူမြို့နယ်ရှိ မြတ်သုခကျော် အောက်ဆီဂျင်စက်ရုံဖွင့်ပွဲ ကျင်းပ

**ဓနုဖြူ ဒီဇင်ဘာ ၅**
ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ် ရေတွင်းကုန်းကျေးရွာအုပ်စု လှည်းဆိပ်ကျေးရွာရှိ မြတ်သုခကျော် အောက်ဆီဂျင်စက်ရုံဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပခဲ့သည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ မအူပင်ခရိုင် အုပ်ချုပ်ရေးမှူး ဦးညီညီထွေး၊ တိုင်းဒေသကြီးကျန်းမာရေးဦးစီးမှူးနှင့် အောက်ဆီဂျင်စက်ရုံပိုင်ရှင် ဦးအေးကြူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မြတ်သုခကျော်အောက်ဆီဂျင်စက်ရုံအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး စက်ရုံပိုင်ရှင် ဦးအေးကြူက အထိမ်းအမှတ်အလံများ ပေးအပ်သည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က မြတ်သုခကျော် အောက်ဆီဂျင်စက်ရုံ ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပြီး အောက်ဆီဂျင်စက်ရုံအား လှည့်လည်ကြည့်ရှုအားပေးသည်။

အဆိုပါ မြတ်သုခကျော်အောက်ဆီဂျင်စက်ရုံမှ တစ်ရက်အတွင်း လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုးအလုံး ၃၀၀ ခန့် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၅**
မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့် ရှိနိုင်သည်။

မိုး/ဇလ

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**၃-၁၂-၂၀၂၃ ရက်နေ့မှအဆက်**

“နေစမ်းပါဦး၊ မင်းကိုမင်း ဘာများ ထင်နေသလဲဟင်။ မင်းဘယ်သူနဲ့လာပြီး စကားပြောနေတယ်ဆိုတာကော သိရဲ့လား”

အဲဒါတွေထားပါဦး။ ကျွန်တော် သိချင်တာ မေးပါရစေ။ ဦးတို့ ခင်ခင်ကြီးကို ဘယ်ပို့ထားသလဲ”

“ဘာကွ”

“ကျွန်တော် ခင်ခင်ကြီးနဲ့ တွေ့ချင်ပါတယ်ဦး။ သူ ဘယ်ရောက်နေပြီလဲ”

“မသိဘူး။ မသိဘူး။ ငါ့ကို ဒါတွေ ဘာမှလာမမေးနဲ့”

“ဦးသိပါတယ်။ ခင်ခင်ကြီးကို တခြားပို့လိုက်တာ ဘယ်သူမှ မဟုတ်ပါဘူး။ ဦးပါ”

“တော်စမ်းကွာ။ ထွန်းခင်၊ ထွန်းခင်”

ဦးအောင်ခန့်သည် အပြင်သို့ လှမ်းခေါ်လိုက်သည်။ မောင်မောင်ဦး အလျှော့မပေး။ စကားဆက်သည်။

“ကိုယ့်သားသမီးဆိုပေမဲ့ ဒီလောက်နှိပ်စက်ရရင် တော်လောက်ပါပြီဦး၊ သူ့ကို လှောင်ချိုင့်ထဲမှာ ထည့်ထားတယ်။ အပြင်နဲ့ကင်းကွာအောင် လုပ်ထားတယ်။ ဒီတော့ သူလည်း ထွက်ပေါက်ရှာမှာပေ့ါ။ ဒါသဘာဝပဲ။ အခုလည်း သူ့ကို တခြားပို့လိုက်ပြန်ပြီ မဟုတ်လား။ ရက်စက်လိုက်ပြန်ပြီ မဟုတ်လား။ သူ့မှာ ဘာအပြစ်မှမရှိဘူး။ ဦးတို့က မတရားတာ။ ဦးတို့မှာ အပြစ်ရှိတာ”

ယင်းအခိုက် အခန်းအတွင်းသို့ ကိုထွန်းခင်ရောက်လာသည်။

“သူ့ကို ငါ့ဆီဘာလို့ပို့လိုက်ရတာလဲ။ ဆွဲထုတ်သွားစမ်း၊ အခု ဆွဲထုတ်လိုက်စမ်း”

ကိုထွန်းခင်သည် မောင်မောင်ဦး၏ လက်နှစ်ဖက်ကို နောက်မှချုပ်ကိုင်လိုက်သည်။ မောင်မောင်ဦး ငြိမ်ခံမနေ ရုန်းသည်။ ကန်သည်။ ပါးစပ်မှလည်း ပြောနေဆဲ။

“မထွက်ဘူး။ ခင်ခင်ကြီး ဘယ်မှာရှိတယ်ဆိုတာ မသိရမချင်း ကျွန်တော် မပြန်ဘူး”

ကိုထွန်းခင်သည် အားခွန်ဗလ ကောင်းသူဖြစ်သည်။ သူ၏ ချုပ်ကိုင်ထားမှုမှာ မောင်မောင်ဦး ရုန်းထွက်၍မရ။ ကိုထွန်းခင်က အတင်းအကျပ်ဆွဲထုတ်ခဲ့ရာ ယက်ကန်ယက်ကန်နှင့်ပင် ပါလာရသည်။

“ဦး မတရားဘူး။ ကိုယ်ချင်းစာစိတ် မရှိဘူး။ လူကြီးချင်း မတည့်တာကလေးတွေနဲ့ ဘာဆိုင်သလဲ။ ခင်ခင်ကြီးတို့ ကျွန်တော်တို့နဲ့ ဘာပတ်သက်သလဲ”

မောင်မောင်ဦးကား ရေရွတ်နေလေဆဲ။

ဦးအောင်ခန့်သည် အတော်လှမ်းလှမ်း သို့အရောက် ကိုထွန်းခင်၏ ဆွဲခေါ်ရာ နောက်သို့ပါသွားသော မောင်မောင်ဦးကို ပြတင်းပေါက်မှ လှမ်းကြည့်နေသည်။ မောင်မောင်ဦး သူ၏မြင်ကွင်းမှ ပျောက်ကွယ်သွားလေမှပင် သက်ပြင်းတစ်ချက်ရှိုက်ရင်း ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်သည်။

မောင်မောင်ဦး အော်ဟစ်ပြောဆိုသွားသော စကားများကို ကြားယောင်ရဆဲ ရှိသည်။ မတရားဘူးဆိုသောစကား။ ကလေးတွေနှင့် ဘာပတ်သက်သလဲဆိုသောစကား။ ယင်းစကားများအတွက် သူ့ရင်မှာ လှုပ်ရှားရသည်အမှန်။ သူသည် သူ၏တစ်သက်တာ၌ တွက်ကိန်းတစ်ခု ပထမဆုံးအကြိမ်အဖြစ် မှားယွင်းရလေပြီ ဟု သိရသည်။ ၎င်းမှာ မောင်မောင်ဦးအနေနှင့် သမီးဖြစ်သူအား ကြောရရုံမျှ ကြံသည် ဟူသော တွက်ကိန်းဖြစ်သည်။ သူသည် ဒုတိယအကြိမ်မြောက် သက်ပြင်းရှိုက်လိုက်ပြန်ပါသည်။

ကိုထွန်းခင်သည် မောင်မောင်ဦးအား အတန်ငယ်ဝေးသည့် နေရာအထိ ဆွဲခေါ်လာခဲ့သည်။ ထိုနေရာသို့ ရောက်လေမှပင် လက်ကို လွှတ်ပေးလိုက်သည်။

“မင်းတယ်မိုက်တဲ့ သူငယ်ကိုး၊ ကိုအောင်ခန့်နဲ့ လာတွေ့တာ မင်းရဲ့အမှားပဲ။ သူကိုယ်တိုင် မသိတဲ့ကိစ္စကို လာမေးတာ ခက်တာပဲ”

ကိုထွန်းခင်က ညည်းညူသလို စကားဆိုသည်။

“ခင်ခင်ကြီး ဘယ်မှာရှိတယ်လို့ သူကိုယ်တိုင်လည်း မသိတာ အမှန်ပဲလား ဦးလေး”

မောင်မောင်ဦးက မေးသည်။

“အမှန်ပဲကွယ့် သူက အရှာခိုင်းတာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ တို့များဘာသာ လိုက်ရှာတာနှံ့နေပြီ တစ်မြို့လုံး၊ တစ်နယ်လုံး ပြုံပြစ်နေပြီ။ ဒါပေမဲ့ ခင်ခင်ကြီး ဘယ်ရောက်သွားတယ်ဆိုတာ မသိကြဘူး။ အခုဆိုရင် အိမ်မှာ သူ့အဘွားဟာ ယွဲ့ယွဲ့ပဲ ကျန်တော့တယ်။ မြေးရဲ့ စိတ်နဲ့ နေ့သေမလား၊ ညသေမလားပဲ၊ သူ့အမေဆိုရင် အရူးတစ်ပိုင်းပဲ။ လောဘ၊ ဒေါသ၊ မာန်မာနတရားတွေရဲ့ ရလဒ်ပေ့ါကွယ်။ အဲဒါတွေရဲ့ ကောင်းကျိုးပေ့ါ”

မောင်မောင်ဦး ဘာမျှမပြောတော့။ ဘာမျှလည်း မပြောတတ်တော့။ ခေါင်းငိုက်စိုက်ချလျက် ပြန်ခဲ့သည်။ သူ့ရင်ထဲမှာ ဟာသည် ဘာမျှမရှိတော့သလို ဖြစ်သည်။ အသည်းနှလုံးကို နုတ်ယူခြင်းခံရသည်သို့ဖြစ်သည်။ ရင်ထဲမှာ လှိုက်လှဲသည်။ မျက်ရည်ဝဲချင်သည်။ မနည်းပင် အားတင်း ချုပ်တည်းထားရသည်။

သူသည် ကုန်းအတန်တန်ကို ကျော်ခဲ့သည်။ လျှိုအသွယ်သွယ်ကို ဖြတ်ခဲ့သည်။ တွင်းကုန်းမှသည် မြို့လယ်သို့ ရောက်သည်အထိ လျှောက်လာခဲ့သည်။ ညောင်းရမှန်းလည်းမသိ။ မောရမှန်းလည်း မသိ။ အာရုံဟူသမျှဝေဝါးထွေပြားနေဘိသည်သို့ ရှိသည်။

အကယ်၍ တစ်စုံတစ်ယောက်က တားဆီးခြင်း မပြုခဲ့လေလျှင် သူသည် မည်သည့်နေရာသို့ ရောက်သည်အထိ လျှောက်ခဲ့မိမည်မသိ။ မည်သို့ရောက်၍ မည်သို့ပေါက်ရလေမည် မတွေးတတ်။

တစ်စုံတစ်ယောက်က သူ့ပခုံးကို ဆုပ်ကိုင်တားဆီးလိုက်သည်။ ကျော့မောင်ကို တွေ့ရသည်။

“ဟေ့ကောင် မောင်မောင်ဦး အမယ်လေး မင်းအိပ်မက် မက်ပြီးများ လမ်းလျှောက်လာသလားလို့ကွာ”

ကျော့မောင်က မောင်မောင်ဦး၏ အဖြစ်ကိုကြည့်၍ ရယ်မောရင်းဆိုသည်။ မောင်မောင်ဦးကား မရယ်နိုင်။

“ဘယ်လိုလဲ ကိုယ့်လူရဲ့ ငိုင်လှချေလား” သူ့ကို မောင်မောင်ဦး ဘာမျှပြန်မပြော။ သူသည် ကျော့မောင်၏ မျက်နှာကိုလည်း မကြည့်။

“မင်းကြည့်ရတာ စိတ်ညစ်လာပုံပဲ။ လာကွာ စိတ်ညစ်ပြေအောင်”

ကျော့မောင်သည် မောင်မောင်ဦးအား ဆိုင်တစ်ဆိုင်အတွင်း ဆွဲသွင်းလာခဲ့သည်။ အရက်ဆိုင်ဖြစ်သည်။ မောင်မောင်ဦး မငြင်း။ ညို့ငင်ခြင်း ခံထားရသူအလား ဆိုင်အတွင်းပါလာသည်။

အရက်ဘယ်နှခွက် သောက်မိသည်လည်းမသိ။ မိမိကိုယ်ကို မူးသည်။ မမူးသည်လည်း မတွေးတတ်။ ရင်ထဲမှာ အပူမငြိမ်းသေးဆိုခြင်းကိုသာ သိသည်။

သို့ဖြင့် ကျော့မောင်သည် သူ့ကို ဆက်၍ မတိုက်ရဲတော့ဘဲ အရက်ပွဲကို သိမ်းသည်။ အိမ်အရောက် မြင်းရထားဖြင့် လိုက်ပို့သည်။ အိမ်ပေါက်ဝတွင် မောင်မောင်ဦးကို ချထားပေးခဲ့ပြီး ကျော့မောင်ပြန်သည်။ သို့ပေမဲ့ မျှားမကြာမီ မောင်မောင်ဦး ကျော့မောင်အိမ်သို့ ပြန်ရောက်လာသည်။ အဖြစ်မှာသည်သို့။

မောင်မောင်ဦးသည် အိမ်နှင့်နီးကပ်လာသည်။ အိမ်ထဲသို့ ဝင်မည်ပြုသည်။ ထိုအခါ သူသည် မိခင်ဖြစ်သူအသံကို ကြားရသည်။

“ကလေးမကလေးသာ တစ်စုံတစ်ခု ဖြစ်သွားရင် ရှင့်မှာ တာဝန်ရှိတယ် ကိုကောင်းမိုး”

ဒေါ်သူဇာ၏အသံကြောင့် မောင်မောင်ဦး ခြေလှမ်းတုန့်ရသည်။ အသံကို စူးစိုက်နားထောင်မိသည်။

“ဘာကို ဆိုလိုတာလဲ မသူဇာ”

“ဘာကိုဆိုလိုရမှာလဲရှင့်။ ကျွန်မ ရှင်ဘာတွေ လုပ်တယ်ဆိုတာ အားလုံး သိပြီးပြီ”

“ကျုပ် ဘာလုပ်လို့လဲ”

“ခင်ခင်ကြီး သူ့အိမ်က ဆင်းတဲ့ညက ကျွန်မတို့အိမ်ကို ရောက်လာတယ် မဟုတ်လား”

“သူရောက်လာတယ်လို့ မင်းကို ဘယ်သူက ပြောသလဲ ”

“မြင်းရထားနဲ့ လိုက်မောင်းပို့တဲ့လူက ပြောတာ”

“ဒါ မဟုတ်နိုင်ဘူး”

“ဟုတ်ကို ဟုတ်နိုင်တယ်။ ရှင် သူ့ကို မောင်းလွှတ် လိုက်တယ် မဟုတ်လား။ နှင်လွှတ်လိုက်တယ် မဟုတ်လား”

အတန်ကြာမျှ စကားပြတ်သွားသည်။ မောင်မောင်ဦးသည် သူ့နားကိုပင် မယုံချင်အောင် ရှိရသည်။ သူ့ရင်ထဲမှာ တလှပ်လှပ်နှင့် ခုန်လာသည်။ ဦးကောင်းမိုးထံမှ အသံထွက်မလာတော့။ ဒေါ်သူဇာကသာ တဖျစ်တောက်တောက်နှင့် စကားဆိုနေသည်။

မောင်မောင်ဦးသည် စကားကို ဆက်လက်ကြားလို ခြင်းမရှိတော့၊ ကြားနိုင်စွမ်းမရှိတော့။ သူသည် အိမ်ပေါက်ဝမှပင် လှည့်ပြန်ခဲ့သည်။

သူသည် ကျော့မောင်၏အိမ်သို့ လာခဲ့ခြင်းဖြစ်သည်။ လမ်းတွင် ကျင်စိန်းဆိုင်သို့ဝင်သည်။ အရက်တစ်ပုလင်း ထပ်ဝယ်သည်။ ပုလင်းလိုက် မော့သောက်လိုက်သည်။

“ရိုးတစ်လျှောက် ဖြိုးမောက်ပါတဲ့ လယ်ပတူ”

သူသည် ကျော့မောင် ဆိုနေကျ သီချင်းကိုပင် ဟစ်သည်။ အသံကြောင့် ကျော့မောင် အိမ်ပေါ်မှဆင်းလာသည်။ မောင်မောင်ဦးကို မြင်ရလျှင် အံ့သြသွားသည်။

“ဟေ့ကောင်ကြီး။ ဘယ်လိုဖြစ်လာပြန်ပြီလဲ”

ကျော့မောင်၏အမေးကိုမောင်မောင်ဦး မဖြေ။ ထပ်မေးသည်။

“မင်း မှတ်မိသေးသလား ကျော့မောင်”

“ဘာကိုလဲကွ”

“ငါနဲ့ ခင်ခင်ကြီး ဒီမှာလာတွေ့တိုင်း မင်းဆိုလေ့ရှိတဲ့ သီချင်းလေး။ ရိုးတစ်လျှောက်ဖြိုးမောက်ပါတဲ့ လယ်ပတူ။ ဟား ဟား။ ဟေ့ကောင် ဆိုပါဦးကွ။ ဟစ်စမ်းပါဦးကွ။ ဒီသီချင်းလေးဆိုရင် “ခင်ကြီးပြန်တော့မယ် အစ်ကိုလို့” သူ ပြောခဲ့တာကလေး သတိရလွန်းလို့ပါ။ သူ့ကို အောက်မေ့လွန်းလို့ပါ။ မင်း မဆိုဘူးလား၊ မင်းမဆိုရင် ငါ ဆိုမယ်”

“ဟေ့ကောင်၊ မောင်မောင်ဦး သိပ်မဆူနဲ့ကွ။ တခြား အိမ်တွေ အိပ်ကုန်ပြီ”

“ဘာဖြစ်ဖြစ်ကွာ။ ငါဆိုမယ်။ တစ်ကမ္ဘာလုံးကြားရအောင်ဆိုမယ်။ ဒါမှ ငါ့အသံကြားပြီး ခင်ခင်ကြီး ငါ့ဆီ ပြန်လာအောင်။ ငါ့ကိုသတိရအောင်။ ရိုးတစ်လျှောက် ဖြိုးမောက်ပါတဲ့လယ်ပတူ။ ဟား ဟား ... ဖြိုးမောက်ပါတဲ့ လယ်ပတူ” **ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်သိန်းဆိုင်၏ “ရေနံ့သာ ခင်ခင်ကြီး” စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

**“ခင်ခင်ကြီး ဘယ်မှာရှိတယ်လို့ သူကိုယ်တိုင်လည်းမသိတာ အမှန်ပဲလား ဦးလေး” မောင်မောင်ဦးက မေးသည်။ “အမှန်ပဲကွယ့် သူက အရှာခိုင်းတာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ တို့များဘာသာ လိုက်ရှာတာနှံ့နေပြီ။ တစ်မြို့လုံး၊ တစ်နယ်လုံး ပြုံပြစ်နေပြီ။ ဒါပေမဲ့ ခင်ခင်ကြီး ဘယ်ရောက်သွားတယ်ဆိုတာ မသိကြဘူး။ အခုဆိုရင် အိမ်မှာ သူ့အဘွားဟာ ယွဲ့ယွဲ့ပဲ ကျန်တော့တယ်။ မြေးရဲ့စိတ်နဲ့ နေ့သေမလား၊ ညသေမလားပဲ၊ သူ့အမေဆိုရင် အရူးတစ်ပိုင်းပဲ။ လောဘ၊ ဒေါသ၊ မာန်မာနတရားတွေရဲ့ ရလဒ်ပေ့ါကွယ်။ အဲဒါတွေရဲ့ ကောင်းကျိုးပေ့ါ”**

ပုံပြင်

# အိမ်ရှင်နှင့် ဧည့်သည်

မင်းယုဝေ

တစ်ရံရောအခါ ဘေဒက အမည်ရှိသော မင်းသည် ဗာရာဏသီပြည်ကို တည်ထောင်မင်းပြုသည်။ ထိုမင်းသည် မှူးမတ်ဗိုလ်ပါ အခြံအရံတို့နှင့်လည်း ပြည့်စုံသည်။ ရွှေငွေဥစ္စာ၊ စည်းစိမ်တို့နှင့်လည်း ပြည့်စုံသည်။ မင်းကျင့်တရားကိုလည်း မှတ်သားကျင့်ဆောင်သည်။ အတတ်ပညာအမျိုးမျိုးကိုလည်း ဆည်းပူးလိုသည်။ ပုံပြင် ထုံးတမ်းစဉ်လာ စကားတို့ကိုလည်း မှတ်သားနာယူလိုသည်။

တစ်နေ့သ၌ ဘုရင်သည် အမတ်တစ်ယောက်ကို ခေါ်၍... "အမတ်ကြီး၊ ငါ၏ ဘေးလောင်းတော်ဖြစ်သော မဟာသမ္မတမင်းမှစ၍ မင်းအဆက်ဆက်တို့ လက်ထက်၌ ဖြစ်ပေါ်ခဲ့သော ထုံးတမ်းစဉ်လာ ပုံပြင်စကားတို့အနက် ငါမကြားဖူးသည်တို့ကို ပြောပြပါလော့။ ငါ နာယူမှတ်သားလိုပါသည်"ဟူ၍ ဆိုလေသည်။

အမတ်ကြီးလည်း မိမိကြားဖူးသမျှတို့ကို စီကာစဉ်ကာပြောပြသည်။

ဘုရင်ကလည်း.. "သည်စကားကိုမူ ငါကြားဖူးသည်။ အခြားစကားကို ပြောပါဦးလော့"ဟု ဆိုလေသည်။

အမတ်ကြီးသည် မိမိမှတ်သားကြားသိသမျှတို့ကိုထပ်မံပြော၍ လျှောက်ထားသည်။

ဘုရင်က... "သည်စကားကိုလည်း ငါကြားဖူးပြီ" ဟူ၍ ဆိုပြန်လေသည်။

နောက်ဆုံးတွင် အမတ်ကြီးက... "အရှင်မင်းကြီး၊ သည်စကားမှတစ်ပါး အခြားစကားကို ကျွန်တော်မျိုး မပြောတတ်တော့ပြီ"ဟု ဆိုလေသည်။

ဤတွင် ဘုရင်က..."မှူးမတ်ဖြစ်လျက် ပညာနည်းလှသည်"ဟု ရွတ်ချက်ရဲ့သည်။

ထို့နောက် အခြားအမတ်တစ်ယောက်ကိုခေါ်၍ ရှေးနည်းအတိုင်း ဆိုလေသည်။ ထိုအမတ်ကလည်း မိမိတတ်စွမ်းသမျှ လျှောက်ထားသည်။ ထိုစကားတို့မှာလည်း ဘုရင်ကြားဖူးပြီး ဖြစ်နေပြန်သည်။ ထိုအမတ်ကိုလည်း ဖြစ်တင်ရှုတ်ချ ကဲ့ရဲ့ပြန်သည်။

ဤနည်းဖြင့် ဘုရင်သည် အမတ်တို့ကို တစ်ယောက်ပြီးတစ်ယောက် ခေါ်မေးသည်။ မေးရ တိုင်းလည်း အမတ်တို့ကို ပြစ်တင်ရှုတ်ချသည်။ မာန်မဲကြိမ်းမောင်းသည်။ ဤသို့ဖြင့် အမတ် ရှစ်သောင်းတိုင်လေတော့သည်။

နောက်ဆုံးတွင် ဘုရင်သည် မိမိပြည်တွင်းရှိ ကုဋေရှစ်ဆယ်ကြွယ်ဝသောသူဌေးကြီးကို ခေါ်လျက်...

"အချင်း သူဌေးကြီး၊ ရှေးရှေးမင်းအပေါင်းတို့ လက်ထက်၌ ဖြစ်ပေါ်ခဲ့သော ထုံးတမ်းစဉ်လာ ပုံပြင်စကားတို့အနက် ငါမကြားဖူးသေးသော မှတ်သားနာယူဖွယ် ပုံပြင်စကားတို့ကို ပြောပြပါ။ မပြောနိုင်ပါက သင့်ကို သူဌေးအဖြစ်မထားနိုင်။ သင်၏ ဥစ္စာတို့ကို သိမ်းယူကာ သူဆင်းရဲအဖြစ်ထားရမည်။ အသိပညာအလိမ္မာနည်းသူသည် ဥစ္စာနှင့် မတန်။ သင်သည် ပညာရှိ၍ ဥစ္စာနှင့်တန်သူဖြစ်ကြောင်း ပြလော့" ဟူ၍ ဆိုလေသည်။

ထိုအခါ သူဌေးကြီးက.. "အရှင်မင်းကြီး၊ ကျွန်တော်မျိုး ဉာဏ်စွမ်းရှိသမျှ ကြံစည်ပြောဆိုပါမည်။ ကျွန်တော်မျိုး ကြံစည်ရန် နှစ်ရက်မျှ ခွင့်ပေးပါ" ဟူ၍လျှောက်ထားလေသည်။ ဘုရင်ကလည်း ခွင့်ပေးလိုက်သည်။

သူဌေးကြီးသည် အိမ်သို့ ပြန်ရောက်လျှင် မင်းကြီးအား "စကားဟောင်းကို ဆိုရမည်လော၊ စကားသစ်ကို ဆိုရမည်လော"ဟူ၍ အမျိုးမျိုးကြံစည်သည်။ နောက်ဆုံး ကြံရာမရသဖြင့်...

"အမတ်ရှစ်သောင်းသည် နိမ့်ကျခဲ့လေပြီ။ ငါလည်း နိမ့်ပါးရလေတော့မည်တကား"ဟူ၍ မြည်တမ်းကာ စိုးရိမ်ထိတ်လန့်ခြင်း ဖြစ်လေသည်။ မစားနိုင်၊ မအိပ်နိုင် ဖြစ်လေသည်။

သည်အဖြစ်ကို သူဌေးကြီးအိမ်တွင် ခစားသော လုလင်တစ်ယောက်က မြင်သည်။ လုလင်သည် ဆင်းရဲသော်လည်း ဉာဏ်ပညာရှိသည်။ အမှတ်အသားအစုအဆောင်း ဝါသနာပါသည်။ ရဲရင့်တည်ကြည်သည်။

လုလင်က သူဌေးကြီးအား... "အရှင်သူဌေး၊ အဘယ့်ကြောင့် နှလုံးမသာမယာဖြစ်ကာ မအိပ်နိုင်၊ မစားနိုင် ဖြစ်နေပါသနည်း"ဟူ၍ မေးမြန်းလေသည်။

သူဌေးကြီးကလည်း ဖြစ်ပျက်ပုံ အလုံးစုံကို ပြန်လည်ပြောပြသည်။

ထိုအခါ လုလင်က... "အရှင်သူဌေး၊ မစိုးရိမ်ပါနှင့်။ အရှင့်ကိုယ်စား ကျွန်ုပ်ပြောပြပါမည်။ ထိုသို့ ပြောပြပေးသည့်အတွက် ကျွန်ုပ်အား မည်သည့်ဆုလာဘ်ကို ပေးမည်နည်း"ဟု မေးလေသည်။

သူဌေးကြီးက "အမောင်၊ မင်းကြီး၏ အလိုကျ ဖြည့်စွမ်းနိုင်ပါက ငါ၏ သမီးရတနာကို ပေးပါမည်"ဟု ဆိုလေသည်။

လုလင်လည်း နှစ်သက်သဘောကျသဖြင့် "အရှင်၊ မစိုးရိမ်လင့် ဘုရင်အလိုကျ မှတ်သားနာယူဖွယ် ဆန်းပြားသော ပုံပြင်စကားတို့ကို ကျွန်ုပ် ပြောကြားပါမည်။ နက်ဖြန်နံနက်တွင် ဘုရင့်ထံပါးသို့ အရှင်သူဌေးကြီး ဦးစွာသွားနှင့်ပါ။ ဘုရင်ကြားနာလိုသော ပုံပြင်စကားဆန်းတို့ကို မပြောတတ်ပါဟု မဆိုပါနှင့်။ ကျွန်တော်မျိုးထက် ကျွန်တော်မျိုး၏ သားသမက်သည် ပညာနက်ပါသည်။ ထိုသူကိုသာ ခေါ်၍ ပြောပါစေဟု လျှောက်ပါလေ"ဟူ၍ ပြောဆိုသင်ပေးလေသည်။

(ဆက်လက်ဖော်ပြပါမည်)

ဆရာကြီး မင်းယုဝေ၏ လက်ရွေးစင်ပုံပြင် ပေါင်းချုပ်စာအုပ်မှ ပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

ကဗျာ


## ရှုမဝ

ပြာရီဝါစို၊ မီးမြင်းမိုရ်လည်း
ဖြူညိုပြိုးပြက်၊ ဝင်းလက်လက်နှင့်
မြင့်လျက်တလီ၊ နိမ့်နိမ့်စီ၍
နေရီတိမ်ပန်း၊ ညနေချမ်းနှင့်
တင့်ဆန်းလှပ၊ ပန်ရသည်
ရှုမဝနိုင်ပါတကား။
ကြာနီကြာညို၊ ရေတခိုဝယ်
ပျံ့ချိုကြိုင်အေး၊ ရနံ့မွှေးခဲ့
နံ့သွေးပိုမို၊ ကြာဖြူပျိုလည်း
စိုစိုရွှရွှ၊ ဆွတ်ဆွတ်လွသည်
ရှုမဝနိုင်ပါတကား။
သာကီညာပျို၊ နေညိုညိုဝယ်
ရှင်ချိုကြည်အေး၊ ပြုံးဟန်လေးဖြင့်
ကန်ဘေးဌာန၊ ဤဒေသမှ
မိုးဝကောင်းကင်၊ မျှော်သည့်သွင်ကား
နုယဉ်ခွဲ့လျ၊ ရှင်းရှင်းပသည်
ရှုမဝနိုင်ပါတကား။

ငွေတာရီ

ဆရာမ ငွေတာရီ၏ ငွေတာရီကဗျာပေါင်းချုပ်မှ ကဗျာကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

ဆရာကြီးသန်းကြွယ်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။



ရွှေသွေးဂျာနယ် အတွဲ(၂)၊ အမှတ်(၂၈)၊ (၁၁-၇-၇၀)

လူမှု ဘဝ

# ကမ္ဘာ့သမိုင်းတွင် ထူးခြားခဲ့သည့် လူငယ်များ(၂)

မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)

**ဂျိမ်းစ်မက်ဒီဆင်**

ဂျိမ်းစ်မက်ဒီဆင်သည် အခြေခံဥပဒေကို မရေးဆွဲခင်၊ သမ္မတ မဖြစ်သေးခင် ကာလကတည်းကပင် အလုပ်များစွာကို တစ်ချိန်တည်း အပြိုင်လုပ်ဆောင်တတ်လေ့ရှိသည်ဟု သတင်းကြီးခဲ့သူဖြစ်သည်။ တောင်ပိုင်းဒေသဖြစ်သော ဗာဂျီးနီးယားပြည်နယ်တွင် ဖွားမြင်ခဲ့သော ဂျိမ်းသည် ပညာသင်ကြားရန်အတွက် မြောက်ပိုင်းဒေသသို့ လာခဲ့ရသည်။ နယူးဂျာစီကောလိပ် (ယခု ပရင့်စ်တွန်တက္ကသိုလ်)ကို တက်ရောက်ခဲ့သည်။ သူသည် စာအလွန်အကျွံကြိုးစားခဲ့သောကြောင့် စိတ်ပန်းလူပန်းဖြင့် အိပ်ရာထဲ လဲခဲ့သော်လည်း ၁၇၇၁ ခုနှစ်တွင် ဘွဲ့ယူနိုင်ခဲ့သည်။ ၁၇၇၆ ခုနှစ်တွင် အမေရိကန်နိုင်ငံ လွတ်လပ်ရေးကြေညာသောအခါတွင် သူသည် အသက် ၂၅ နှစ်ရှိနေခဲ့သည်။ သို့သော် ဂျိမ်းစ်မက်ဒီဆင်သည် ကျန်းမာရေးမကောင်းခဲ့ချေ။ အရပ်အမောင်းက ၅ ပေ ၄ လက်မရှိပြီး ကိုယ်အလေးချိန်ပေါင် ၁၀၀ ဝန်းကျင်သာရှိခဲ့သည်။ စစ်ရေးတွင် တစ်ခန်းတစ်ကဏ္ဍပါဝင်ခဲ့ကြသော အမေရိကန်နိုင်ငံ၏အခြားပြည်ထောင် “နိုင်ငံဖခင်ကြီး” (Founding Fathers) များနှင့် ခြားနားစွာ ဂျိမ်းစ်သည် နိုင်ငံရေးလောကထဲ ဝင်ရောက်သွားခဲ့သည်။ ၁၇၈၀ ပြည့်နှစ် အသက် ၂၉ နှစ်အရွယ်တွင် သူသည် ဗာဂျီးနီးယားပြည်နယ်၏ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ကွန်ဂရက်လွှတ်တော်(ပြည်ထောင်စုလွှတ်တော်) ကို တက်ရောက်ခဲ့သည်။ အသက်အငယ်ဆုံး လွှတ်တော်ကိုယ်စားလှယ်အဖြစ် သမိုင်းဝင်ခဲ့သလို အလုပ်လုပ်လွန်းသူအဖြစ် နာမည်ရလာခဲ့သည်။

**ဝီလီယံပစ်**

မျက်မှောက်ကာလအထိ ဗြိတိသျှဝန်ကြီးများစာရင်းတွင် ဝီလီယံပစ်သည် အငယ်ဆုံးဖြစ်သည်။ သူသည် ၁၇၈၃ ခုနှစ် အသက် ၂၄ နှစ်အရွယ်တွင် ထိုရာထူးကိုရရှိခဲ့သည်။ သူဝန်ကြီးဖြစ်လာပုံသည် အခြေအတင် ပြောစရာကိစ္စဖြစ်ခဲ့သည်။ ဂျော့ခ်ဖော့စ်အား ဝန်ကြီးချုပ်အဖြစ် ထပ်မံတင်မြှောက်ကြလျှင် သူနန်းစွန့်မည်ဟု တတိယမြောက် ဂျော့ခ်ဘုရင်က ခြိမ်းခြောက်ပြီး ပစ်ကို အစားထိုးတင်ခဲ့ကြသည်။ ပစ်သည် လွှတ်တော်ရွေးကောက်ပွဲတွင် မဲရှုံးသည့်တိုင်အောင် နုတ်ထွက်ရန် ငြင်းဆန်ခဲ့သည်။ နောက်နှစ်တွင် ကျင်းပသော အထွေထွေရွေးကောက်ပွဲတွင်မူ သူနိုင်ခဲ့သည်။ ပစ်၏ ခေတ်တွင် ကမ္ဘာတစ်ဝန်း၌ အုံကြွမှုများ ဖြစ်နေခဲ့သည်။ ပြင်သစ်တော်လှန်ရေးဖြစ်ပွားခဲ့သလို နပိုလီယံဘိုနာပတ်နှင့် စစ်ခင်းခဲ့ရသည်။ မာနကြီး၊ မာန်ထယ်သော ပစ်သည် သူ၏လုပ်ဖော်ကိုင်ဖက် ခေတ်ပြိုင်များတွင် ချဉ်ဖတ်ဖြစ်ခဲ့သည်။ သို့သော် အပြောအဆိုနပ်သော အုပ်ချုပ်ရေးမှူးကောင်း တစ်ယောက်အဖြစ်လည်း အများက လက်ခံထားခဲ့ကြရသည်။

**မေရီရှယ်လီ**

၁၇၉၇ ခုနှစ်တွင် မွေးဖွားခဲ့သော မေရီရှယ်လီသည် ဒဿနပညာရှင်များဖြစ်ခဲ့ကြသော မေရီဝိုလ်စတုံးကရပ်ဖ်နှင့် ဝီလီယံဂေါ့ဒ်ဝင်း၏ သမီးဖြစ်သည်။ ဆယ်ကျော်သက်အရွယ်တွင် သူသည် သူ့ဖခင်၏တပည့် အချစ်ကဗျာဆရာ ပါစီဘစ်ရှ်ရှယ်လီနှင့် ခိုးရာလိုက်ပြေးခဲ့သည်။ ၁၈၁၅ ခုနှစ် ၁၇ နှစ်အရွယ်တွင် သမီးဦးမွေးဖွားခဲ့သော်လည်း ကလေးသည် မွေးပြီး နာရီအနည်းငယ်အကြာတွင် သေဆုံးသွားခဲ့သည်။ နောက်တစ်နှစ် အသက် ၁၈ နှစ်အရွယ်တွင် သူတို့လင်မယားသည် ဆွစ်ဇာလန်နိုင်ငံတွင် အချစ်ကဗျာဆရာ လော့ဘိုင်ရွန် အပါအဝင် အခြားစာပေမိတ်ဆွေများနှင့်အတူတကွ နေထိုင်ခဲ့သည်။ သူတို့သည် အပျင်းပြေ တစ္ဆေသရဲပုံပြင်များ ပြောလေ့ရှိခဲ့ကြသည်။ တစ်ချိန်တွင်မူ သူတို့အားလုံး တစ္ဆေ သရဲ ဇာတ်လမ်းတစ်ယောက် တစ်ပုဒ်စီ ရေးကြလျှင်ကောင်းမည်ဟု အကြံပြုလိုက်သည်။ ဤအမှတ်မထင် စိန်ခေါ်ချက်သည် မေရီရှယ်လီအား (Frankenstein ) ဖရန့်ကင်းစတိန်း ဖုတ်ကောင်ဇာတ်လမ်းကို ရေးဖြစ်အောင် တွန်းအားပေးခဲ့သည်။ ဂန္ထဝင်ဝတ္ထုအဖြစ် ထင်ရှားလာမည့် ထိုဝတ္ထုကို နောက်နှစ်နှစ်အကြာ အသက် ၂၀ အရွယ်တွင် ထုတ်ဝေခဲ့သည်။

**ဂါလူရှာ ပင်နီပက်ကာ**

ဤပင်ဆေလ်ဗေးနီးယားပြည်နယ်သားသည် အမေရိကန်သမိုင်းတွင် ဗိုလ်မှူးချုပ် ခန့်အပ်ခံရသော အငယ်ဆုံးသူဖြစ်သည်။ သူသည် အသက် ၁၆ နှစ်အရွယ်တွင် ပြည်ထောင်စုတပ်သို့ ဝင်ရောက်ခဲ့သည်။ ပြည်တွင်းစစ်ကာလအတွင်းတွင် သူရာထူးတက်ပုံကအတော်ပင် မြန်ဆန်ခဲ့သလို မြန်ဆန်လောက်အောင်လည်း စစ်ရေးအခြေအနေက အလှုပ်အခတ်များနေခဲ့သည်။ ၁၈၆၅ ခုနှစ် ဖို့ဖစ်ရှာဒုတိယတိုက်ပွဲတွင် ထိုစဉ်ကာလက ဗိုလ်မှူးကြီးဖြစ်နေသော သူသည် အလွန်အန္တရာယ်ကြီးမားသော ထိုးစစ်တစ်ခုကို ရှေ့တန်းမှ ဦးဆောင် ထိုးစစ်ဆင်ခဲ့သောကြောင့် ခါးတွင် သေနတ်မှန်သွားခဲ့သည်။ သူ၏ သတ္တိကို ဂုဏ်ပြုသည့်အနေဖြင့် သူ့ကို သူရသတ္တိဆု တစ်ဆုချီးမြှင့်ခဲ့ပြီး ဗိုလ်မှူးချုပ်ရာထူးသို့ တိုးမြှင့်ခန့်ထားခဲ့သည်။ အသက် ၂၀ မျှသာရှိခဲ့သောကြောင့် အသက်ငယ်ငယ်နှင့် ရာထူးကြီးကြီးရသည်ကို အကြောင်းပြု၍ သူသည် တစ်မဟုတ်ချင်း ကျော်ကြားသွားခဲ့သည်။ သူသည် သူ့ကို ရာထူးခန့်ခဲ့သော သမ္မတ အေဘရာဟမ်လင်ကွန်းကိုပင် မဲပေးခွင့်မရှိအောင် အသက်ငယ်လွန်းနေခဲ့သည်။

**အိုင်ဒါဘီဝဲလ်**

အိုင်ဒါဘီဝဲလ်သည် ၁၈၆၂ ခုနှစ် အမေရိကန်နိုင်ငံတွင် ကျွန်စနစ်ချုပ်ငြိမ်းသည့် ဥပဒေမထုတ်ပြန်ခင် လအနည်းငယ်အလိုတွင် မွေးဖွားခဲ့သည်။ မစ္စစ္စပီပြည်နယ်သူဖြစ်သော သူသည် သူ၏မိဘများ သေဆုံးသွားသောအခါတွင် ကျောင်းဆရာမအလုပ်ဝင်လုပ်၍ သူ၏ မောင်နှမသားချင်းများကို ကျွေးမွေးစောင့်ရှောက်ခဲ့သည်။ ထိုအချိန်တွင် သူသည် အသက် ၁၆ နှစ်သာရှိနေခဲ့သေးသည်။ ပရဟိတစိတ်ရှိပြီး လူမဲအခွင့်အရေးများအတွက် လှုပ်ရှားရာတွင် တက်တက်ကြွကြွရှိခဲ့သော သူ၏မိဘများ၏ ခြေရာကိုလိုက်၍ သူသည်လည်း လူမျိုးခွဲခြားမှု အဆုံးသတ်ရေးလှုပ်ရှားမှုကို စိတ်ဝင်စားလာခဲ့သည်။

သူသည် မန်ပစ်မြို့သို့ ပြောင်းရွှေ့ပြီး ဒေသခံ သတင်းစာများတွင် ဆောင်းပါးများ ရေးသားလာခဲ့သည်။ ၁၈၈၉ ခုနှစ် အသက် ၂၇ နှစ်အရွယ်တွင် သူသည် အသားအရောင်ခွဲခြားမှုနှင့် ခွဲခြမ်းရေးကို အဓိကတိုက်ခိုက်သော Free Speech and Headlight စာစောင်၏ ဖက်စပ်ပိုင်ရှင်နှင့် စာတည်းချုပ်ဖြစ်လာခဲ့သည်။ သူ၏ မိတ်ဆွေတစ်ဦးဖြစ်သူ သောမတ်စ်မိုး၏ ကုန်စုံဆိုင်ကို ထိုနှစ်မှာပင် လူဖြူအုပ်စုတစ်စုက ဝင်ရောက်စီးနင်း လုယက်ခဲ့သည်။ ထိုစီးနင်းလုယက်မှု ရုတ်ရုတ်သဲသဲ အခြေအနေတွင် လူသုံးဦး သေနတ်ဖြင့်အပစ်ခံရပြီး မိုးလည်း အဖမ်းခံခဲ့ရသည်။ ထိုအမှုကို ရုံးတင်စစ်ဆေးမှု မပြုနိုင်သေးခင်မှာပင် နယ်မြေခံအချုပ်ခန်းကို လူဖြူအုပ်စုက ဝင်ရောက်စီးနင်းပြီး မိုးနှင့် အခြားအချုပ်သားနှစ်ဦးကို ထုတ်ယူပြီး တရားမဲ့ကြိုးဆွဲချ သတ်ပစ်လိုက်ကြသည်။ ဤဖြစ်စဉ်သည် ဝဲလ်အား စုံစမ်းထောက်လှမ်းမှုပြု သတင်းစာဆရာမဖြစ်လာစေခဲ့ပြီး လူဖြူများက လူမဲများအား တရားလက်လွတ်ကြိုးပေးသတ်ခြင်းကို ထုံးစံတစ်ခုအဖြစ် လက်လျှိုလုပ်နေကြပုံကို ဖော်ထုတ်ရေးသားခဲ့သည်။ ထိုအရေးအသားများကြောင့် သူ့ကို အန္တရာယ်ပြုမှုများရှိလာရာ သူကိုယ်တိုင် သေနတ်ဆောင်လာခဲ့ရသည်။ သူ၏ ပထမဦးဆုံးစာတမ်း Southern Horrors: Lynch Law in All Its Phases ကို ၁၈၉၂ ခုနှစ်တွင် ရေးသားထုတ်ဝေခဲ့သည်။ ထိုအချိန်တွင် သူ့အသက် ၃၀ ရှိနေခဲ့သည်။

*[Ref: 17 people who accomplished incredible things at a young age, Business Insider]*

*(ဆက်လက်ဖော်ပြပါမည်)*



ပြုံး စ ရာ

## ငါသိပြီးသားပါ

လူငယ် ။ ကျွန်တော် အပေါ်လမ်းက ဦးထုပ်ဆိုင်မှာ အလုပ်လုပ်ပါတယ် ခင်ဗျာ။

သမီးရှင်။ အေး၊ ငါ့သမီးဦးထုပ်တစ်လုံး လက်ဆောင်ရကတည်းက မင်းဘယ်မှာ လုပ်တယ်ဆိုတာ ငါသိပြီးသားပါ။

## မေ့တတ်တယ်ထင်တယ်

အိုင်းစတိုင်း။ အခန်းထဲမှာ ပါမောက္ခအိုင်းစတိုင်းများ ရှိပါသလား။

အလုပ်သမား။ ဆရာကြီးက မေ့တတ်တယ်ထင်တယ်။ ပါမောက္ခအိုင်းစတိုင်းဆိုတာ ဆရာကြီးပါပဲခင်ဗျား။

အိုင်းစတိုင်း။ အေး၊ ဟုတ်သားပဲ။ ကဲကဲ... သူ့ကိုသွားပြောလိုက်စမ်းပါ၊ အပြင်မှာ ငါရှိတယ်လို့။

## သူများတွေ သိကုန်ပါမယ်

ဆရာမ။ မင်းအိတ်ထဲက ငွေလေးကျပ်တွေ့ပြီး တခြားသူတွေရဲ့ အိတ်ထဲက ငွေတစ်ဆယ်တွေ့တယ်ဆိုရင် မင်းမှာအားလုံးပေါင်း ငွေဘယ်လောက်ဖြစ်သွားမလဲ။

တပည့်။ ဟာ... ဆရာမကလည်း တိုးတိုးပြောပါ။ သူများတွေ သိကုန်ပါ့မယ်။

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၈၅ ဦး တွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၁ ဒသမ ၈၃ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၅-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၄-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၅-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၅,၅၅၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၈၅) ဦးတွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၁.၈၃) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၆၈၁,၃၁၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၂၄,၄၀၇) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၅၀၄) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၀၀,၃၀၄) ဦး ဆေးရုံမှဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၆) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၁၄၁) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၄-၁၂-၂၀၂၁) ရက်နေ့အထိ လူဦးရေ စုစုပေါင်း (၁၇,၆၁၀,၉၅၉) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့် ထိုးနှံပြီးစီးသူ (၁၂,၃၀၅,၆၃၁) ဦးနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ (၅,၃၀၅,၃၂၈) ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၄-၁၂-၂၀၂၁) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ရေစုစုပေါင်း (၂၉,၉၁၆,၅၉၀) ကြိမ် ထိုးနှံပြီးဖြစ်ပါသည်။

- ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ရောဂါပိုးသည် (၅-၁၂-၂၀၂၁) ရက်နေ့၊ နံနက် (၀၆:၀၀) နာရီ အချိန်အထိ နိုင်ငံပေါင်း (၄၂) နိုင်ငံတို့တွင် ပျံ့နှံ့လျက်ရှိကြောင်း သိရှိရပြီး အာဖရိကနိုင်ငံများ၊ ဥရောပနိုင်ငံများ၊ အမေရိကန်၊ ကနေဒါ၊ ဂျပန်၊ တောင်ကိုရီးယား၊ ဟောင်ကောင်၊ ဩစတြေးလျနိုင်ငံ အစရှိသည်တို့တွင် အတည်ပြုတွေ့ရှိရပြီး ဖြစ်သည့်အပြင် အိမ်နီးချင်းနိုင်ငံဖြစ်သော အိန္ဒိယနိုင်ငံနှင့် ဒေသတွင်းနိုင်ငံများဖြစ်သော မလေးရှားနိုင်ငံ၊ သီရိလင်္ကာနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့တွင်လည်းတွေ့ရှိကြောင်း သိရှိရပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) နှင့်ပတ်သက်၍ ကမ္ဘာ့တစ်ဝန်းဖြစ်ပွားမှုအခြေအနေများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ မိမိတို့နိုင်ငံအတွင်းသို့ ဝင်ရောက်ကူးစက်မှုမရှိစေရန် အချိန်နှင့်တစ်ပြေးညီ အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိပါ၍ ပြည်သူလူထုအနေဖြင့်လည်း အဆိုပါရောဂါပိုးနှင့်ပတ်သက်၍ အလွန်အမင်းစိုးရိမ်ကြောင့်ကြခြင်းမပြုဘဲ တစ်ဦးချင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်း၊ သံသယရောဂါလက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်း စသည်တို့ကို မမေ့မလျော့ သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် မိမိတို့နိုင်ငံသို့ ကိုဗစ်-၁၉ ဗီဇပြောင်းမျိုးကွဲများ ဝင်ရောက်ကူးစက်မလာစေရေး ကျန်းမာရေးဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်နေသည့်လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၅-၁၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၃၆၈) ခု | (၂၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၁၅) ခု | (၂) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၁၉၃) ခု | (၁) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၀) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၉၃၂) ခု | (၁၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄၇၁) ခု | (၁၀) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၃,၄၂၁) ခု | (၂၃၈) ဦး |
| စုစုပေါင်း | (၁၅,၅၅၀) ခု | (၂၈၅) ဦး |

### ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ (၄-၁၂-၂၀၂၁) ရက်နေ့

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၅,၃၀၅,၃၂၈) ဦး |
| ကာကွယ်ဆေး (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေ | (၁၂,၃၀၅,၆၃၁) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေစုစုပေါင်း | (၁၇,၆၁၀,၉၅၉) ဦး |
| စုစုပေါင်း ထိုးနှံပြီးသော ကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses) | (၂၉,၉၁၆,၅၉၀) ကြိမ် |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၉၉၃၄၇၉၁ | ၃၉၄၉၈၁၁၁ | ၈၀၈၆၀၈ |
| ၂။ | အိန္ဒိယ | ၃၄၆၃၃၂၅၅ | ၃၄၀၆၀၇၇၄ | ၄၇၀၆၂၀ |
| ၃။ | ဘရာဇီး | ၂၂၁၃၈၂၄၇ | ၂၁၃၅၉၃၅၂ | ၆၁၅၆၀၆ |
| ၄။ | ဗြိတိန် | ၁၀၄၂၁၁၀၄ | ၉၁၈၈၁၃၁ | ၁၄၅၅၅၁ |
| ၅။ | ရုရှား | ၉၈၀၁၆၁၃ | ၈၅၀၂၄၀၆ | ၂၈၁၂၇၈ |
| ၆။ | တူရကီ | ၈၈၈၁၇၆၀ | ၈၄၁၂၄၃၄ | ၇၇၆၄၅ |
| ၇။ | ပြင်သစ် | ၇၈၇၅၀၁၂ | ၇၁၆၈၁၈၈ | ၁၁၉၅၀၆ |
| ၈။ | ဂျာမနီ | ၆၁၄၃၈၅၆ | ၅၀၈၂၅၀၀ | ၁၀၃၅၃၀ |
| ၉။ | အီရန် | ၆၁၃၄၄၆၅ | ၅၉၂၃၃၁၆ | ၁၃၀၂၀၀ |
| ၁၀။ | အာဂျင်တီးနား | ၅၃၃၉၃၈၂ | ၅၂၀၀၁၄၁ | ၁၁၆၆၄၃ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၂၅၇၆၈၅ | ၄၁၀၆၂၉၂ | ၁၄၃၈၆၇ |
| ၂။ | ဖိလစ်ပိုင် | ၂၈၃၄၇၇၅ | ၂၇၇၁၅၃၆ | ၄၉၃၈၆ |
| ၃။ | မလေးရှား | ၂၆၅၄၄၇၄ | ၂၅၆၁၂၃၂ | ၃၀၅၇၄ |
| ၄။ | ထိုင်း | ၂၁၄၁၂၄၁ | ၂၀၄၈၈၁၅ | ၂၀၉၄၂ |
| ၅။ | ဗီယက်နမ် | ၁၃၀၉၀၉၂ | ၁၀၀၉၂၇၇ | ၂၆၂၆၀ |
| ၆။ | မြန်မာ | ၅၂၄၄၀၇ | ၅၀၀၃၀၄ | ၁၉၁၄၁ |
| ၇။ | စင်ကာပူ | ၂၆၈၆၅၉ | ၂၅၈၀၃၈ | ၇၄၆ |
| ၈။ | ကမ္ဘောဒီးယား | ၁၂၀၂၅၆ | ၁၁၆၆၀၉ | ၂၉၆၀ |
| ၉။ | လာအို | ၇၉၈၃၃ | ၆၇၇၈၅ | ၂၀၇ |
| ၁၀။ | ဘရူနိုင်း | ၁၅၁၈၆ | ၁၄၇၇၃ | ၉၈ |

# ခြိမ်းခြောက်လာသည့်ပဋိဇီဝဆေးယဉ်ပါးမှုအန္တရာယ် ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းသတိပြုကာကွယ်

ပါမောက္ခ ဒေါက်တာဌေးဌေးတင်

ပဋိဇီဝဆေးယဉ်ပါးမှုပြဿနာသည် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ရင်ဆိုင်ကြုံတွေ့နေရသော ကျန်းမာရေးဆိုင်ရာ အန္တရာယ်များစွာထဲတွင် တစ်ခုအပါအဝင် ဖြစ်ပါသည်။ ပဋိဇီဝဆေးများကို စနစ်တကျသုံးစွဲမှုမရှိခြင်းကြောင့် ရောဂါပိုးများသည် ပဋိဇီဝဆေးယဉ်ပါးပြီး ဆေးမတိုးတော့သည့်အတွက် ရောဂါပျောက်ကင်းမှုမရှိသည့်အပြင် အသက်သေဆုံးသည်အထိ ဖြစ်ပွားနိုင်ပါသည်။ ဤအတိုင်းဆက်သွားနေမည်ဆိုပါက ယခင်က အောင်မြင်စွာကုသနိုင်ခဲ့သော ရောဂါများကို မကုသနိုင်တော့ဘဲ ဆေးယဉ်ပါးသောပိုးမွှားများကြောင့် ရောဂါဖြစ်ပွားမှုနှုန်းနှင့် သေဆုံးနှုန်းများ မြင့်မားလာသည်ကို ကြုံတွေ့ရတော့မည် ဖြစ်ပါသည်။ တစ်ကမ္ဘာလုံးတွင် ပဋိဇီဝဆေးယဉ်ပါးသော ရောဂါပိုးကြောင့် သေဆုံးမှုနှုန်းသည် ၂၀၁၆ ခုနှစ်တွင် ခုနစ်သိန်းရှိခဲ့ပြီး ၂၀၅၀ ပြည့်နှစ်တွင် ၁၀ သန်းအထိ မြင့်တက်လာနိုင်ကြောင်းကို ပညာရှင်များက သုံးသပ်ထားပါသည်။

မြန်မာနိုင်ငံသည်လည်း အခြားနိုင်ငံများနည်းတူ ပဋိဇီဝဆေးယဉ်ပါးမှုပြဿနာကို ရင်ဆိုင်နေရကြောင်းကို နှစ်စဉ်တိုးတက်လာသော ပဋိဇီဝဆေးယဉ်ပါးမှုနှုန်းများကိုကြည့်ရှုပါက သိရှိနိုင်ပါသည်။

**ဆေးမတိုးသော ရောဂါပိုးကူးစက်ပြန့်ပွားမှုပြဿနာ**

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းတွင် ပဋိဇီဝဆေးယဉ်ပါးသော ရောဂါပိုးများသည် ပြည်သူ့ကျန်းမာရေးတစ်ရပ်အနေဖြင့်သာမက ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ လူမှုရေးနှင့် စီးပွားရေး ခြိမ်းခြောက်မှုများအဖြစ် ရှိနေသည့်အတွက် ပဋိဇီဝဆေးယဉ်ပါးမှု တိုက်ဖျက်ရေးသည် အလွန်အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ ပဋိဇီဝဆေးဝါးများကို ကျိုးကြောင်းဆီလျော်မှုမရှိဘဲ မိမိသဘောနှင့် အသုံးပြုခြင်း၊ ပမာဏအမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုး ရောစပ်ပြီး တာဝန်မဲ့စွာရောင်းချလျက်ရှိနေသော စပ်ဆေးများ သောက်သုံးခြင်းတို့ကြောင့် ပဋိဇီဝဆေးယဉ်ပါးမှုဖြစ်ပွားကာ ဆေးမတိုးသော ရောဂါပိုးကူးစက်ပြန့်ပွားမှုပြဿနာများ ဖြစ်ပွားလျက်ရှိပါသည်။

ကမ္ဘာ့နိုင်ငံအသီးသီးက ပဋိဇီဝဆေးယဉ်ပါးမှုကို တိုက်ဖျက်ထိန်းချုပ်နိုင်ရန်အတွက် နည်းလမ်းမျိုးစုံသုံးပြီး အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကလည်း ပဋိဇီဝဆေးယဉ်ပါးမှုကို တစ်ကမ္ဘာလုံးနှင့်သက်ဆိုင်သော ကျန်းမာရေးပြဿနာကြီးတစ်ခုအဖြစ်သတ်မှတ်ပြီး ပဋိဇီဝဆေးယဉ်ပါးမှုတိုက်ဖျက်ရေးလုပ်ငန်းများကို အဖွဲ့ဝင်နိုင်ငံတိုင်း၌ ဆောင်ရွက်နိုင်အောင် နည်းပညာဆိုင်ရာအကူအညီ၊ ငွေကြေးအကူအညီများပေးကာ ပံ့ပိုးဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံတွင်လည်း ပဋိဇီဝဆေးယဉ်ပါးမှုတိုက်ဖျက်ရေးလုပ်ငန်းများကို နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သော ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၊ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Japan International Cooperation Agency)၊ Foundation Merieux၊ အာရှဖွံ့ဖြိုးရေးဘဏ် (Asia Development Bank)၊ Greater Mekong Subregion – Health Security Project များနှင့် Technical Cooperation Agreement/ Memorandum of Understanding များ ရေးထိုး၍ စီမံကိန်းများကို အကောင်အထည်ဖော် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် ၂၀၂၀ ပြည့်နှစ် မတ်လမှစတင်ဖြစ်ပွားခဲ့သော ကိုဗစ်–၁၉ ကပ်ရောဂါ ပထမလှိုင်း၊ ဒုတိယလှိုင်းနှင့် တတိယလှိုင်းတို့အတွင်း ကိုဗစ်–၁၉ ရောဂါ ကုသရင်းနှင့်တစ်ပါတည်း ပဋိဇီဝဆေးဝါးသုံးစွဲခဲ့ရာ၌ ပဋိဇီဝဆေးယဉ်ပါးမှု၏ စည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်းမရှိဘဲ သုံးစွဲခဲ့ရသောအခြေအနေ ကြုံတွေ့ခဲ့ရပါသည်။ ထို့အပြင် ပြည်တွင်းနိုင်ငံရေးအခြေအနေများကြောင့်လည်း ကိုဗစ်–၁၉ ကပ်ရောဂါကာလအတွင်း ဆေးရုံ၊ ဆေးခန်းများ၌ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးဝါးများ အလွယ်တကူမရရှိနိုင်သဖြင့် စပ်ဆေးများကို ပြင်ပဆေးဆိုင်မှလည်းကောင်း၊ အွန်လိုင်းများမှလည်းကောင်း ဝယ်ယူသုံးစွဲခဲ့ရသောအခြေအနေများ ရှိခဲ့ပါသည်။

ပဋိဇီဝဆေးယဉ်ပါးမှုကို မထိန်းချုပ်နိုင်ပါက တစ်ကမ္ဘာလုံးအတွက်မျှော်မှန်းထားသော ထောင်စုနှစ်ရည်မှန်းချက်ဖြစ်သော Millennium Development Goal ကို နှောင့်နှေးစေမည် ဖြစ်ပါသည်။ ထို့ကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က တစ်ကမ္ဘာလုံးဆိုင်ရာ ပဋိဇီဝဆေးယဉ်ပါးမှုတိုက်ဖျက်ရေးစီမံကိန်း (Global Action Plan–AMR) ကို ရေးဆွဲခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့်လည်း ၎င်းကိုအခြေခံ၍ အမျိုးသားအဆင့် ပဋိဇီဝဆေးယဉ်ပါးမှုတိုက်ဖျက်ရေးစီမံကိန်း ၂၀၁၇–၂၀၂၂ (National Action Plan for Containment of Antimicrobial Resistance: Myanmar 2017–2022) ကို ၂၀၁၇ ခုနှစ် ဇူလိုင်လတွင် ရေးဆွဲခဲ့ပြီး ဖြစ်ပါသည်။

ပဋိဇီဝဆေးယဉ်ပါးမှုပြဿနာကိုတိုက်ဖျက်ရာတွင် တစ်ဦးတည်း၊ တစ်ယောက်တည်း၊ ဌာနတစ်ခုတည်းအနေဖြင့် ဆောင်ရွက်၍မရနိုင်ဘဲ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မိတ်ဖက်အဖွဲ့အစည်းများ လက်တွဲပူးပေါင်းဆောင်ရွက်မှသာ ရည်မှန်းထားသောပန်းတိုင်ကို ရောက်ရှိနိုင်မည်ဖြစ်သောကြောင့် အမျိုးသားအဆင့် ပဋိဇီဝဆေးယဉ်ပါးမှု တိုက်ဖျက်ရေးဆိုင်ရာကော်မတီ (National Multi–sectoral Steering Committee)ကို တစ်ခုတည်းသော ကျန်းမာရေး (One Health Approach) ဖြင့် ဖွဲ့စည်းခဲ့ပါသည်။ ၎င်းကော်မတီကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်နေ့တွင် ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဥက္ကဋ္ဌအဖြစ် ဦးဆောင်၍ နီးနွယ်ဝန်ကြီးဌာနများနှင့် အသင်းအဖွဲ့အသီးသီးမှ အဖွဲ့ဝင် ၁၉ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး ၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်နေ့တွင် အဖွဲ့ဝင် ၁၈ ဦးဖြင့် အသစ်ပြန်လည်ဖွဲ့စည်းခဲ့ပါသည်။

**နည်းပညာရပ်ဆိုင်ရာလုပ်ငန်းအဖွဲ့ ငါးခု**

အမျိုးသားအဆင့်ပဋိဇီဝဆေးယဉ်ပါးမှု တိုက်ဖျက်ရေးဆိုင်ရာကော်မတီ၏လမ်းညွှန်မှုဖြင့် အမျိုးသားအဆင့် ပဋိဇီဝဆေးယဉ်ပါးမှု တိုက်ဖျက်ရေးဆိုင်ရာ ညှိနှိုင်းရေးဌာန (National Coordinating Centre)နှင့် နည်းပညာရပ်ဆိုင်ရာလုပ်ငန်းအဖွဲ့ (Technical Working Group) ငါးခုကို ဖွဲ့စည်းပြီး အမျိုးသားအဆင့် ပဋိဇီဝဆေးယဉ်ပါးမှု တိုက်ဖျက်ရေးစီမံကိန်းတွင် ရေးဆွဲထားသော မဟာဗျူဟာ ရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် ပဋိဇီဝဆေးယဉ်ပါးမှုပြဿနာကို ဌာနအသီးသီး၊ နယ်ပယ်အသီးသီးမှ ပညာရှင်များနှင့်အတူ လက်တွဲဖြေရှင်းလျက်ရှိပါသည်။ ထိုသို့ Human Sector၊ Animal Sectorနှင့် Environmental Sector တို့ပူးပေါင်း၍ Human health၊ Animal health၊ Plant health ဆိုင်ရာ လုပ်ဆောင်ချက်များကို ဟန်ချက်ညီညီ ဆောင်ရွက်နိုင်မှသာ အောင်မြင်နိုင်မည်ဖြစ်ပါသည်။

နည်းပညာရပ်ဆိုင်ရာလုပ်ငန်းအဖွဲ့ ငါးခု၏ အစည်းအဝေးကို ၂၀၁၈ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပပြုလုပ်ခဲ့ပြီး အမျိုးသားအဆင့် ပဋိဇီဝဆေးယဉ်ပါးမှု တိုက်ဖျက်ရေးဆိုင်ရာ ညှိနှိုင်းရေးဌာနက ဦးဆောင်၍ အမျိုးသားအဆင့် ပဋိဇီဝဆေးယဉ်ပါးမှုဆိုင်ရာ သတင်းအချက်အလက်များမျှဝေခြင်းကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ပဋိဇီဝဆေးယဉ်ပါးမှုကိုတိုက်ဖျက်ရာတွင် ပြည်သူတိုင်းက ပဋိဇီဝဆေးယဉ်ပါးမှုကို ဖြစ်ပေါ်စေနိုင်သော အကြောင်းအချက်များကို သေချာစွာသိရှိနားလည်ကြပြီး ပဋိဇီဝဆေးယဉ်ပါးမှုကြောင့် ဖြစ်ပေါ်လာနိုင်သော အန္တရာယ်ကို သတိပြုရှောင်ရှားနိုင်မှသာ ပိုမိုထိရောက်အကျိုးရှိမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် အမျိုးသားအဆင့် ပဋိဇီဝဆေးယဉ်ပါးမှု တိုက်ဖျက်ရေးဆိုင်ရာ ညှိနှိုင်းရေးဌာနနှင့် JICA/ NCGM တို့ပူးပေါင်း၍ သုတေသနပြုလုပ်ခဲ့သော National Antimicrobial Resistance Awareness Survey 2020 အရ သုတေသနတွင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၂ ခုမှ ပါဝင်သူ ၂၀၄၅ ဦးအနက် ၅၆ ရာခိုင်နှုန်းမှာ ပဋိဇီဝဆေးယဉ်ပါးမှုနှင့်ပတ်သက်၍ ကြားဖူးနားဝရှိကြသော်လည်း တစ်ရာခိုင်နှုန်းသာ မေးခွန်းအားလုံးတိကျမှန်ကန်စွာ ဖြေဆိုနိုင်ကြောင်း တွေ့ရှိရပါသည်။

**နှစ်စဉ် နိုဝင်ဘာလ ၁၈ – ၂၄ ရက်နေ့အတွင်း**

ပြည်သူလူထုအတွင်း ပဋိဇီဝဆေးယဉ်ပါးမှုနှင့်ပတ်သက်သော အသိပညာများ တိုးမြှင့်ရရှိစေရန် ရည်ရွယ်ပြုလုပ်သော ကမ္ဘာ့ပဋိဇီဝဆေးဆိုင်ရာ အသိပေးရေးရက်သတ္တပတ် (World Antimicrobial Awareness Week–WAAW) အခမ်းအနားများကို နှစ်စဉ် နိုဝင်ဘာလရောက်တိုင်း တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ကျင်းပပြုလုပ်လျက်ရှိပါသည်။ မြန်မာနိုင်ငံတွင်လည်း ပဋိဇီဝဆေးယဉ်ပါးမှုအန္တရာယ်ကို ပြည်သူလူထုအတွင်း ကျယ်ကျယ်ပြန့်ပြန့် နားလည်သိရှိနိုင်စေရန်နှင့် ထိန်းချုပ်ကာကွယ်ရေးနည်းလမ်းများကို ပညာပေးရန်ရည်ရွယ်ပြီး ကမ္ဘာ့ပဋိဇီဝဆေးဆိုင်ရာ အသိပေးရေး ရက်သတ္တပတ်အခမ်းအနားများကို ၂၀၁၈ ခုနှစ်မှစ၍ နှစ်စဉ် နိုဝင်ဘာလ ၁၈ – ၂၄ ရက်နေ့အတွင်း ကျင်းပပြုလုပ်ခဲ့ကြပြီး ပဋိဇီဝဆေးယဉ်ပါးမှုနှင့်ပတ်သက်သော ကျန်းမာရေးအသိပညာများ ပိုမိုတိုးမြှင့်ပေးနိုင်ရန် အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့ကြပါသည်။

၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာတစ်ဝန်း ကိုဗစ်–၁၉ ရောဂါနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ကြရပြီး မြန်မာနိုင်ငံသည်လည်း ကိုဗစ်–၁၉ ဒုတိယလှိုင်းကို တိုက်ထုတ်နေရသောအချိန်ဖြစ်နေသောကြောင့် ကမ္ဘာ့ပဋိဇီဝဆေးဆိုင်ရာ အသိပေးရေးရက်သတ္တပတ်အခမ်းအနားကို Virtual Meeting အနေဖြင့် ဆောင်ရွက်နိုင်ခဲ့ပြီး ပြည်သူလူထုအကြား ပဋိဇီဝဆေးယဉ်ပါးမှု အသိပညာမြှင့်တင်ရေးအတွက် ကမ္ဘာ့ပဋိဇီဝဆေးဆိုင်ရာ အသိပေးရေး ရက်သတ္တပတ်အတွင်း မျက်နှာသုတ်ပဝါများ၊ ဒိုင်ယာရီစာအုပ်များ၊ ပဋိဇီဝဆေးယဉ်ပါးမှုဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လူစည်ကားသောနေရာများ၌ ပဋိဇီဝဆေးယဉ်ပါးမှုပညာပေးပိုစတာများနှင့် Billboard များပြုလုပ်၍ အသိပညာပေးခြင်း၊ လူမှုကွန်ရက်ကို အသုံးပြု၍ Cartoon Animation ဖြင့် ပြသခြင်း၊ “ဆေးတွေနဲ့ကမ္ဘာ” အသိပညာပေး သီချင်းဗီဒီယိုရိုက်ကူး၍ ထုတ်လွှင့်ခြင်း၊ အများပြည်သူသုံး ယာဉ်လိုင်းများတွင် ကာတွန်းစတစ်ကာများဖြင့် အသိပညာဖြန့်ဝေခြင်းတို့ကို ပြုလုပ်နိုင်ခဲ့ပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကမ္ဘာ့ပဋိဇီဝဆေးဆိုင်ရာ အသိပေးရေး ရက်သတ္တပတ်အတွက် နှစ်စဉ် Theme နှင့် Slogan များ ထွက်ရှိနေပြီး ယခု ၂၀၂၁ ခုနှစ်အတွက် Slogan မှာ “Antimicrobials: handle with care” ဖြစ်ပြီး Theme မှာ “Spread awareness, stop resistance” “ဆေးယဉ်ပါးမှုပပျောက်ဖို့၊ ကျန်းမာရေးအသိပညာမြှင့်တင်စို့”နှင့် “ပဋိဇီဝဆေးယဉ်ပါးမှုရပ်တန့်ဖို့၊ အသိပညာပေးမှုမြှင့်တင်စို့”တို့ ဖြစ်ပါသည်။

စာမျက်နှာ ၂၄ သို့ ❖

**မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်ဝန်းတွင် ပဋိဇီဝဆေးယဉ်ပါးသော ရောဂါပိုးများသည် ပြည်သူ့ကျန်းမာရေးတစ်ရပ်အနေဖြင့်သာမက ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ လူမှုရေးနှင့် စီးပွားရေးခြိမ်းခြောက်မှုများအဖြစ် ရှိနေသည့်အတွက် ပဋိဇီဝဆေးယဉ်ပါးမှုတိုက်ဖျက်ရေးသည် အလွန်အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ ပဋိဇီဝဆေးဝါးများကို ကျိုးကြောင်းဆီလျော်မှုမရှိဘဲ မိမိသဘောနှင့် အသုံးပြုခြင်း၊ ပမာဏအမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုးရောစပ်ပြီး တာဝန်မဲ့စွာရောင်းချလျက်ရှိနေသော စပ်ဆေးများ သောက်သုံးခြင်းတို့ကြောင့် ပဋိဇီဝဆေးယဉ်ပါးမှုဖြစ်ပွားကာ ဆေးမတိုးသော ရောဂါပိုးကူးစက်ပြန့်ပွားမှုပြဿနာများ ဖြစ်ပွားလျက်ရှိ**

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ၊ ဆရာမများ၏ နာသုံးနာ လက်ကိုင်ထား၍ ကျောင်းသား၊ ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် ဒီဇင်ဘာ ၅**

မြန်မာနိုင်ငံ၌ ဆရာ၊ ဆရာမများအပေါ် ရိုသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှုတစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ၊ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ်သဘောထား၍ ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **"အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့"** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဖွင့် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလနှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီကောင်းစားရေးကိုသာ ရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေးအစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန်ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ၊ ဆရာမများကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစုများနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟိရိ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန်လူတို့ထက်ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ၊ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံတို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့် ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့အတွက် ပညာတတ် လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေး ရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင်နေကြသော ဆရာ၊ ဆရာမများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာတတ်မြောက်ရေး၊ ပညာရည်မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေးတာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ၊ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ပြည်သူများခရီးသွားလာမှုအဆင်ပြေစေရေးနှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေးအတွက် လူစီးရထားနှင့် ကုန်ရထားများ တိုးချဲ့ပြေးဆွဲပေးလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၅**

မြန်မာ့မီးရထားအနေဖြင့် ပြည်သူများခရီးသွားလာမှုလွယ်ကူအဆင်ပြေစေရေးနှင့် ကုန်စည်စီးဆင်းမှုမှန်ကန်မြန်ဆန်စေရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ရထားလမ်းပိုင်းအသီးသီးတွင် လူစီးရထားများ ပြေးဆွဲပေးခြင်းကို ကျန်းမာရေးဝန်ကြီးဌာန၏ ခရီးသွားလာမှုဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ Standard Operation Procedure - SOP လမ်းညွှန်ချက်နှင့်အညီ ပြေးဆွဲဆောင်ရွက်ပေးလျက်ရှိသည်။



### ခရီးစဉ်များ တိုးချဲ့ပြေးဆွဲခဲ့

ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းအပြီးတွင် ရုံးဌာနများ၊ စက်ရုံ/အလုပ်ရုံများ ပြန်လည်ဖွင့်လှစ်ချိန်မှစ၍ ခရီးသွားလာကြမည့်ပြည်သူများနှင့် ကုန်စည်များအဆင်ပြေချောမွေ့စွာ သယ်ယူပို့ဆောင်နိုင်ရေးအတွက် မြန်မာ့မီးရထားက ခရီးစဉ်များ တိုးချဲ့ပြေးဆွဲခဲ့ရာ ဒီဇင်ဘာ ၄ ရက်အထိ ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် အမြန်ရထား နှစ်စင်း၊ စာပို့ရထားနှစ်စင်း၊ နေပြည်တော်-ရန်ကုန်လမ်းပိုင်း၊ ရန်ကုန်-မော်လမြိုင်လမ်းပိုင်းတို့တွင် အမြန်ရထား နှစ်စင်းစီ၊ ရန်ကုန်-ပြည်လမ်းပိုင်း၊ သာစည်-ရွှေညောင်လမ်းပိုင်းတို့တွင် စာပို့ရထားနှစ်စင်းစီ၊ ရန်ကုန်-ပဲခူးလမ်းပိုင်း၊ သာစည်-မြင်းခြံလမ်းပိုင်း၊ ပုဂံ-မန္တလေးလမ်းပိုင်း၊ ပျဉ်းမနား- တောင်တွင်းကြီးလမ်းပိုင်း၊ မော်လမြိုင်-ရေးလမ်းပိုင်းနှင့် ပုသိမ်-ကြံခင်းလမ်းပိုင်းတို့တွင် လူစီးကုန်တင်ရထား နှစ်စင်းစီ၊ အင်းစိန်-ဥက္ကံလမ်းပိုင်းနှင့် ပခုက္ကူ-ကျွန်းချောင်းလမ်းပိုင်းတို့တွင် RBE ရထားနှစ်စင်းစီ စုစုပေါင်း ၂၈ စင်းနှင့် ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်းများတွင် RBE ရထား ၂၂ စင်း စုစုပေါင်း အစင်း၅၀ ပြေးဆွဲပေးလျက်ရှိသည်။

ပြည်သူများအနေဖြင့် မန္တလေး-လားရှိုး လမ်းပိုင်းအတွင်းရှိ ဂုတ်ထိပ်တံတားကြီးအား လေ့လာကြည့်ရှုနိုင်စေရန်ရည်ရွယ်ပြီး မန္တလေး-ပြင်ဦးလွင်-ဂုတ်ထိပ် အသွား/အပြန် စာပို့ရထားခရီးစဉ်အဖြစ် အပတ်စဉ် တနင်္လာနေ့တွင် မန္တလေးမှ ပြင်ဦးလွင်သို့လည်းကောင်း၊ အင်္ဂါနေ့တွင် ပြင်ဦးလွင်မှ ဂုတ်ထိပ်၊ ဂုတ်ထိပ်မှ ပြင်ဦးလွင်သို့လည်းကောင်း၊ ဗုဒ္ဓဟူးနေ့တွင် ပြင်ဦးလွင်မှ မန္တလေးသို့လည်းကောင်း ပြေးဆွဲပေးလျက်ရှိသည်။

### ထပ်မံတိုးချဲ့ပြေးဆွဲပေးသွားမည်

မြန်မာ့မီးရထားအနေဖြင့် ပြည်သူများအဆင်ပြေစွာ ခရီးသွားလာနိုင်ရေးနှင့် ကုန်စည်များ လိုရာခရီးသို့ တင်ပို့နိုင်ရေးအတွက် လူစီးရထားများ၊ ကုန်ရထားများပြေးဆွဲပေးလျက်ရှိရာ ခရီးသည်များ စီးနင်းမှုနှင့် ကုန်စည်တင်ပို့မှုများ များပြားလာသည့် အခြေအနေအပေါ်မူတည်၍ ရထားခရီးစဉ်များကို ထပ်မံတိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❖ **စာမျက်နှာ ၂၃ မှ**

တစ်ကမ္ဘာလုံးဆိုင်ရာ ပဋိဇီဝဆေးယဉ်ပါးမှုတိုက်ဖျက်ရေး အားကောင်းလာစေရန် ၂၀၁၅ ခုနှစ်မှစ၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က Global Antimicrobial Surveillance System (GLASS) ကို တည်ဆောက်ခဲ့ပြီး Antimicrobial Resistant High Priority Pathogen ရှစ်ကောင်အား သတ်မှတ်ပေးခဲ့ပါသည်။ မြန်မာနိုင်ငံ၏ National Antimicrobial Resistance data များကို GLASS မှ သတ်မှတ်ပေးထားသည့်အတိုင်းစုစည်းကာ GLASS IT Platform သို့ ၂၀၁၈ ခုနှစ်မှစတင်၍ နှစ်စဉ်တင်သွင်းခဲ့ပြီး ယခုနှစ်တွင်လည်း တင်သွင်းပေးပို့ပြီးဖြစ်ပါသည်။

ပဋိဇီဝဆေးယဉ်ပါးသည့် ရောဂါပိုးများသည် လူအချင်းချင်း၊ တိရစ္ဆာန်အချင်းချင်း ကူးစက်နိုင်သည့်အပြင် တိရစ္ဆာန်မှ လူသို့၊ လူမှ တိရစ္ဆာန်သို့လည်း ကူးစက်နိုင်ပြီး ရောဂါဖြစ်ပွားနိုင်ခြင်း၊ ပဋိဇီဝဆေးများအား လူသားများတွင်သာမက စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင်ပါ အသုံးပြုလျက်ရှိသည့်အတွက် ပဋိဇီဝဆေးသုံးစွဲမှုများထိန်းချုပ်နိုင်ရန် နီးနွယ်ဌာနများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက်ရှိပါသည်။

ပဋိဇီဝဆေးယဉ်ပါးမှုနှင့်ပတ်သက်၍ ပြည်သူလူထုသိရှိလိုက်နာရန် အချက်များမှာ -

၁။ ပဋိဇီဝဆေးများကို နားလည်တတ်ကျွမ်းသော ကျန်းမာရေးစောင့်ရှောက်သူများ၏ ညွှန်ကြားချက်အတိုင်းသာသုံးစွဲပါ။

၂။ ရောဂါသက်သာလာသော်လည်း ဆေးပတ်လည်အောင် ညွှန်ကြားချက်အတိုင်းဆက်လက်သုံးစွဲပါ။

၃။ အခြားသူသောက်သုံးပြီး လက်ကျန်ဆေးဝါးများကို လုံးဝမသုံးစွဲရပါ။

၄။ မိမိကို ညွှန်ကြားထားသော ပဋိဇီဝဆေးများကို အခြားသူများနှင့် မျှဝေသုံးစွဲခြင်းမပြုရပါ။

၅။ လက်ပုံမှန်ဆေးခြင်း၊ လူနာနှင့်နီးကပ်စွာထိတွေ့မှုကို ရှောင်ကြဉ်ခြင်း၊ ထိုးသင့်သောရောဂါကာကွယ်ဆေးများကို အကြိမ်ပြည့်ထိုးခြင်းတို့ဖြင့် ကူးစက်ရောဂါများကို ကာကွယ်ပါ။

ပဋိဇီဝဆေးယဉ်ပါးမှုသည် ပဋိဇီဝဆေးဝါးအသစ် ထုတ်လုပ်နိုင်မှုထက် အဆများစွာ မြန်ဆန်မှုရှိနေသဖြင့် ပြည်သူများအနေဖြင့်လည်း ပဋိဇီဝဆေးဝါးများသုံးစွဲရာတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ၏ ညွှန်ကြားချက်အတိုင်းလိုက်နာပြီး စနစ်တကျသောက်သုံးခြင်းဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပဋိဇီဝဆေးယဉ်ပါးမှု လျော့ကျစေရန်အတွက် တစ်ဦးချင်းတစ်ယောက်ချင်းမှစ၍ ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းသတိပြုကာကွယ်ကြရမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**ကျမ်းကိုးစာရင်း**

1. **National Action Plan for Containment of Antimicrobial Resistance: Myanmar 2017-2022**
2. **National Antimicrobial Resistance Awareness Survey 2020, Myanmar**




သစ်ပင်
စိုက်မှ
အရိပ်ရ၏
ရိပ်ခို
နားနေ
အပန်းပြေ၏

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၂၀၂၁-၂၀၂၂) ဘဏ္ဍာရေးနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ပေါ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအတွက် လုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန် တင်ဒါခေါ်ယူလိုပါသည်။

တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် - (၆-၁၂-၂၀၂၁)

တင်ဒါလျှောက်လွှာ နောက်ဆုံးတင်ရမည့်ရက် - (၂၀-၁၂-၂၀၂၁)

အသေးစိတ်သိရှိလိုပါက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၅)၊ မန္တလေးတိုင်းဒေသကြီးရုံး (ဖုန်း-၀၂-၄၀၆၀၂၃၇)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၅၆၊ မင်းရဲကျော်စွာ(၃)လမ်းနှင့် အာသာဝတီလမ်းထောင့်၊ မြေကွက်အမှတ်(၈၀၁)၊ အကျယ်အဝန်းပေ(၄၀x၆၀)ရှိ ဒေါ်တင်တင်မြင့် [၁၂/လသန(နိုင်)၀၁၁၂၃၃]အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ကြီးနှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်ထံမှ ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိထားသူ ဒေါ်သီတာအေး [၇/တငန(နိုင်)၁၀၄၆၆၀]မှ အရှုပ်အရှင်းကင်းစွာဖြင့် ပြန်လည်ရောင်းချလိုကြောင်း စကားကမ်းလှမ်းလာရာ ဒေါ်စုစုလတ်[၁၂/ကမရ(နိုင်)၀၁၉၁၅၁]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်း အဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်သန္တာလွင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၆၅)**
**အမှတ်- ၃၈၈၊ အေးမြသာယာလမ်း၊ ၃၂-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၄၃၂၁၈၀၁၃၊ ၀၉- ၇၈၆၃၁၇၂၈၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေ(ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ (၁၆၄)လမ်း၊ တိုက်အမှတ်(၈၁)၊ 2(A)၊ ပထမထပ် (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း ပေ(၂၀x၇၀)ရှိ လူနေတိုက်ခန်း (၁)ခန်းအား ရောင်းချပိုင်ခွင့်ရှိကြောင်း ဒေါ်ခိုင်ခိုင်ရီ[၁၂/ရပသ(နိုင်)၀၂၇၉၀၈]က ဝန်ခံပြောဆိုလာ၍ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် အရောင်းတန်ဖိုးငွေ၏ စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော အထောက်အထားမူရင်းများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးအောင်ကျော်မြင့်(LL.B)** | **ဒေါ်အိအိလင်း(LL.B)** | **ဦးကောင်းမြတ်ဦး(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၅၁၈၃/၁၃-၁၂-၁၈)** | **(စဉ်-၅၁၆၄၉/၁၀-၈-၁၉)** | **(စဉ်-၅၂၂၈၅/၂၇-၂-၂၀၂၀)** |

**အမှတ်(၄၇၈)၊ မွှေးရုံလမ်း၊ (၄၇)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**Ph:09-420051785**

## (၃-၁၂-၂၀၂၁)ရက်နေ့ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၂၅)ပါ ဦးအေးသောင်း (တရားလွှတ်တော်ရှေ့နေ)၏ ဒေါ်သက်သက်မာ မိသားစုနှင့် ဒေါ်မာမာသိန်း(တရားလွှတ်တော်ရှေ့နေ)၊ ဒေါ်နီနီဝင်း(အထက်တန်းရှေ့နေ)တို့အား သိစေရန် အသိပေးကြေညာခြင်းအပေါ် ပြန်လည်ရှင်းလင်း ကြေညာခြင်း

ဒေါက်တာ သင်းသက်သက်မောင်[၁၂/ဗတထ(နိုင်)၀၄၀၅၂၆]နှင့် ဒေါ်လင်းလက်လက်မောင်[၁၂/ဗတထ(နိုင်)၀၄၂၇၅၂]ကိုင်ဆောင်သူတို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်-

၁။ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၄၃၇/၂၀၁၅ အမှုတွင် (၁၉-၁၁-၂၀၁၉)ရက်က ချမှတ်ခဲ့သော အမိန့်တွင် "**တရားလိုဒေါ်သက်သက်မာသို့ တရားပြိုင် ဦးမောင်မောင်က လင်မယားကွာရှင်းပြီးဖြစ်ကြောင်းနှင့် ခွဲဝေပေးရန်ငွေနှင့် ပစ္စည်းကျန်ရှိကြောင်း မပေါ်ပေါက်၍ တရားလို၏အဆိုလွှာအား စရိတ်နှင့်တကွ ပလပ်ကြောင်း**"ချမှတ်ခဲ့သောအမိန့်ဖြစ်ပြီး တိုက်ခန်းပိုင်ဆိုင်မှုအပေါ် အတိအလင်း အမိန့်ချမှတ်ထားခြင်းမရှိပါသဖြင့် (၃၀-၁၁-၂၀၂၁)ရက်ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၂၄)တွင် ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးမှ ချမှတ်ခဲ့သောအမိန့်မှာ လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှုအပေါ်တွင် သုံးသပ်သောအမိန့်တစ်ရပ်ဖြစ်ပြီး၊ တိုက်ခန်းပိုင်ဆိုင်မှုအပေါ် ချမှတ်သော အမိန့်တစ်ရပ်မဟုတ်ကြောင်းကို ပြန်လည်ရှင်းလင်းကြေညာခဲ့ခြင်းဖြစ်ပါသည်။

၂။ လူကြီးမင်းတို့၏ သတင်းစာကြေညာချက်တွင် အမွေခွဲဝေပေးရန် အမွေပစ္စည်း လုံးဝမကျန်သည့် အမိန့်ချမှတ်ထားသည်ဟု ဖော်ပြကြေညာထားသဖြင့် တရားမကြီးမှုအမှတ်-၄၃၇/၂၀၁၅အရ စွဲဆိုသောအမှုမှာ လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှုနှင့် လင်မယားနှစ်ဦးပိုင် ပစ္စည်းခွဲဝေပေးစေလိုမှုကို စွဲဆိုခြင်းဖြစ်ရာ အမွေပစ္စည်းခွဲဝေပေးစေလိုမှုပုံစံ ထင်ယောင်ထင်မှားဖြစ်စေရန် အမှုခေါင်းစဉ်အား ပြောင်းလဲကြေညာထားသဖြင့် လူကြီးမင်းတို့၏ကြေညာချက်သည် တရားရုံးများ မထီမဲ့မြင်(Contempt of Court)ပြုလုပ်ရာ ရောက်ရှိနေပါသည်။

၃။ ဒေါက်တာသင်းသက်သက်မောင်နှင့် ဒေါ်လင်းလက်လက်မောင်တို့မှာ ဦးမောင်မောင်(ခ)အင်ခွန်ဟိ၏ သမီးအရင်းအချာ နှစ်ဦးဖြစ်ကြောင်း အငြင်းမပွားသည့်အပြင် ဖခင်ဖြစ်သူ ဦးမောင်မောင်(ခ)အင်ခွန်ဟိ တစ်ဦးတည်းအမည်ပေါက်ဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန၊ (ယာ/အုံ) (D/B) မြေရှင်နှင့်ကန်ထရိုက်တာစာချုပ်တို့တွင် ၎င်းတို့၏ဖခင် ပိုင်ဆိုင်သောတိုက်ခန်းဖြစ်ကြောင်း အငြင်းမပွားနိုင်သည့် အချက်အလက်တို့အရ သမီးအရင်း နှစ်ဦးတို့ကသာ ဥပဒေနှင့်အညီ တရားဝင် ဆက်ခံပိုင်ဆိုင်ခွင့်ရှိသော တိုက်ခန်းဖြစ်ပါသည်။

၄။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ကန်ထရိုက်တာ၊ မြေရှင်၊ အခွန်အခအသီးသီးတို့တွင် မူလနေထိုင်သူတိုက်ခန်းပိုင်ရှင် ဖခင် ဦးမောင်မောင်(ခ)အင်ခွန်ဟိ အမည်ဖြင့် အမည်ပေါက်တည်ရှိသော တိုက်ခန်းဖြစ်သဖြင့် ဖခင်ကွယ်လွန်ပြီးနောက် တရားဝင်ဆက်ခံပိုင်ခွင့်ရှိသော ဒေါက်တာသင်းသက်သက်မောင်နှင့် ဒေါ်လင်းလက်လက်မောင်တို့က တည်ဆောက်စရိတ်များ ဆက်လက်ပေးသွင်းကာ မြေရှင်၊ ကန်ထရိုက်တာနှင့်စည်ပင်အခွန်အခအသီးသီးတို့တွင် မူလနေထိုင်သူ တိုက်ခန်းပိုင်ရှင်အဖြစ် လက်ရှိအမည်ပေါက် တရားဝင်ပိုင်ဆိုင်နေထိုင်လျက်ရှိပါသည်။

၅။ ထို့အပြင် (၆-၄-၂၀၁၅)ရက်ထုတ် ကြေးမုံသတင်းစာ၌ ဦးမောင်မောင်(ခ)အင်ခွန်ဟိ မိမိတစ်ဦးတည်းပိုင် တိုက်ခန်းဖြစ်ကြောင်း ကြေညာစဉ်က မည်သူတစ်ဦးတစ်ယောက်မျှ ကန့်ကွက်ခြင်းမရှိခြင်း၊ ဖခင်ကွယ်လွန်ပြီးနောက် သမီးနှစ်ဦးအမည်ဖြင့် အခွန်အခထမ်းဆောင်ခြင်း၊ စည်ပင်မှ တရားဝင်ပေးအပ်ထားသည့်တိုက်ခန်းဖြစ်ခြင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ တရားမကြီးမှုအမှတ်-၄၃၇/၂၀၁၅အမှုနှင့်ပတ်သက်၍ ဒေါက်တာသင်းသက်သက်မောင်နှင့် ဒေါ်လင်းလက်လက်မောင်တို့ သမီးနှစ်ဦးအပေါ် အကျိုးသက်ရောက်သော အမိန့်တစ်စုံတစ်ရာ ချမှတ်ထားခြင်းမရှိခြင်းတို့အရ ဗိုလ်တထောင် မြို့နယ်၊ ၃-ရပ်ကွက်၊ ၆၄-လမ်း၊ အမှတ်(၁၂/၁၄)၊ မြေညီထပ်၊ (A-၁ လွှာ)တိုက်ခန်းမှာ ဒေါက်တာသင်းသက်သက်မောင်နှင့် ဒေါ်လင်းလက်လက်မောင် တို့ သမီးနှစ်ဦးတို့ကသာ ဆက်ခံပိုင်ဆိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့် အသီးသီး ရှိကြောင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်မာမာသိန်း(LL.B)** | **ဒေါ်နီနီဝင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၈၇၉၂)** | **(စဉ်-၅၁၇၁၈)** |

**အမှတ်(၈၈)၊ ၃-လွှာ၊ ဒေါ်သိန်းတင်လမ်း၊ ကန်/မြောက်ရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Ph:09-5064959, 09-5088605**

# အင်္ဂပူမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုစာရင်းများ ကွင်းဆင်းဆောင်ရွက်

**အင်္ဂပူ ဒီဇင်ဘာ ၅**

အင်္ဂပူမြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးဝန်ထမ်းများသည် ယမန်နေ့နံနက် ၉ နာရီက ခြောက်ရွာကျေးရွာအုပ်စု ခြောက်ရွာကျေးရွာ ထန်းတောဘုန်းကြီးကျောင်း ဓမ္မာရုံ၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်း ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပန်းခင်းစီမံချက်ဖြင့် ခြောက်ရွာကျေးရွာအုပ်စုအတွင်းရှိ ပြည်သူများက နိုင်ငံသားစိစစ်ရေးကတ် ၄၅ ဦး၊ အိမ်ထောင်စုစာရင်း ၇၈ စောင်တို့ကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်နိုင် ကြီးကြပ်မှုဖြင့် ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြသည်။

၂၂၂

# မြန်မာအသင်း စင်ကာပူအသင်းအား သုံးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်

**ရန်ကုန် ဒီဇင်ဘာ ၅**

၂၀၂၀ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ အုပ်စု (က) ပထမနေ့ကို ဒီဇင်ဘာ ၅ ရက်က စင်ကာပူနိုင်ငံရှိ အမျိုးသားအားကစားကွင်း၌ ကျင်းပရာ မြန်မာအသင်း ရှုံးပွဲကြုံတွေ့ခဲ့သည်။

မြန်မာအသင်းသည် အုပ်စုပထမပွဲအဖြစ် အိမ်ရှင်စင်ကာပူအသင်းနှင့် ကစားခဲ့ရာ သုံးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ မြန်မာအသင်းသည် အုပ်စုအဖွင့်ပွဲ ဂိုးပြတ်အရှုံးကြောင့် ဆီမီးဖိုင်နယ်တက်ရောက်ခွင့်အတွက် ဖိအားများသွားပြီး လက်ကျန်သုံးပွဲတွင် ရုန်းကန်ရတော့မည်ဖြစ်သည်။ ဆူဇူကီးပြိုင်ပွဲ၏ ဒုတိယအအောင်မြင်ဆုံးအသင်းဖြစ်သော စင်ကာပူအသင်းမှာမူ အဖွင့်ပွဲအနိုင်ရလဒ်ကြောင့် အဖွင့်လှသွားခဲ့သည်။

မြန်မာအသင်းသည် မျိုးမင်းလတ် (ဂိုး)၊ ဒေးဗစ်ထန်၊ ငြိမ်းချမ်း၊ ဇော်ရဲထွန်း၊ ဝင်းမိုးကျော်၊ လှိုင်းဘိုဘို၊ ရန်နိုင်ဦး၊ ဆွမ်လမန်၊ ဟိန်းထက်အောင်၊ မောင်မောင်လွင်၊ အောင်ကောင်းမာန်တို့ဖြင့် ပွဲထွက်ခဲ့သည်။ မြန်မာအသင်းသည်မိနစ် ၂၀ ကျော်အထိသာ စင်ကာပူကို အပြန်အလှန်ကစားနိုင်ခဲ့ပြီး ပထမဂိုးပေးလိုက်ရပြီးနောက်ပိုင်း တိုက်စစ်ဆင်မှု အနည်းငယ်သာပြုလုပ်နိုင်ခဲ့သည်။ စင်ကာပူအတွက် ပထမဂိုးကို ၃၄ မိနစ်တွင် ဘာဟာရူဒင်က ထောင့်ကန်ဘောမှတစ်ဆင့် ခေါင်းတိုက်သွင်းယူခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် စင်ကာပူအသင်း စိတ်ကြိုက်ကစားလာနိုင်ပြီး တိုက်စစ်မှူး ဖန်ဒီက ၃၉၊ ၄၅+၁ မိနစ်တွင် နှစ်ဂိုးသွင်းယူပေးခဲ့သည်။ ဒုတိယပိုင်းတွင် မြန်မာအသင်း ကစားသမားများ အပြောင်းအလဲပြုလုပ်ကာ တိုက်စစ်မြှင့်ခဲ့သော်လည်း ထိရောက်သည့်ဂိုးသွင်းခွင့် မရဖြစ်ခဲ့သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ဂိုးမသွင်းနိုင်သဖြင့် ပထမပိုင်းရလဒ်အတိုင်း ပြီးဆုံးခဲ့သည်။

ညနေပိုင်းက ကစားသည့် ပထမပွဲတွင် ထိုင်းအသင်းက တီမောအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် ဒုတိယပွဲအဖြစ် ဒီဇင်ဘာ ၈ ရက်တွင် တီမောအသင်းနှင့် ကစားရမည်ဖြစ်သည်။

**ကိုညီလေး**

**❖ ယခုဘောလုံးရာသီအတွင်းမှ**

ပွဲကစားချိန် ၃၁ မိနစ်မှာ ဘာနာဒို ဆေးလ်ဗားရဲ့ သွင်းဂိုးထပ်မံရရှိခဲ့တာကြောင့် ပထမပိုင်းပွဲကစားချိန်အပြီးမှာ မန်စီးတီးအသင်းက ဝက်ဖို့ဒ်အသင်းကို နှစ်ဂိုးပြတ်နဲ့ ဦးဆောင်နိုင်ခဲ့ပါတယ်။

မန်စီးတီးအသင်းဟာ အမှတ်ပေးဇယားထိပ်ဆုံးနေရာက ချယ်လ်ဆီးအသင်း ရှုံးပွဲကြုံတွေ့ခဲ့မှုကို အခွင့်ကောင်းယူကာ နိုင်ပွဲရရှိဖို့ ပြင်ဆင်လာခဲ့တာဖြစ်ပြီး ဒုတိယပိုင်းပွဲကစားချိန် ၆၃ မိနစ်မှာ ဘာနာဒို ဆေးလ်ဗားက အခုပွဲစဉ်မှာ သူ့ရဲ့ဒုတိယမြောက်သွင်းဂိုး ထပ်မံသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။

ဝက်ဖို့ဒ်အသင်းကတော့ ပထမပိုင်းပွဲကစားချိန်အတွင်းမှာ နှစ်ဂိုးခွင့်ပြုပေးလိုက်ရတာကြောင့် ဒုတိယပိုင်းမှာ လူစားလဲမှုနှစ်ကြိမ်ကို တစ်ပြိုင်တည်း ပြုလုပ်ခဲ့ပေမယ့် ပွဲကစားချိန် ၇၄ မိနစ်ရောက်မှသာ ဟာနန်ဒက်ဇ်ရဲ့ သွင်းဂိုးနဲ့ ချေပဂိုးပြန်လည်ရရှိခဲ့တာဖြစ်ပါတယ်။

**အသီးသီးရပ်တည်နေ**

မန်စီးတီးအသင်းဟာ ဝက်ဖို့ဒ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ်(၁၅) ကစားပြီးချိန်မှာ ရမှတ် ၃၅ မှတ်နဲ့ အမှတ်ပေးဇယားအဆင့်(၁)၊ လီဗာပူးအသင်းက ရမှတ် ၃၄ မှတ်နဲ့ အဆင့်(၂)၊ ချယ်လ်ဆီးအသင်းက ရမှတ် ၃၃ မှတ်နဲ့ အဆင့်(၃)၊ ဝက်စ်ဟမ်းအသင်းက ရမှတ် ၂၇ မှတ်နဲ့ အဆင့်(၄) အသီးသီးရပ်တည်နေတာ ဖြစ်ပါတယ်။

မန်စီးတီးအသင်းနဲ့အတူ စနေနေ့ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အခြားသောပရီမီယာလိဂ်ပွဲစဉ်တွေမှာ ဝက်စ်ဟမ်းအသင်းက ချယ်လ်ဆီးအသင်းကို သုံးဂိုး-နှစ်ဂိုး၊ နယူးကာဆယ်အသင်းက ဘန်လေအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ လီဗာပူးအသင်းက ဝုလ်ဗက်စ်အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အသီးသီး အနိုင်ရရှိခဲ့ပြီး ဆောက်သမ်တန်အသင်းနဲ့ ဘရိုက်တန်အသင်းတို့ ပွဲစဉ်မှာတော့ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့တာ ဖြစ်ပါတယ်။

**ငွေကြယ်**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(သကမ-၁၃)၊ လူနေရပ်ကွက်အမှတ်(၁၄)ရပ်ကွက်၊ မြေကွက်အမှတ်(၄၂/က)၊ မန္တလေးလမ်း၊ ပေအကျယ်(၄၀x၆၀)ရှိ ပါမစ်အမည်ပေါက် ဦးလှထွန်း အမည်ပေါက် မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရောက် ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်အေးအေးသန်း[၁၂/ကမတ(နိုင်)၀၆၅၄၇၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စိုးနှင်းမျိုး [၇/အဖန(နိုင်)၀၀၁၃၁၇]က အရောင်းအဝယ်ပြုလုပ်၍ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အရောင်းအဝယ်ကန့်ကွက်လိုသည်ရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်ပိုင်ဆိုင်သည့် စာချုပ်စာတမ်းအထောက်အထား (ပါမစ်မူရင်းများ)ဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစိုးပိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၇၉၅၈)**
**တိုက်(၂)၊ အခန်း(၆)၊ ကျန်စစ်သားလမ်း၊ အောင်မြေသာယာ ShopHouse၊ (၆)ရပ်ကွက်၊ လှိုင်သာယာ။ ဖုန်း-၀၉-၅၄၁၄၅၃၄၊ ၀၉-၄၂၁၀၄၃၁၀၉**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဗမာအေးရပ်ကွက်၊ မင်းရဲကျော်စွာ(၁)လမ်း၊ အမှတ်(၄၅၁)တွင် နေထိုင်သော ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးတင်လင်း[၅/ကဘလ(နိုင်)၁၃၀၈၀၀၆]၏ လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ လူနေရပ်ကွက်အမှတ်(ဗမာအေး)၊ မြေကွက်အမှတ်(၄၅၁)၊ မြေအကျယ်အဝန်း ပေ(၁၂-၁/၂x၅၀)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ (ဗမာအေး)ရပ်ကွက်၊ တိုးချဲ့မင်းရဲကျော်စွာ (၁)လမ်း၊ အမှတ်(၄၅၁) ဟုခေါ်တွင်သည့် အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဦးကြည်ဝင်း(ဘ)ဦးသာအောင်[၁၂/ဒပန(နိုင်)၀၂၄၇၅၉]အမည်ပေါက် မြေကွက်ဖြစ်ပြီး ဦးကြည်ဝင်း၏ ဇနီး ဒေါ်မြစိန်(ဘ)ဦးအေး[၁၂/ဒပန(နိုင်)၀၂၄၇၆၀]မှ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အမွေဆက်ခံပိုင်ဆိုင်လာခဲ့ကြသည်မှာ မှန်ကန်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်မြစိန် [၁၂/ဒပန(နိုင်)၀၂၄၇၆၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်အဖြစ်ပေးချေထားပြီး ဖြစ်ပါ၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား (မူရင်းများ)ဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လေးမြိုင်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၀၃၀၁)**
**အမှတ်(၆၂)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၁၇၆၁၃၄၊ ၀၉-၇၉၁၂၃၃၀၁၆**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွှကုန်းဌေးကြွယ် (က)ရပ်ကွက်၊ မနောဟရလမ်း၊ အမှတ်(၁၀)၊ (၆)လွှာ၊ ခေါင်းရင်းခန်းတိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့် ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ကျွန်ုပ်တို့၏မိတ်ဆွေ ဦးညီမြတ်နိုး[၁၂/ဒဂတ(နိုင်)၀၉၈၀၈၆] ကိုင်ဆောင်သူ၏ ဖခင်ဖြစ်သူ ဦးညီညီထွန်းမှ တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့သော တိုက်ခန်းဖြစ်ပါသည်။ ယခုအခါ ၎င်း၏ဖခင် ဦးညီညီထွန်းနှင့်မိခင် ဒေါ်တိုးတိုးတို့ ကွယ်လွန်ပြီးနောက် ၎င်းတို့၏ တစ်ဦးတည်းသောသားဖြစ်သူ ဦးညီမြတ်နိုး တစ်ဦးတည်းကသာ အမွေဆက်ခံပိုင်ဆိုင်ထားလျက်ရှိပါသည်။ အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးညီမြတ်နိုးမှလွဲ၍ တခြားမည်သူတစ်ဦးတစ်ယောက်မျှ ရောင်းချပိုင်ခွင့်၊ ပေါင်နှံပိုင်ခွင့်မရှိဘဲ မပြုလုပ်ကြရန်နှင့် ဦးညီမြတ်နိုးသာလျှင် တိုက်ခန်းပိုင်ရှင်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဇင်မောင်လင်း** | **ဒေါ်မရစ်(ပ်)ဘောက်ဂျာ** |
| **LL.B,D.I.L,PGD.Social Work,** | **LL.B,D.B.L** |
| **PGD.Applied Psychology** | **အထက်တန်းရှေ့နေ(စဥ်-၄၂၄၀၄)** |
| **တရားလွှတ်တော်ရှေ့နေ(စဥ်-၁၁၈၃၂)** | |

**အမှတ်(၄)၊ (၁၄၆)လမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၈၄၂၀၅၄၅**

## ဦးနေမျိုးမင်း[၁၂/ကမရ(နိုင်)၀၁၀၅၇၆]နှင့် ပတ်သက်ဆက်နွယ်သူများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ယမုံထွန်း[၁၂/ကမရ(နိုင်)၀၄၄၈၂၈] အမှတ်(၄၄)၊ (၃လွှာ-ဝဲ)၊ (၁၄၁)လမ်း၊ မအူကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့ နေထိုင်သူ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ဦးနေမျိုးမင်းနှင့် ဒေါ်ယမုံထွန်းတို့သည် (၁၉၉၉)ခုနှစ်တွင် အစ္စလာမ်တရားတော်နှင့်အညီ နီကာပြုလက်ထပ်ထိမ်းမြားခဲ့ပြီး သမီး(၁)ဦး၊ သား(၁)ဦးထွန်းကားခဲ့ကာ (၂၀၁၆)ခုနှစ်မှစ၍ ဦးနေမျိုးမင်းသည် ဇနီးနှင့်သားသမီးတို့အား ကျွေးမွေးထောက်ပံ့ခြင်း မရှိတော့ပါ။ (၂၀၁၉)ခုနှစ်တွင် ဦးနေမျိုးမင်းသည် မိသားစုနှင့်အတူ နေထိုင်ခြင်းမရှိတော့၍ ဦးနေမျိုးမင်းနှင့် ဒေါ်ယမုံထွန်းတို့သည် အစ္စလာမ်တရားတော်အရ လင်မယားအဖြစ်မှ ရပ်စဲပြီးဆုံးသွားပြီဖြစ်ပါသည်။ ဒေါ်ယမုံထွန်း အမည်ဖြင့် ဝယ်ယူထားသော ခြံမြေကွက်များဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဘွက်ကြီးကျေးရွာ၊ ရွာလယ်လမ်းမမြောက်ပိုင်း၊ အမှတ်(၁၀၄)၊ ပေ(၁၀၀x၁၇၅)အကျယ်ရှိ မြေကွက်ပေါ်တွင် ဦးနေမျိုးမင်းမှ အဆောင်(၂)ဆောင် ဆောက်လုပ်၍ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်ကာ အလုပ်သမားများအား နေထိုင်စေခြင်း၊ တစ်ဖန် ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ကြာကန်ကျေးရွာ၊ ကျောင်းလမ်း၊ ပေ(၁၂၀x၇၀) အကျယ်ရှိ ခြံမြေထဲသို့ (၃၀-၁၁-၂၀၂၁)ရက်တွင် ဒေါ်ယမုံထွန်း၏ခွင့်ပြုချက်မရဘဲ ဦးနေမျိုးမင်းသည် အတင်းအဓမ္မဝင်ရောက်၍ တဲအိမ်ဆောက်လုပ်ကာ အလုပ်သမားများထားရှိခြင်းတို့ ပြုလုပ်ခဲ့ပါသည်။ အထက်ပါ ခြံမြေကွက်များသည် အစ္စလာမ်တရားတော်အရလည်းကောင်း၊ တည်ဆဲဥပဒေအရလည်းကောင်း ဦးနေမျိုးမင်းအကျိုးခံစားခွင့်မရှိသော ခြံမြေကွက်များဖြစ်ပါသောကြောင့် ယနေ့ကြေညာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ဦးနေမျိုးမင်းသည် အထက်ပါခြံမြေကွက်အတွင်းမှ ဖယ်ရှားထွက်ခွာပေးပါရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ယမုံထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ဇင်မာမင်း** | **ဒေါ်အေးနန္ဒာ** |
| **(LL.B,D.B.L,D.I.L)** | **(LL.B,D.B.L,D.I.L,D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဥ်-၁၁၆၅၁)** | **တရားလွှတ်တော်ရှေ့နေ(စဥ်-၈၂၃၈)** |
| **ဖုန်း-၀၉-၄၂၀၀၃၁၃၅၂** | **ဖုန်း-၀၉-၂၅၄၆၁၇၂၂၁** |

**အမှတ်(၁၁၇)၊ အောင်မင်္ဂလာပတ်လမ်း၊ ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်တောင်ရပ်ကွက်၊ ဝေဠုဝန်(၇)လမ်း၊ တိုက်အမှတ်(၉)၊ (၃-လွှာ) အခန်းအမှတ် (၃-A)၊ အကျယ်အဝန်း(အလျား ၁၄ပေxအနံ ၄၈ပေ)ရှိ တိုက်ခန်း(၁)ခန်းနှင့်တကွ အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်ဝယ်ယူလက်ရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ပြည့်ပြည့်ဟိန်း [၁၂/တကန(နိုင်)၁၃၆၀၇၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက်တိုက်ခန်း တန်ဖိုးငွေ၏ စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု စာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြလှဲ့ဝင်း(LL.B) အထက်တန်းရှေ့နေ(စဥ်-၂၀၉၅၁)**
**အမှတ်-၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**Ph: ၀၉-၅၁၅၁၈၃၃၊ ၀၉- ၅၀၉၀၅၅၃**

## Mr Sujith Puliyankodan နှင့် အများသိစေရန်

Mr Satya Nand နိုင်ငံသားစိစစ်ရေးကတ်အမှတ် -၇/ဖမန(နိုင်)၁၁၄၁၂၇ ကိုင်ဆောင်သူနှင့် Telenor ကုမ္ပဏီတွင် ပါတနာအဖြစ်လုပ်ကိုင်သူ Sujith T8514632 ကိုင်ဆောင်သူတို့နှစ်ဦးမှ Telenor TML B2B Project ကိုအတူလက်တွဲပူးပေါင်းလုပ်ကိုင်ရန် သဘောတူညီခဲ့ကြပြီး Mr Satya Nand မှ (၂၄. ၉. ၂၀၂၀)ရက်နေ့တွင် ကုမ္ပဏီအတွင်း ရင်းနှီးမြှုပ်နှံမှု ၁၀၀% ဖြင့် လုပ်ကိုင်ဆောင်ရွက်ခဲ့ရာ (၁၅. ၁၀. ၂၀၂၁) ရက်နေ့အထိ လုပ်ငန်းအတွက် အရင်းနှီးစိုက်ထုတ်ကုန်ကျငွေများကို Sujith မှ လာရောက်ဖြေရှင်းပေးခြင်းမရှိသဖြင့် E-mail ဖြင့် ဆက်သွယ်သော်လည်း ယနေ့အချိန်အထိ ဖြေရှင်းပေးခြင်းမရှိပါ။ ထို့ကြောင့် ဤသတင်းစာကြော်ငြာပါသည့် ရက်နေ့မှ (၁၄)ရက်နေ့နောက်ဆုံးထားပြီး Mr Satya Nand စိုက်ထုတ်ကုန်ကျခဲ့ရသည့် ပစ္စည်းများ အတွက် လာရောက်ဖြေရှင်းရန် အကြောင်းကြား သိစေအပ်ပါသည်။ Sujith မှ ငွေကြေး လာရောက်ဖြေရှင်းခြင်း မပြုပါက Mr Satya Nand စိုက်ထုတ် ရင်းနှီးထားသည့် ပစ္စည်းများကို ပြန်လည်ဖြုတ်သိမ်း နိုင်ရန်နှင့် နစ်နာကြေးအပေါ် ဥပဒေနှင့်အညီ တရားစွဲဆို အရေးယူသွားမည်ဖြစ်ကြောင်း Sujith နှင့် အများသိစေရန် ကြော်ငြာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ |
|---|---|
| Mr Satya Nand<br>၇/ဖမန(နိုင်)၁၁၄၁၂၇ | ဒေါ်လှဲ့လှဲ့ဝင်း (LL.B)<br>တရားလွှတ်တော်ရှေ့နေ (စဥ်-၄၇၁၄/၈၈)<br>အမှတ်-၉၉၊အောင်သုခ(၁)လမ်း၊(၆)ရပ်ကွက်၊မရမ်းကုန်းမြို့နယ်။<br>ဖုန်း-၀၉ ၂၆၄၁၀၄၁၅၀ |

## ယာဉ်အမှတ်-YGN-7B/8764(နံပါတ်အနီ) (၁၀-ဘီး) ကုန်တင်ယာဉ်လက်ဝယ်ရှိသူနှင့် အများသိစေရန်

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးစိုးမိုး[၁၂/တမန(နိုင်)၀၄၀၉၀၁]သည် အထက်ပါယာဉ်ကို အကျိုးခံစား လက်ဝယ်ထားရှိပြီး ကျန်းမာရေးအတွက် နိုင်ငံခြားသို့ ဆေးသွားကုသရန် ဆောင်ရွက်နေစဥ်တွင် ခင်မင်သော ဦးသစ်လွင်[၁၄/ပသန(နိုင်)၀၇၇၀၆၄]သည် ဦးစိုးနိုင်[၁၂/မရက(နိုင်)၁၂၈၈၁၀]နှင့်အတူ လာရောက်၍ ဦးသစ်လွင်က ဦးစိုးနိုင်မှာ ယုံကြည်ရသူဖြစ်ပါ၍ တာဝန်ယူကြောင်း၊ ဦးစိုးမိုးအနေနှင့် ဆေးသွားကုပြီး ပြန်လာ၍ ကျန်းမာသည့်အခါ ယာဉ်ကိုပြန်ပေးမည်ဖြစ်ကြောင်းနှင့် တစ်လလျှင် ငှားရမ်းခ(၄)သိန်းကျပ် ပေးမည်ဆို၍ ယုံကြည်ပြီး (၅-၉-၂၀၂၀) ရက်၌ ဦးစိုးမိုးက ဦးစိုးနိုင်ထံ ယာဉ်ကို ယုံကြည်အပ်နှံ ငှားရမ်းခဲ့ရာ ဦးစိုးနိုင်နှင့် ဦးသစ်လွင်တို့က ယာဉ်ကိုရယူသွားခဲ့ကြပါသည်။ ဦးစိုးမိုးသည် (၂၁-၁-၂၀၂၁) ရက်၌ နိုင်ငံခြားသို့ဆေးသွားကုပြီး အိမ်ပြန်ရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုခံယူနေရင်း ဦးစိုးနိုင်နှင့် ဦးသစ်လွင်တို့ထံသို့ ယာဉ်နှင့်ငှားရမ်းခများအတွက် ဆက်သွယ်ရာမရရှိဘဲ(၅-၉-၂၀၂၁)ရက်တွင် (၁)နှစ်ပြည့်ပြီး ယနေ့အထိ စောင့်ဆိုင်းနေရပါသဖြင့် ဤကြေညာပါနေ့မှ (၁၅)ရက်နောက်ဆုံးထားရှိ၍ ဦးစိုးမိုးထံ မပျက်မကွက် ဆက်သွယ်လျက် ယာဉ်ကို ကျသင့်လခများပါ ပေးချေကာ ပြန်လည်အပ်နှံပါရန်နှင့် ပျက်ကွက်ပါက တရားဥပဒေများအရ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သဘောရိုးနှင့် အသိပေးကြေညာအပ်ပါသည်။

**ဦးစိုးမိုး(လွှဲအပ်သူ)** **လွှဲအပ်ချက်အရ-**

| | |
|---|---|
| **ဦးမြသိန်း(ပုဇွန်တောင်)** | **ဒေါ်စန္ဒာဝင်း(ရွှေပြည်သာ)** |
| **(ဥပဒေဘွဲ့ရ)** | **(LL.B,DBL)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဥ်-၆၅၁၇)** | **(စဥ်-၁၁၄၅၃)** |

**(ရုံး)အမှတ်-၁၅၅(ပထမထပ်)၊ (၄၆)လမ်း(အထက်)၊ (၁၀)ရပ်ကွက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၃၁၀၇၀၂၈၊ ၀၉-၄၂၅၀၁၈၀၀၀၊ ၀၉-၄၅၅၁၆၈၄၁၅**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၂)၊ ယုဇနလမ်း၊ အမှတ်(၂၄၆/ခ)၊ ဦးကျော်ကျော် အမည်ပေါက် ပါမစ်မူရင်းပါမြေအကျယ် ပေ(၂၀x၆၀)ရှိ မြေကွက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးမင်းဇော်[၁၂/သဃက(နိုင်)၀၇၀၁၃၆]နှင့် ဒေါ်ခင်လှမူ[၁၂/ရကန(နိုင်)၀၃၁၇၁၁]တို့မှ ဝယ်ယူပိုင်ဆိုင်ပြီး၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ဒေါ်တင်နွဲ့[၁၂/ဥကတ(နိုင်)၁၅၈၁၉၃]မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| **ညွှန်ကြားသူ-** | **ညွှန်ကြားချက်အရ-** |
| **ဒေါ်တင်နွဲ့** | **ဒေါ်ဝေဝေခိုင်(ခ) ဒေါ်မြမြဌေး (H.G.P,LL.B)** |
| | **တရားလွှတ်တော်ရှေ့နေ(စဥ်-၆၆၀၅)၊ (၂၀-၇-၁၉၉၈)** |
| | **ရုံး- (ဃ/ ၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊** |
| | **မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၅၄၀၇၂၂၉** |

## "ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၆)၊ မြေကွက်အမှတ်(၆၅၀)၊ (အလျားပေ ၄၀ xအနံပေ ၆၀)အကျယ်ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၆)ရပ်ကွက်၊ တကောင်းလမ်း၊ အမှတ်(၆၅၀)ဟုခေါ်တွင်သော မြေကွက်အား ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သင်းသင်းအေး[၁၂/ဒဂရ(နိုင်)၀၂၆၂၂၇]မှ အဆက်စပ်စာချုပ်စာတမ်းများဖြင့် ဝယ်ယူပိုင်ဆိုင်လက်ရောက်ရရှိထားကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်တော်ဦးသိန်းဆွေ [၁၂/အစန(နိုင်)၁၁၂၁၀၀]မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဤပါမစ်မြေကွက်အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်တော် ဦးသိန်းဆွေ [၁၂/အစန(နိုင်)၁၁၂၁၀၀]ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးသိန်းဆွေ[၁၂/အစန(နိုင်)၁၁၂၁၀၀]**
**ဖုန်း-၀၉-၄၂၀၆၀၄၆၁၀၊ ၀၉- ၄၂၃၅၅၄၄၆**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## မိခင်အမည်မှန်

ဒိုက်ဦးမြို့၊ အထက(ဖျက်ကြီး) တက္ကသိုလ်ဝင်တန်းမှ မခင်ပို့ပို့ဝင်း၏ မိခင်အမည်မှန်မှာ ဒေါ်ခင်မာအေး[၇/ဒဥန(နိုင်)၁၉၅၈၂၂]ဖြစ်ပါကြောင်း။

**ဒေါ်ခင်မာအေး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကရင်ပြည်နယ်၊ လှိုင်းဘွဲမြို့နယ်၊ ပိုင်ကျုံမြို့၊ အထက(ခွဲ) အထက်ပိုင်ကျုံ ကျောင်း Grade-11မှ နန်းဝါဝါဝင်းရွှေ၏ဖခင် ဦးလိုင်းနား(ခ)ဦးအောင်မြတ်တင် [၃/လဘန(နိုင်)၀၅၄၁၈၃]မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ကျိုက္ကဆံအနောက်ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ (ဇာလီတောင်)အိမ်ရာ၊ တိုက်အမှတ်(၂)၊ အခန်းအမှတ်(၃)ဟုခေါ်တွင်သည့် တစ်ထပ်လျှင် အကျယ်အဝန်း ပေ(၂၀x၃၀)ရှိ (၃)ထပ် အဆောက်အအုံ (Shophouse)နှင့် ယင်းအဆောက်အအုံနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင် အမည်ပေါက် ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသူ ဦးမောင်ကြိုင် (ခ) ဦးကြိုင်[၁၂/ကမတ(နိုင်)၀၄၅၃၁၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာစာ ထုတ်သည့်နေ့မှစ၍ (၁၀)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ ဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးအောင်ကျော်ထွန်း LL.B,LL.M** | **ဦးကောင်းထက်အောင် LL.B** |
| **တရားလွှတ်တော်ရှေ့နေ (စဥ်-၁၁၁၆၃)** | **တရားလွှတ်တော်ရှေ့နေ(စဥ်-၁၆၉၀၁)** |
| **ဒေါ်အေးမမစိုး LL.B** | **ဦးကျော်ကိုကိုလွင် LL.B** |
| **အထက်တန်းရှေ့နေ(စဥ်-၄၇၆၀၆)** | **အထက်တန်းရှေ့နေ(စဥ်-၅၂၃၆၈)** |

**AUNG HTOO CHUN LAW FIRM တိုက်အမှတ်(၁၅၇/၁၆၉)၊ အခန်းအမှတ်- B-2**
**ပထမထပ်၊ ၃၆ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၀၈၁၈၅၅၉၉**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေကွက်အမှတ် (ဒ-၃၂၁၆၉)၊ အကျယ် (၈၀ × ၈၀) စတုရန်းပေ၊ ဧရိယာ (၀. ၁၄၆) ဧကရှိ ဒုတိယဗိုလ်မှူးကြီး သန်းနိုင် အမည်ပေါက်သည့် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထား၍ လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးစိုင်းယဉ်မောင် (၁၃/မကန (နိုင်) ၀၀၀၀၉၅) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရာ ရောင်းဘိုးစရံငွေအချို့ကို ပေးချေထားပြီးဖြစ်၍ ဆိုင်ရေး ဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စ ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်လုပ်ဆောင်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

"လွှဲအပ်ချက်အရ" **"တရားလွှတ်တော်ရှေ့နေများ"**

| | |
|---|---|
| **ဦးအောင်နိုင်ထူး စဉ် (၁၃၅၇၅)** | **ဦးကျော်စွာမြင့် စဉ် (၁၃၂ ၈၂)** |
| ***LL.B., WIPO (Switzerland)*** | ***(LL.B., D.B.L, D.I.L)*** |

**Good Friend Consultant Law Firm**
အမှတ် (၈၃)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်။ **Ph : 01-385205, 09-420088970**
**Email : goodfriend.consultantlawfirm@gmail.com**

## ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၂)လမ်း၊ တိုက်အမှတ်(၁၃)၊ ပထမထပ်တွင် နေထိုင်သော ဦးမင်းညိုထင် (ဘ)ဦးခိုင်ဦး[၁၂/လမန(နိုင်)၁၀၁၅၂၁]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ZABU THAPYAY

ကျွန်ုပ်၏မိတ်ဆွေ ဦးမင်းညိုထင်သည် "ZABU THAPYAY" ကုန်အမှတ်တံဆိပ်အမှတ်အသားဖြင့် ရုပ်နှင့်စိတ်ကို မွေးကြိုင်လန်းဆန်းသပာဗာတဖြစ်စေသော နံ့သာအခြေပြုထုတ်ကုန်တို့တွင် အသုံးပြုလျက်ရှိပြီး ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ကုန်အမှတ်တံဆိပ်မှတ်ပုံတင်အမှတ်-၄၁၉၅/၂၀၂၁(၁၆-၁၁-၂၀၂၁)ဖြင့် မှတ်ပုံတင်သွင်းထားပြီးဖြစ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေသည် ဖော်ပြပါကုန်အမှတ်တံဆိပ်အမှတ်အသားကို အသုံးပြု၍ လှပကျော့ရှင်း နုပျိုကျန်းမာ ပြည့်စုံပွင့်လန်းခြင်းဖြစ်စေသော နံ့သာအခြေပြုကုန်ပစ္စည်းများ၊ ကျန်းမာလှပစေသော အလှအပနှင့်စပ်ဆိုင်သော အလှကုန်ပစ္စည်းများကို ထုတ်လုပ်လျက် မြန်မာပြည်တစ်ဝန်းလုံးကို ဖြန့်ချိရောင်းချလျက်ရှိပါသည်။


ထိုသို့ ထုတ်လုပ်ဖြန့်ချိရောင်းချရာ၌ အထက်ပါကုန်ပစ္စည်းများ၏ ထုပ်ပိုးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများပေါ်တွင်လည်းကောင်း၊ အထက်ပါကုန်အမှတ်တံဆိပ်ကို အရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးတို့ဖြင့် အသားတံဆိပ်နှိပ်၍ဖြစ်စေ၊ အသင့်ပြုလုပ်ပြီး တံဆိပ်ကပ်နှိပ်၍ဖြစ်စေ၊ အခြားသော ထင်ရှားစေမည့် နည်းလမ်းတစ်မျိုးမျိုးဖြင့် ဖော်ပြ၍ဖြစ်စေ အသုံးပြုနေပါသည်။

၎င်းအပြင်လုပ်ငန်းနှင့်သက်ဆိုင်သော ဆိုင်းဘုတ်နှင့်မီဒီယာကြော်ငြာ အမျိုးမျိုးတို့၌လည်းကောင်း၊ စာရွက်စာတမ်းများ၊ ဘလောက်တုံး၊ တံဆိပ်တုံးများ၊ လက်ကမ်းကြော်ငြာများ၊ ရုပ်သံမဂ္ဂဇင်း၊ ဂျာနယ်၊ ငွေရပြေစာဖြတ်ပိုင်း၊ အင်တာနက်၊ Website အစရှိသည်တို့ပေါ်တွင်လည်း အဆိုပါကုန်အမှတ်တံဆိပ်အမှတ်သားကိုပင် တစ်နည်းနည်းဖြင့် ဖော်ပြ၍ အသုံးပြုနေပါသည်။

သို့ဖြစ်ပါ၍ "ZABU THAPYAY" ကုန်အမှတ်တံဆိပ်အမှတ်အသားကို မိမိတစ်ဦးတည်းကမှသာလျှင် ပိုင်ရှင်အဖြစ် သုံးစွဲသွားမည်ဖြစ်ပြီး မိမိမှလွဲ၍ အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ ငှားရမ်းသုံးစွဲခွင့်ပြုထားခြင်း လုံးဝမရှိပါ။ အကယ်၍ ဖော်ပြပါ "ZABU THAPYAY" ကုန်အမှတ်တံဆိပ်အမှတ်အသားကို ဦးမင်းညိုထင်၏ တရားဝင်ခွင့်ပြုချက်မရရှိဘဲ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း တုပပြုလုပ်ထားခြင်းမျိုးတွေ့ရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးချစ်ကိုကို(ရွှေစာရေး)**
**LL.B,WIPO-101(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၅၈၉၄)**
**အမှတ်(၁၆၂)၊ (၆)လွှာ/အေ၊ လမ်း(၃၀)၊ (၇)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဆက်သွယ်ရန်ဖုန်း-၀၉-၄၂၁၀၂၁၆၃၇၊ ၀၉-၄၅၀၁၇၀၀၀၁**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | **ကျောက်စာရုံစေတီ** | ၂၇၉ | ၇၂၉ ဆူ | ၁၅၀ ဆူ | ၅၇၉ ဆူ |
| ၂။ | ဓမ္မာရုံ(၂၁၃× ၉၀ × ၄၆)ပေ | ၈၇၃၀. ၂၀ | ၁ လုံး | ၁၀၀၀ သိန်း | ၇၇၃၀. ၂၀ သိန်း |
| ၃။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၀ | ၁ ခု | - | ၁ ခု |
| ၄။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၅။ | High Mast မီးတိုင် (၂၀ မီတာ(၁)တိုင်) | ၄၉၄ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၆။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၇။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၀ | ၄၅၅ ခန်း | ၁၉ ခန်း | ၄၃၆ ခန်း |
| ၈။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၁၈ တိုင် | ၃၂ တိုင် |
| ၉။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၄၅ တိုင် | ၁၃၅ တိုင် |
| ၁၀။ | မဟာရံတံတိုင်း စိန်တောင် စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၆၇ ခု | ၅၈၅ ခု |
| ၁၁။ | စကျင်ကျောက်ပြားတစ်ကျင်း | ၄. ၇ | ၂၁၁၉. ၅၃ ကျင်း | ၁၅ ကျင်း | ၂၁၀၄. ၅၃ ကျင်း |
| ၁၂။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှုနှင့် Expansion Joint) | ၄. ၁ | ၂၁၈. ၁၄ ကျင်း | ၁၁ ကျင်း | ၂၀၇. ၁၄ ကျင်း |
| ၁၃။ | ကွန်ကရစ် ၈ လက်မထု ခင်းကျင်း | ၃. ၆ | ၅၉၁၀. ၆၆ ကျင်း | ၁၁ ကျင်း | ၅၈၉၉. ၆၆ ကျင်း |
| ၁၄။ | ကြွေပြား ၁ ကျင်း | ၂ | ၁၇၃၆. ၀၈ ကျင်း | ၅၅ ကျင်း | ၁၆၈၁. ၀၈ ကျင်း |
| ၁၅။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၇၃ တိုင် | ၁၇ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၁၆။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (င) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| ၁၇။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၈။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၂၅၅၈၂၅၂၁၆

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**
(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မဂ္ဂါဝပ် ၃၀ သပြေဝ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်း ဖွင့်ပွဲကျင်းပ

## တစ်ရက်လျှင် လျှပ်စစ်ယူနစ် ကီလိုဝပ်နာရီနှစ်သိန်းကျော်ခန့်၊ တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အားကီလိုဝပ် နာရီသန်းပေါင်း ၇၀ ဒသမ ၅၉၉ ထုတ်လုပ်ပေးနိုင်မည်


**နေပြည်တော် ဒီဇင်ဘာ ၅**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက အကောင်အထည်ဖော် တည်ဆောက်ပြီးစီးခဲ့သည့် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ မဂ္ဂါဝပ် ၃၀ သပြေဝ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေး စက်ရုံစီမံကိန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မန္တလေးတိုင်း ဒေသကြီးသာစည်မြို့နယ်သပြေဝကျေးရွာ အနီးရှိ အဆိုပါဓာတ်အားပေးစက်ရုံ စီမံကိန်း၌ ကျင်းပသည်။

**တက်ရောက်**

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦး၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ ဌာနဆိုင်ရာအကြီးအကဲများ၊

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❐





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး သပြေဝ နေရောင်ခြည်စွမ်းအင်သုံးဓာတ်အားပေးစက်ရုံ ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

## စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၃) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနား တိုက်ရိုက် (Live) ထုတ်လွှင့်မည်

**နေပြည်တော် ဒီဇင်ဘာ ၅**

စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၃) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနား ကျင်းပမှုကို ဒီဇင်ဘာ ၇ ရက် နံနက် ၇ နာရီခွဲမှစတင်၍ မြန်မာ့ရုပ်မြင်သံကြား (MRTV-HD)၊ MWD Channel၊ MWD Variety Channel၊ MITV၊ MOI Website၊ MOI Youtube၊ MRTV Website နှင့် မြန်မာ့အသံ ရေဒီယိုတို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်သွားမည်ဖြစ်သည်။ သတင်းစဉ်


# ယခုဘောလုံးရာသီအတွင်း ပရီမီယာလိဂ်အမှတ်ပေးဇယားထိပ်သို့ ပထမဆုံးအကြိမ်အဖြစ် မန်စီးတီးအသင်း တက်လှမ်းခွင့်ရရှိခဲ့

ပရီမီယာလိဂ်ပွဲစဉ်(၁၅)ရဲ့ ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ဝက်ဖို့ဒ်အသင်းနဲ့ မန်စီးတီးအသင်းတို့ရဲ့ ပွဲစဉ်မှာ မန်စီးတီးအသင်းက ဝက်ဖို့ဒ်အသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် ၂၀၂၁-၂၀၂၂ ဘောလုံးရာသီရဲ့ ပရီမီယာလိဂ် ပြိုင်ပွဲအမှတ်ပေးဇယား ထိပ်ဆုံးနေရာကို ပထမဆုံးအကြိမ် တက်လှမ်းခွင့်ရရှိခဲ့ပြီ ဖြစ်ပါတယ်။

**ဦးဆောင်ဂိုး စတင်ရရှိ**

အဲဒီပွဲစဉ်မှာ ဧည့်သည်အဖြစ် လာရောက်ကစားခဲ့တဲ့ မန်စီးတီးအသင်းဟာ ပထမပိုင်း ပွဲကစားချိန် ၄ မိနစ်မှာ တောင်ပံကစားသမား စတာလင်ရဲ့ ခေါင်းတိုက်သွင်းဂိုးနဲ့ ဦးဆောင်ဂိုး စတင်ရရှိခဲ့ပြီး

စာမျက်နှာ ၂၅ ကော်လံ ၁ သို့ ❖



**ယနေ့** ဖတ်စရာ



ရသစုံလင် ပြုံးပျော်ရွှင်

စာမျက်နှာ » ၂၀၊ ၂၁

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၈၅ ဦး တွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၁ ဒသမ ၈၃ ရာခိုင်နှုန်းရှိ

စာမျက်နှာ » ၂၂

## ခြိမ်းခြောက်လာသည့် ပင့်ဇီဝဆေးယဉ်ပါးမှု အန္တရာယ် ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းသတိပြုကာကွယ်

စာမျက်နှာ » ၂၃